www.burmeseclassic.com



BURMESE CLASSIC

# ဂျူး

လုံးချင်းဝတ္ထုသစ်

# အချစ်စစ်ကိုသာ သက်သေပြပါ

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်သည်။

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

**အကြိမ်**
ပထမအကြိမ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ်-၁၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

**ပုံနှိပ်သူ**
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

**ပုံနှိပ်ခြင်း**
၂၀၁၂ ခုနှစ် ၊ ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

ခူးခူး ၈၉၅.၃
( အချစ်စစ်ကိုသာသက်သေပြုပါ၏ ) / ခူးခူး ။ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
၁၆၀-စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။
(၁) အချစ်စစ်ကိုသာသက်သေပြုပါ၏

www.burmeseclassic.com

www.burmeseclassic.com

ခေတ်သစ်လူသားတွေက
အာဒံမှာသာ ဧဝနဲ့အတူ နောက်တစ်ယောက်ရှိနေရင်
ဧဝကိုချစ်နိုင်ပါ့မလားတဲ့။
အာဒံ ဘယ်လိုပြန်ဖြေလိမ့်မယ်လို့ အသင်ထင်ပါသလဲ?



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မုန်းပါ၏။ အလွန့်အလွန်ကို မုန်းပါ၏။

နှိုင်းရမေမေ။ နာမည်ကိုက အထက်စီးဆန်လွန်း၏။ သူ့ထက် လေးလမျှပင် အသက်ကြီးသော်လည်း သူမကို မေမေဟုခေါ်ရပါသည်။ ခေါ်ရသည့်နာမ်စားကိုပင် သူ သေလောက်အောင်ကိုမုန်းပါ၏။

သူ့နာမည်က သားကိုကို။ သူမ၏ Secretary။

Secretary ဆိုသောရာထူးကို လုပ်ကိုင်နေကြသူအများစုက မိန်းကလေးများပင်။ ထို့ကြောင့် Secretary လုပ်ရသည်ကို သူ လွန်စွာမုန်းပါ၏။ သူလုပ်ချင်သည်က Manager ။

သို့သော် လက်ရှိတော့ သူမ၏ Secretary လုပ်ရသည်မှာ သုံးနှစ်ပင်ပြည့်တော့မည်။

"သားရယ် မင်းကလူတော်ပါ။ တစ်ချိန်ချိန်တော့ မင်းဖြစ်ချင်တဲ့ Manager ရာထူးကို ရနိုင်ပါတယ်"

ဆရာကြီးလေသံနှင့် ပြောတတ်သူက နှိုင်းရမေမေ။ သူ့ကို သူမက သားတဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ငါက မင်းထက်အသက်ကြီးတော့ ငါ့ကို မေမေလို့ခေါ်ပေါ့။ ငါကတော့ မင်းနာမည်အပြည့်အစုံခေါ်ရတာ အာညောင်းလို့ သားလို့ပဲ ခေါ်မယ်။ သေချာတာကတော့ ငါ့ကို ရိုရိုသေသေဆက်ဆံတာပဲ ငါကြိုက်တယ်"

နေရာတကာ ဆရာကြီးဂိုက်နှင့်။

နှိုင်းရမေမေလုပ်နေတဲ့ Company MDက ဦးမိုးမြင့်။ နှိုင်းရမေမေ့ရဲ့ ဖခင်အရင်းခေါက်ခေါက်။

ဖခင်အရှိန်ကြောင့် Admain Manager ရာထူးကိုရထားသော သင်းက နေရာတကာ ဆရာလုပ်တတ်၏။ မသိလျှင် သူမကြိုးစားမှုကြောင့် ရာထူးရထားသည့်ဟန်။

"အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့။ ဒီတော့ မေမေခိုင်းသမျှကို သားက မညည်းမညူလုပ်ပေးပေါ့"

ထိုကဲ့သို့ စကားအကောင်းစားကြီးကိုပြောပြီး သူ့ကို အလုပ်ကိစ္စများ အပြင် ကော်ဖီဖျော်ခိုင်းခြင်း၊ အချဉ်ထုတ်ဝယ်ခိုင်းခြင်းများပါ ခိုင်းတတ်ပြန်၏။

"တကယ်တော့ မင်းရဲ့အရည်အချင်းကို မေမေက သတိထားပြီး ကြည့်နေတာ။ မင်းအရည်အချင်းပြည့်တာနဲ့ Manager ရာထူး တိုးပေးဖို့ မေမေ့ဖက်က အဆင်သင့်ပဲ"

ဟူသော ချိန်းခြောက်သည့်စကားလုံးကြောင့် သူမခိုင်းသမျှကို သူ သည်းခံပြီးလုပ်ပေးနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့မိဘများက ပုသိမ်တွင်နေ၏။ ဘိုးဘွားပိုင် ငါးမွေးမြူခြင်း၊ မြေ စိုက်ခြင်းများကို လုပ်ကိုင်ကြပါသည်။ သူကတော့ ထိုသို့လုပ်သည်ကို ဘဝင်မကျ။ မြို့နေလူတန်းစားထဲတွင် အသက်ရှင်ချင်၏။ ထို့ကြောင့် ပညာစုံသည်နှင့် ရန်ကုန်မြို့သို့တက်လာပြီး မိုးမြင့်ကုမ္ပဏီတွင် အလုပ် ဝင်ခဲ့ခြင်းဖြစ်ပါသည်။

အလုပ်လျှောက်သည့်ရာထူးက Assistant Manager။ ရလာသည်က နှိုင်းရမေမေရဲ့ Secretary။ မှန်းချက်နှင့်နှမ်းထွက် လွဲခဲ့ရပါ၏။

အလုပ်ကြိုးစားသော သူသည် များမကြာမီမှာပင် Managerရာထူးကို ရနိုင်ကောင်းပါသည်ဟူသော အတွေးဖြင့် ကြိုးစားကာ လုပ်ကိုင်ခဲ့သော်လည်း သူမက နည်းနည်းလေးမျှ သူ့ကို မျက်နှာသာမပေးခဲ့။

ယခုလည်း သူအလွန်မုန်းသောသူမနှင့် ချောင်းသာသို့ ခရီးထွက်ခဲ့ရပြန်သည်။

သူမ၏အကြောင်းပြချက်က ချောင်းသာတွင် ဟိုတယ်သစ်တစ်လုံး တည်ဆောက်ရန်ဖြစ်ပါသည်။

သူမဘာသာ ခရီးထွက်မည့်အစီအစဉ်ထဲ သူ ကန့်လန့်ကန့်လန့်ဖြင့် ပါလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လုပ်နေကြအတိုင်း သူမအတွက် Expressကားလက်မှတ် ဖြတ်ပေးရပါတော့သည်။ သူမသည် အသက်ကဖြင့် သူ့ထက် လေးလမျှ သာကြီးသော်လည်း သူ့ကို နေရာတကာ ဆရာလုပ်ချင်သည့်စိတ်က များနေ၏။

သူနှင့်သူမ ပြဿနာက အဝေးပြေးကားဂိတ်မှာ စတင်ဖြစ်လေသည်။

"သားရေ . . . ဒီမှာ မင်းဖြတ်ထားတဲ့ခုံနံပါတ်က ၈–လား?၊ ၆–လား?"

လူကြားသူကြား ခရီးသည်များ ကားပေါ်ကိုယ်စီကိုယ်င တက်နေကြချိန်တွင် သင်းက သူ့ကို ဆရာကြီးလေသံနှင့် မေးလေ၏။ သူမအသက်အရွယ်နှင့် သူ့ကို 'သား'ဟုခေါ်လိုက်မှုကြောင့် ကားထဲရှိလူများသာမက ကားပေါ်တက်ရန်ပြင်နေသည့် လူများပါမကျန် သူနှင့်သူမကို စူးစမ်းလိုသောအကြည့်များနှင့် လှည့်ကြည့်ကြလေတော့သည်။ ဒရိုင်ဘာနှင့် စပယ်ယာပါ ကြည့်ပါသေး၏။

သူ ရှက်လွန်း၍ မျက်နှာပူနေသော်လည်း သူမကတော့ ဆရာကြီးဟန်မပျက်။ မျက်နှာထားခပ်မာမာနှင့်။

"ဖြေလေကွယ်"

သူမကိုကြည့်ရင်း သူ မုန်းလွန်း၍ အော့အန်ချစ်စိတ်ပင် ပေါက်မိပါသည်။

သူကလည်းသူပင်။ ဖြတ်ထားသော ကားလက်မှတ်များအိမ်တွင် ကျန်ခဲ့၏။ သို့သော် သူနှင့်ကားဂိတ်မှာ ရင်းနှီးနေသောကြောင့် အခက်အခဲမရှိ။ သူမ ပြဿနာမရှာရလေအောင် သူမကို သူကိုယ်တိုင်လက်ရေးနှင့် ခုံနံပါတ်ရေးပေးထားသော်လည်း အပြစ်ကမလွတ်မသေး။

"အဲ့ဒါ ၈–မဟုတ်ပါဘူး။ ၆–ကိုရေးထားတာပါ"

"ဒါဆို ဘာဖြစ်လို့ ၈–နဲ့တူနေရတာလဲ"

နံပါတ်ရေးထားသောစာရွက်ကိုကြည့်ရင်း ခပ်တည်တည်နှင့်မေးလိုက်သော သူမကို သူ မည်သို့ပြန်ဖြေရပါတော့မည်နည်း။ ဖြစ်သမျှဒေါသကိုမျိုသိပ်ကာ သူ့အကျင့်အတိုင်း ဟန်ဆောင်ပြုံး ပြုံးဖြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"လာပါ မေမေရယ်။ ထိုင်ခုံနံပါတ်က ဖ–ပါ။ ဒီတော့ အဲ့ဒီထိုင်ခုံမှာပဲ ထိုင်လိုက်ပါတော့နော်"

ဟုပြောလိုက်ပြီး သူမကို ထိုင်ခုံနေရာ ပြလိုက်ရပါတော့သည်။

"သား . . . မင်းက ငါ့ Assistantဆိုတော့ ငါနဲ့ ဘေးချင်းကပ် မထိုင်ရဘူးနော်"

မောက်မာလိုက်သည်ကလည်း သူမအပြင် နောက်တစ်ယောက်မရှိ။ မန်နေဂျာဖြစ်ချင်သည့် စိတ်တစ်ခုတည်းနှင့် သူ သည်းခံပြီးဆက်ဆံနေရ၏။

"စိတ်ချပါ။ ကျွန်တော် ဟိုဖက်တန်းကခုံမှာ ထိုင်မှာပါ"

"အေးအေး . . . ဒါဆိုလည်း အဆင်ပြေပါတယ်"

ပြောပြီး သူမ ထိုင်ခုံတွင်ဝင်ထိုင်သည်။ သူမနှင့်သူ့ပွဲကို ကားပေါ်ရှိ ခရီးသည်များ စိတ်ပါဝင်စားစွာ ကြည့်နေကြ၏။

"ဟာ . . . ထိုင်ခုံက ညစ်ပတ်လိုက်တာ။ သားရေ Tissueနှင့် သုတ်ပါဦးကွယ်"

ထိုင်ပြီး ခဏပင်မရှိသေး။ သူမ ပညာပြပြန်၏။ သူ ရှက်လည်းရှက်၊ ဒေါလည်းကန်။ သို့သော် သူမက သူ့မန်နေဂျာ။ သည်းခံပြီး သူမကိုပြုံးပြရင်း ဘောင်းဘီအနောက် အိတ်ကပ်ထဲတွင်ပါသည့် Tissue ဖြင့် သုတ်ပေးလိုက်ရပါသည်။

"ရပါပြီ။ ထိုင်ပါတော့နော်"

ပြောပြီး သူ နေရာတကျ ပြန်သွားရုံရှိသေး။ သူမက . . .

"ကားက ထွက်ဖို့လိုသေးလားမသိဘူး။ မေမေ ကော်ဖီပူပူလေး သောက်ချင်လိုက်တာကွယ်။ သွားဝယ်ပေးစမ်းပါ"

ခိုင်းတာကိုက အပေါ်ဆီးက။ သို့သော် သူက သူမ Assistant ပင်။ လုပ်ပေးရဦးမည်။

"ဟုတ်ကဲ့၊ ဝယ်ပေးလို့တော့ ရပါတယ်။ ဒါပေမဲ့ ကားပေါ်မှာ ကော်ဖီ ပူပူကြီးသောက်မယ်ဆိုတော့ ဘယ်အဆင်ပြေပါ့မလဲ?။ ကော်ကြာ ဖိတ်ကျနေရင် ခက်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ အကျိုးသင့်အကြောင်းသင့်ရှင်းပြတော့ သူမက စိတ်ပျက်စွာ သက်ပြင်းချ၏။

"အင်း . . . ထားပါတော့။ အဲ့ဒါကြောင့် လူတွေပြောတာ။ ဆင်ခြေပေးတဲ့ပါးစပ် ထမင်းမဝဘူးတဲ့။ ထားလိုက်ပါတော့။ ချောင်းသာရောက်မှပဲ သောက်တော့မယ်"

သူ အတော်ပင် သည်းခံနေရပါသည်။ သူကလည်း ရန်ကုန်တွင် အလုပ်လုပ်ရရေးကိုသာ စိတ်ဝင်စားနေသောကြောင့် သူမလုပ်သမျှကို သည်းခံနေရပါတော့သည်။ သူ တစ်ဖက်ခုံတန်းမှနေရာတွင် ထိုင်လိုက်သည်နှင့် ဘေးကဦးလေးကြီးက စပ်စုသည့်အကြည့်နှင့် သူ့ကိုကြည့်၏။

သူမ ပြဿနာရှာမှုကြောင့် သူက ညစ်ညစ်နှင့် ထိုလူကြီးကို မဆီမဆိုင် ဘုကြည့်ကြည့်ပစ်လိုက်မိသည်။

"ဘာကြည့်တာလဲ"

"ငါ့တူနဲ့သူနဲ့က ဘာတော်လဲလို့"

"ဘာမှမတော်ဘူး။ သူက ကျွန်တော့်မန်နေဂျာ။ ကျွန်တော်က သူ့ Assiatant"

"ဒါဆို မင်းက Secretaryပေါ့"

သူ့ကို Secretaryဟူသော ခေါင်းစဉ်တပ်သည်ကို သူ အသေမုန်း၏။ ထို့ကြောင့် သူ့ထွက်လက်စဒေါသ ပိုကြီးသွားရပါ၏။

"ခင်ဗျား စကားပြောတာ သတိထားပြောနော်။ ကျွန်တော်ပြောပြီးပြီမဟုတ်လား Assistantပါလို့ Secretaryမဟုတ်ဘူး။ နောက်ပြီး ကျွန်တော် ယောကျ်ားကြီးတန်မဲ့ Secretaryမလုပ်ဘူး"

"အေးပါကွာ . . . အေးပါ၊ မင်းကလည်း ဒေါချည်းပဲ"

သူ စိတ်ပျက်ပျက်နှင့် တစ်ဖက်သို့လှည့်နေလိုက်ပါသည်။

"ဒါနဲ့ သူက မင်းထက် ဘယ်လောက်တောင်အသက်ကြီးလို့ သူ့ကို မေမေလို့ခေါ်ရတာတုံး"

ခဏကြာသော် ထိုလူကြီး စကား,စလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"သူ့နာမည်က နှိုင်းရမေမေလေ။ အဲ့ဒါကြောင့် သူက မေမေလို့ခေါ် ခိုင်းလို့ ခေါ်ရတာ"

"မင်းကလည်း သူခိုင်းတိုင်းခေါ်စရာလား"

"ပြောပြီးပြီလေဗျာ။ ကျွန်တော်က သူ့ Assistantပါလို့"

သူ စိတ်မရှည်စွာပြောလိုက်သော် ထိုလူကြီး ခေါင်းတညိတ်ညိတ် လုပ်ပြန်၏။

"အော် . . . အေးအေး။ ငါမေ့လို့ပါကွာ Sorry"

ထိုအချိန်တွင် လိုင်းကားကြီး စ,တင်ထွက်လေတော့သည်။ သူ သူမ ကိုလှမ်းကြည့်လိုက်တော့ ဘသားချောမက မျက်နှာပေါ်သို့ Snow Towel တင်ပြီး နှပ်နေပေတော့သည်။

"ဒါပေမဲ့ ငါ့တူ၊ သူကရော မင်းကို ဘာဖြစ်လို့ သား . . . သားလို့ ခေါ်ရတာတုန်း"

သူ အိပ်ဖို့ပြင်ရုံရှိသေး ဘေးကလူကြီးက သူ့အား စကားလာများ နေ၏။ သူ့ထက်အသက်ကြီးသူဖြစ်နေသောကြောင့် သူ အောင့်သက်သက် နှင့်ပင် ပြန်ဖြေရပါတော့သည်။

"ကျွန်တော့်နာမည်က သားကိုကိုလေ။ အဲ့ဒါကြောင့် သူက သားလို့ ခေါ်တာ"

ဖြေသာဖြေရ၏။ သူ သိပ်စိတ်မရှည်ချင်။

"မင်းနာမည်မှာ ကိုကိုပါနေသားပဲ။ ကိုကိုလို့ခေါ်လို့ရပါတယ်။ အခု တော့ သား . . . သားနဲ့။ ဘာလဲ? မင်းက သူ့ထက်ငယ်နေလို့လား"

"ကျွန်တော် သူ့ထက် လေးလပဲငယ်ပါတယ်ဗျာ။ ဘုရားစူး"

သူ စိတ်ပျက်ပျက်နှင့် ထိုလူကြီးကို ရင်ဖွင့်မိနေပါတော့သည်။

"အသက်ကဖြင့် သိပ်မကွာဘဲနဲ့။ သား . . . သားလို့ခေါ်တာ နားထောင်ရဆိုးလိုက်တာကွာ"

"ဟုတ်ပါ့ဗျာ။ အမြင်ကိုကပ်တယ်။ ကျွန်တော့်ကို လူသတ်ခွင့်ပေး လို့ကတော့ အဲ့ဒီစုန်းကဝေပေါက်စမကို အရင်ဦးဆုံး ကုပ်ချိုးသတ် ပြမယ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com

သူ မကျေမနပ်နှင့်ကြုံးဝါးတော့ လူကြီးကပြုံး၏။

“ဒါနဲ့ မင်းက ဒီလောက်မုန်းတဲ့လူနဲ့ ဘာဖြစ်လို့ တစ်ခရီးတည်း အတူထွက်တာလဲ?”

“မထွက်ချင်ပါဘူးဗျာ။ ဒါပေမဲ့ သင်းက ချောင်းသာမှာ ဟိုတယ်အသစ်ဆောက်ဖို့ မြေနေရာသွားကြည့်မယ်ပြောပြီး ကျွန်တော့်ကိုပါ ချောဆွဲလာတာ”

သူ ပြောလည်းပြော၊ သူမကိုလည်း မျက်စောင်းလှမ်းထိုးလိုက်မိပါသည်။

“သူ့ကို မေမေလို့တစ်ခါခေါ်ရတိုင်း ကိုယ့်ပါးစပ်ကိုယ်လက်ညှိုးထိုးပြီး အော့အန်ချင်တာ”

“မင်းကလည်းကွာ ဒါဆို အမေတာဝန်ကျေအောင်လုပ်လို့ပြောပြီး သူ့ရင်ဘတ်ကို စိုက်ကြည့်လိုက်ပေါ့ကွ”

သူ့စကားများကြောင့် လူကြီးကပါ သူမကိုမုန်းပြီး ညစ်စကားပြော၏။

“မလုပ်ပါနဲ့ဗျာ။ ဒီအတိုင်းတောင် လူကို ကျွန်ခေတ်က မြေပိုင်ရှင်တွေလို ခိုင်းနေရတဲ့အထဲ။ အန်ကယ်ပြောသလိုသာ လုပ်လိုက်လို့ကတော့ ဘယ်လောက်များတောင် ဖွေ့ဖွေ့ခုန်နေမလဲမသိဘူး”

“ဟား . . . ဟား . . . ဟား . . . ဒါဆို မင်းက အောင့်ခါနမ်းကြီးပေါ့ကွ။ ဟုတ်လား?”

မေးချင်တိုင်းမေးပြီး ထိုလူကြီးချလိုက်သည့်ကောက်ချက်ကို သူမလိုလားပါ။ ထို့ကြောင့် ထိုလူကြီးကိုပါ မျက်စောင်းထိုးပြီး သူ ဘစ်ဖက်သို့လှည့်ကာ အိပ်လိုက်ရန် ပြင်ဆင်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ အိပ်ပျော်လိုက်သည်က ဘာမှမကြာ။ ကားကြီး ထိုးရပ်သွား၏။ သူ ထ,ကြည့်လိုက်တော့ လမ်းတစ်ထောက် ရပ်နားခြင်းပင်။ သူမကို သူ လှမ်းကြည့်တော့ သူမ ချွေးဒီးဒီးကျနေ၏။ သူမနှင့် မျက်လုံးစုံသည်နှင့် သူ အလျင်အမြန် မျက်လွှာချလိုက်သော်လည်း နောက်ကျသွား၏။ သူမ လက်ယပ်ပြီး သူ့ကိုလှမ်းခေါ်လေ၏။

"လာစမ်းပါဦးသားရယ်။ ကားက ညစ်ပတ်ရတဲ့အထဲ Air-Con ကပါပျက်နေတော့ တော်တော်နေရခက်တယ်"

ခရီးသည်တချို့ ကားပေါ်မှဆင်းနေလေသည်။

"ဒါဆို ကားအောက်ခဏဆင်းပြီး အအေးဖြစ်ဖြစ် သောက်လိုက်ပါလား"

"မင်းပြောတဲ့ အဲ့ဒီဆိုင်တွေက သန့်ပါ့မလား"

ကြည့်။ အပြောမတတတ် အဆိုမတတ်။ လူတွေက သူမကို မကျေမနပ်ဖြစ်ကာ လှည့်ကြည့်ကြ၏။ သူတစ်ပါးစားသောက်မည့်ဆိုင်ကို သင်းက မသန့်ဘူးဟုပြောစရာလား။ သူက သူမအစား အတော်ပင် မျက်နှာပူနေပေပြီ။

"ဒါဆို ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ရေတစ်ဗူး သွားယူပေးစမ်းပါသားရယ်"



www.burmeseclassic.com

www.burmeseclassic.com

ခြေခါလက်ခါနှင့် သူမ ခိုင်းပြန်၏။ သူမခိုင်းသည့်အတိုင်း သူ ကားပေါ်မှဆင်း၊ ဆိုင်ထဲသို့အပြေးဝင်။ ရေသန့်ဘူးဝယ်၊ ပိုက်တောင်း။ ကားပေါ်သို့ အလျင်အမြန်ပြေးတက်လာပြီး သူမကို ရေဘူးဖောက်ပေးလိုက်ရ၏။ သူမ ရေကို အနည်းငယ်မျှသာလျှင် စုပ်သောက်ပြီး . . .

"ရေကလည်း အေးလိုက်တာလွန်ရော"

တဲ့။ ဘယ်လောက်လုပ်လုပ် မျက်နှာမရသည့်အဖြစ်။

"မေမေ့ကို ယပ်ခပ်ပေးစမ်း သား"

သူ စိတ်ပျက်ပျက်နှင့် အနီးတွင်ရှိနေသော ဂျာနယ်နှင့် သူမကို ယပ်ခပ်ပေးရပြန်၏။ Assistantတစ်ယောက်အနေနှင့် သူမ၏ဝေယျာဝစ္စကို ထိုသို့လုပ်ပေးစရာမလို။ သို့သော် သူမ MDဖြစ်လျှင် သူက မန်နေဂျာရာထူးရမည်ဟူသော မျှော်လင့်ချက်လေးနှင့် သူ သည်းခံနေရပါတော့သည်။

ခဏကြာသော် ကားပေါ်သို့ ခရီးသည်များ ပြန်တက်လာကြ၏။ သူမအေးတွင်ထိုင်မည့်မိန်းမလည်း ရောက်လာပါသည်။

"ဟိုမှာ ထိုင်မယ့်သူလာပြီလေ။ ဒီတော့ ကျွန်တော် ဖယ်လိုက်တော့မယ်နော်"

ပြောသော်လည်း စုန်းကဝေမက ပြန်မဖြေ။ သူ မျက်စောင်းထိုးရင်း ဖယ်ပေးလိုက်၏။ သူမအေးတွင် ဝင်ထိုင်သည့်မိန်းမကလည်း သူမကို မျက်စောင်းထိုးရင်း ပြန်ဝင်ထိုင်ပါသည်။

သူ့နေရာတွင် ပြန်ထိုင်တော့ အေးကလူကြီးက . . .

"မင်းကို မင်းမန်နေဂျာက တော်တော်ကျောင်းတာပဲနော်"

"ဟာ . . . ဦးလေးကလည်း ညစ်နေရတဲ့ကြားထဲ နေရာတကာသိချင်တယ်"

သူ ဘုတောပြီး တစ်ဖက်သို့လှည့်လိုက်ပါတော့သည်။

ကားပေါ်သို့ ဒရိုင်ဘာပြန်တက်ပြီး ခရီးသည်ပြည့်မပြည့်စစ်ကာ ကားမောင်းထွက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် စပယ်ယာလေးသည် ခရီးသည်များနားထောင်ရန် အဆိုတော် စိုင်းထီးဆိုင်၏ 'ပျောက်ဆုံးသွားသော နိဗ္ဗာန်' သီချင်းကိုဖွင့်လိုက်လေ၏။

ထိုသီချင်းသံ ကားထဲသို့ လွင့်ပျံ့ရုံရှိသေး သူမ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပါသည်။ သူမလုပ်ရပ်ကြောင့် အားလုံး လန့်ဖျပ်ကုန်ကြကာ သူမကို လှမ်းကြည့်ကြတော့၏။ ဒရိုင်ဘာကပါ ကြောင်တောင်တောင်နှင့် ကားကြီးကို ဆန့်ငင်ငင်နှင့် ထိုးရပ်မိလိုက်လေသည်။

သူ ရှက်လွန်း၍ မျက်နှာပူကာ ခေါင်းငုံ့နေလိုက်ရပါတော့၏။

"ပိတ်စမ်း။ အဲ့ဒီသီချင်းကို အခုချက်ချင်းပိတ်စမ်း"

ကြောင်တောင်တောင်လုပ်ရပ်ကြောင့် သူမက မရှက်သည့်အပြင် အသံကုန်ဟစ်ကာ ထ,အော်သေး၏။

ထိုအခါတော့ ကားဒရိုင်ဘာကြီး စိတ်ပျက်လက်ပျက်နှင့် သူမကို လှည့်ကြည့်လေသည်။

"ကဲ . . . ခင်ဗျား ဘာဖြစ်ပြန်တာတုံး"

ကားပေါ်စတက်ကတည်းက တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ပြဿနာရှာနေသော သူမကို သူ မဆိုနှင့် ဒရိုင်ဘာကြီးပင် စိတ်မရှည်တော့။

"အဲ့ဒီသီချင်းကို ပိတ်လိုက်"

သူမက မာမာထန်ထန်ပင် ပြန်ပြော၏။

"အားလုံးနားထောင်ဖို့ ဖွင့်တာလေ။ သီချင်းပဲ နားထောင်ပေါ့။ နားမထောင်ချင်ရင် နားပိတ်နေ"

"ဒီမှာ Customer always right ဆိုတဲ့စကားကို နားမလည်ဘူးလား? ပိတ်ဆိုရင် အခုချက်ချင်းပိတ်လိုက်"

သူ ပြဿနာထဲ ဝင်မပါ။ အသာလေး ခေါင်းငုံ့နေလိုက်ပါသည်။

"မပိတ်ဘူးဗျာ။ မပြောချင်လို့ကြည့်နေတာ။ ကားပေါ်စတက်ကတည်းက ခင်ဗျားလေး တစ်ခုပြီးတစ်ခု ပြဿနာလုပ်နေတာ။ ထိုင်ခုံညစ်ပတ်ရတာနဲ့၊ စားသောက်ဆိုင် ညစ်ပတ်ရတာနဲ့။ ပူရတာနဲ့၊ အေးရတာနဲ့။ မပြောချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာကြီးလည်း သည်းမခံနိုင်သည့်အဆုံး ပေါက်ကွဲနေလေတော့သည်။

"ဒီမှာ ပိတ်ဆိုရင်ပိတ်လိုက်နော်။ ငါ နားမထောင်ချင်ဘူး။ ငါ မြန်မာသီချင်း နားမထောင်တတ်ဘူး"

"ခင်ဗျားလေးက မြန်မာလူမျိုး မဟုတ်ဘူးလား?"

"အဲ့ဒါတွေ မေးမနေနဲ့။ အေး . . . မပိတ်ဘူးဆိုရင်တော့ နင်တို့ကား ဆက်ထွက်ဖို့မကြိုးစားနဲ့။ ဘာမှတ်လဲ?"

သူမကလည်း မခေ။ လုံးဝအလျှော့မပေး။ ကားပေါ်မှလူများလည်း လိုရာခရီးကို သွားချင်နေကြပေပြီ။ ထို့ကြောင့် ခရီးသည်များအကြားမှ လူကြီးတစ်ယောက်ကထ,ရပ်ပြီး . . .

"ကဲပါဗျာ . . . ကားဆရာ ပိတ်ပေးလိုက်ပါတော့ဗျာ။ ကျွန်တော်တို့ ခရီးကို အေးအေးဆေးဆေးသွားချင်လို့ပါ။ ကဲ . . . ခင်ဗျားလည်း တော်တော့"

ဟု ပြောလိုက်တော့မှ ကားဒရိုင်ဘာကြီး စိတ်ပျက်ပျက်နှင့် ယာဉ်မောင်းခုံတွင် ပြန်ထိုင်လိုက်လေသည်။ စပယ်ယာကလည်း သူ့လူကို စိတ်လျှော့ရန်ပြောပြီး သီချင်းကို ပိတ်လိုက်ရလေတော့သည်။

သူမကတော့ ယောက်ျားကြီးနှင့် စကားများသော်လည်း သူမ မဟုတ်သည့်အတိုင်း ထိုင်ခုံတွင်ပြန်ထိုင်ပြီး ရေကိုပင် အေးအေးဆေးဆေး သောက်နေသေး၏။

သည်လိုနှင့်ပင် သူမနှင့်သူ ချောင်းသာသို့ ရောက်ရှိခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

Express ကားကြီးသည် ဟိုတယ်ဝန်းထဲတွင် ရပ်ပြီးသည်နှင့် သူမ ကားပေါ်မှ ကြွကြွလေးဆင်းသွား၏။ သူမ၏အဝတ်ထုပ်များ၊ သူ့အဝတ် ထုပ်များကိုပါ သူတစ်ယောက်တည်း ဟိုတယ် Reception ကောင်တာ ရှိရာသို့ မ,ရလေသည်။ အဝတ်ထုပ်များကို အမောတကောမ,ပြီး ရပ်ရုံ ရှိသေး သူမက . . .

"လုပ်ပါဦး သားရယ်။ မေမေ့ဖိနပ်က ကျယ်သွားပြီ။ ဘယ်လိုမှ စီး လို့မရတော့ဘူး"

ဟု ပြောလေသည်။ သူနှင့်သူမကို ကောင်တာမှလူများ အထူး အဆန်းသဖွယ် ဝိုင်းကြည့်ကြပြန်လေသည်။ သူမခေါ်ပုံကိုက ပုံစံမကျ။

"ဟုတ်ကဲ့"

သူမကို သူ စိတ်ပျက်နေသော်လည်း ဟန်ဆောင်ပြုံးကာ 'ဟုတ်ကဲ့' ဆိုသောစကားလုံးကို အရင်ဦးဆုံး ပြောလိုက်ရပြန်၏။

"ဒီတော့ ဒီအနီးအနားက Market တစ်ခုခုမှာ မေမေ့အတွက် ဒေါက် ဖိနပ်တစ်ရန်လောက် သွားဝယ်ပေးစမ်းကွယ်"

သူ မဝယ်ပေးချင်ပါ။ ငြင်းလိုက်ချင်၏။ ထို့ကြောင့် ငြင်းရန်အား ယူနေတုန်းမှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"Secretary တစ်ယောက်ရှိတာ ဟန်ကျလိုက်တာ။ Secretary တစ်ယောက်ဆိုတာ သူ့ဆရာဘာခိုင်းခိုင်း လုပ်ပေးရမယ်ဆိုတဲ့အချက်ကိုလည်း မေမေ သိပ်သဘောကျတာပဲ"

ဟု ပြောလိုက်လေတော့၏။ ထို့ကြောင့် ငြင်းရန်ပြင်နေသော သူ့အရှိန်ကို သူ ပြန်သတ်လိုက်ရ၏။ အောင့်သက်သက်နှင့်ပင် သူမအတွက် ဖိနပ်ဝယ်ပေးရန် ဟိုတယ်နှင့် အနီးဆုံးနေရာတွင်ရှိသော ဖိနပ်ဆိုင်သို့ နေပူကျဲကျဲမှာပင် အပြေးအလွှား သွားရပါသေး၏။

ထို့နောက် သူမအတွက် သူ ဖိနပ်ဝယ်ပေးပြီး ဟိုတယ်သို့ပြန်ခဲ့ရပါသည်။ သူသည် သူမအတွက် ရန်ကုန်တွင်လည်း ထိုသို့ ဖိနပ်ဝယ်ပေးရလေ့ရှိပါသည်။ ထို့ကြောင့် သူမအခြေထောက်အတိုင်းကို သူကောင်းစွာသိနေ၏။

ထို့နောက် သူ အခန်းယူမည့်ကိစ္စကိုပြောသော် ကောင်တာမှ ဟိုတယ်ဝန်ထမ်းကြီးက . . .

"သားအမိလား? အတွဲလား?"

ဟု အလိုက်မသိစွာ မေးပြန်လေ၏။ သူ အတော်ပင် စိတ်ပျက်နေပေပြီ။ သို့သော်လည်း သူမအရှေ့တွင် ဖြစ်နေသောကြောင့် ဟန်ဆောင်ကာ . . .

"ဦးလေးကလည်း ကျွန်တော်တို့ ကြိုပြီးမှာထားတယ်လေ။ ပြန်စစ်ကြည့်ပါဦး"

"ဒါဆို စာရင်းပေးထားတဲ့ နာမည်က . . .?"

သူမကတော့ ဆရာကြီးအိုက်တင်နှင့် ကောင်တာကိုမှီရပ်ကာ သူမဖုန်းနှင့် အလုပ်ရှုပ်ဟန်ဆောင်နေ၏။ သူစိတ်ပျက်စွာ သူမကို မျက်စောင်းထိုးလိုက်ပြန်၏။

"နှိုင်းရမေမေနဲ့ သားကိုကိုပါ"

"အော် . . . တွေ့ပြီ၊ ဘေးချင်းကပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ဝန်ထမ်းကြီးက ကျေနပ်စွာပြောလိုက်သောစကားက သူ့သေချင်သွားပါသည်။ သူမနှင့်အနီးတွင် သူ မနေလို။ သို့သော်လည်း ပြောင်းရန်လည်းမဖြစ်ပြန်။

သို့နှင့် သူမနှင့်ဘေးချင်းကပ်တွင်ပင် နေထိုင်လိုက်ရပါတော့သည်။

သူ့အတွက် ချောင်းသာရေထဲကိုဆင်းဖို့ အခွင့်အရေးရှိတော့မည်မဟုတ်မှန်း သူ ကောင်းစွာသိလိုက်ပြီး သက်ပြင်းမောတစ်ခု ချလိုက်ရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အခန်းတွင် ကိုယ်စီကိုယ်င နေရာချပြီးသော် သူ အခန်းအပြင်သို့ထွက်ကာ ခြေဆန့်လက်ဆန့်လုပ်နေစဉ် ကားပေါ်တွင်တွေ့ခဲ့ရသော ဦးလေးကြီးနှင့် ပြန်တွေ့လေသည်။ ထိုဦးလေးကြီးကလည်း သူတို့အားရှိ ဘန်ဂလိုတွင်တည်းခိုလေသည်။

"ဟာ . . . ငါ့တူ၊ ငါတို့ တော်တော့်ကို ရေစက်ပါနေပြီနော်"

တွေ့သည်နှင့် နှုတ်ဆက်လေသည်။

"ကဲ . . . ဒီလောက်ရေစက်ဆုံမှတော့ တစ်ယောက်နဲ့တစ်ယောက် နာမည်ပြောပြီး မိတ်ဆက်ကြရအောင်ကွာ။ မင်းနာမည်ကိုတော့ ငါသိပြီးပါပြီ။ သားကိုကို မဟုတ်လား?"

"ဟုတ်ကဲ့"

"အေး . . . အန်ကယ့်နာမည်ကိုလည်း မှတ်ထားဦး၊ ဦးလွင်တဲ့"

"ဟုတ်ကဲ့၊ ဒါနဲ့ ဦးက တစ်ယောက်တည်း ဒီကို အပန်းလာဖြေတာလား?"

"လူပျိုကြီးဆိုတော့ တစ်ယောက်တည်းပေါ့ကွာ။ ဦးက ရှေ့နေလေ။ အလုပ်နားရက်ရအောင်ယူပြီး အပန်းလာဖြေတာကွ"

သူနှင့်ဦးလွင် အတော်ပင် စကားပြောရအဆင်ပြေနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ မင်းမန်နေဂျာမေမေရော ဘယ်မှာတည်းလဲ?"

ဦးလွင်အသံက ကျယ်နေသောကြောင့် သူ အလျင်အမြန်ပင် လက်ညှိုးနှင့် နှုတ်ခမ်းကိုကပ်ကာ . . .

"ရှူး . . . တိုးတိုးပြောပါ ဦးရယ်။ သူက ဟိုဖက်ခန်းမှာ။ အခု ခရီး ပမ်းလို့ထင်တယ်။ အိပ်ပျော်သွားပြီလား မသိဘူး။ အသံလည်း မကြားရသေးဘူး"

"ဟ . . . ဒါဆို ခေါ်လည်းကြည့်ဦးနော်။ တော်ကြာ တစ်ခုခုဖြစ် နေရင် ဘယ့်နှယ်လုပ်မလဲ"

"သေလည်း အေးတာပဲ။ ဒီလောက်တောင် ဒုက္ခပေးနေတဲ့မိန်းမ။ သေပေ့စေ"

သူ စိတ်ပျက်ပျက်နှင့် ပြောလိုက်မိပါတော့သည်။

"မင်းက မင်းမန်နေဂျာကို တော်တော်လေး သံယောဇဉ်ရှိပုံပဲကွ"

"သံယောဇဉ်ရှိစရာလား . . . ဦးရယ်။ ကျက်သရေတုံးကြီးကို။ ကျွန်တော်က သူ့ကို စုန်းကဝေပေါက်စလို့ နာမည်တောင်ပေးထားတာ"

"အေး . . . အဲ့လောက်ဖြစ်နေတာ မင်းသူ့ကို ယူပစ်လိုက်ကွာ။ ဒါမှ ဒီမိန်းမငြိမ်သွားမှာ"

"မလုပ်ပါနဲ့ဗျာ၊ အရင်ကတည်းက ကြည့်ရဆိုးတဲ့သင်းက တောခီး ကွက်ကို မျောက်ကိုက်သလိုဖြစ်နေပါဦးမယ်"

သူ စိတ်ရှိလက်ရှိ သူမကို ဝေဖန်လိုက်သော် ဦးလွင်က ကျေနပ်စွာ ရယ်၏။

"ဟား . . . ဟား . . . ဟား . . . ပြောတတ်ပါ့ကွာ။ ပြောစမ်းပါ ဦး တောခီးကွက်မျောက်ကိုက်တာ ဘယ်လိုပုံစံကြီးလဲ?"

"မျက်လုံးပြူးတဲ့ တောခီးကွက်ကို မျောက်ကထပ်ကိုက်ရော့ သူ့ မျက်လုံး ဘယ်လောက်ထပ်ပြီးပြူးမလဲ။ နောက်ပြီး မျောက်ကိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com

ရတော့ ခုန်ဆွခုန်ဆွလည်း ဖြစ်နေဦးမယ်။ တော်တော့်ကို ကြည့်ရဆိုးတဲ့အနေအထားကြီး။ မြင်ကြည့်စမ်းပါဗျာ"

သူပြောနေတုန်း သူမ အနောက်မှရောက်လာလေသည်။ သူကတော့ မသိဘဲ သူ့စကားသူ သဘောကျပြီး ဇွတ်ရယ်နေမိပါတော့၏။

ဦးလွင်ကတော့ အကြောင်းအနည်းငယ်သိနေပြီဖြစ်ရာ မရယ်ရဲတော့။ သူ့ကို အရိုန်သတ်ရန် ဟန်နှင့်ပြလိုက်လေသည်။ သူ ချက်ချင်းပင် သတိထားမိပြီး ကိုယ်ရှိန်သတ်လိုက်ရပါတော့သည်။ ထို့နောက် မျက်နှာပိုးသတ်ကာ သူမဖက်သို့လှည့်ကာ . . .

"ဘာကိစ္စရှိလို့လဲ မမေ?"

သူမ အဝတ်အစားအသစ်လဲထား၏။ ကမ်းခြေနှင့် လိုက်ဖက်မည့် ပုံစံမျိုးလေးဝတ်ထားသည့် သူမဟန်သည် တကယ်ပင် ကြည့်ကောင်းနေသော်လည်း သူကတော့ မည်သို့မျှမခံစားတတ်။ သူမစက်ကွင်းနှင့် လွတ်ရန်သာ စဉ်းစားနေရပါတော့သည်။

"ကမ်းခြေကို လမ်းလျှောက်မလားလို့။ နေကလည်း ပူနေတယ်လေ ကွယ်"

"အင်း . . . ဟုတ်တယ်၊ ညနေပိုင်းကျမှ လျှောက်ပါလား"

"အခုလျှောက်ချင်တာ . . ."

စပြီ။ သူမ ဘာကိုရည်ရွယ်သည်ကို သိနေနှင့်သူပီပီ အောင့်အည်းကာပင် အသင့်ပါလာသောထီးအကြီးကို အခန်းထဲမှဝင်ယူကာ သူမကို မိုးပေးရပါတော့သည်။

သူမကတော့ သူဆောင်းပေးသည့် ထီးရိပ်အောက်တွင် စတိုင်အပြည့်နှင့် ကမ်းခြေသို့ လမ်းဆင်းလျှောက်လေသည်။ သူကတော့ တိုက်နေသောလေဒဏ်ကို ကြံ့ကြံ့ခံကာ ထီးကို အားနှင့်အင်နှင့် ဆောင်းပေးနေရပါသေး၏။

သူနှင့်သူမကို တွေ့လိုက်သည့်သူတိုင်း တအံ့တသြဖြစ်ကြ၏။ ဦးလွင်ကတော့ သူနှင့်သူမကိုကြည့်ပြီး ရယ်မဆုံးတော့။ သူ့အဖြစ်က မန်နေ



www.burmeseclassic.com

www.burmeseclassic.com

ဂျာရာထူးလေးရဖို့အတွက်နှင့် Assistant အဆင့်မှ ထီးတော်မိုးအဆင့်သို့ ရောက်မှန်းမသိ ရောက်နေရပါတော့သည်။

တစ်ချက်တစ်ချက် လေပြင်းတိုက်လိုက်ချိန်တွင်တော့ သူမထိန်းနိုင်တော့ဘဲ ထီးကြီးနှင့်အတူ ပုံပျက်ဆင်းပျက် လဲကျရပါသေးသည်။ သို့သော် သူမကတော့ တကယ်ပင်စတိုင်မပျက်။ လမ်းလျှောက်မပျက်။

ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ . . . ထိုသို့ . . . သူ့အပေါ်တွင် အနိုင်ကျင့်ဆက်ဆံသော သူမထံမှ သူအနိုင်ရမည့်အဖြစ်သည် တစ်ရက်တွင်တော့ ကြုံရပါတော့သည်။

ပေဖြစ်တုန်းက ခံခဲ့ရသမျှအခြေအနေက တူဖြစ်ခွင့်ပေးလိုက်သောကြောင့် သူသည် သူမကို အပြတ်နှင်ပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အာဒံက ဧဝနှင့်အတူ မိုနာလီဆာပင် ရှိနေပါစေတဲ့
ဧဝကိုသာလျှင် ချစ်မိမှာပါတဲ့။
တံကြမ္မာကြီးကိုက အာဒံနှင့်ဧဝရဲ့ဖူးစာကြိုးကို
ခိုင်မာစွာ ချည်နှောင်ပေးပြီးသားဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေအရသာ ဘာမှန်းမသိ။ သူမအနောက်ကိုသာ တကောက်ကောက်လိုက်နေရပါ၏။ ယခုလည်း ကမ်းခြေတွင်မထိုင်ရ။ ဟိုတယ်အတွင်းပိုင်းရှိ အအေးဆိုင်တွင် သင်းကထိုင်၏။

"ဟို . . . မေမေ၊ ကျွန်တော် ပြောစရာရှိလို့ ပြောမယ်နော်"

သူမမျက်နှာဟန်မှာ အနည်းငယ်သာယာနေသောကြောင့် သူ့ကိုပြောထားသည့်ကိစ္စကို အစဖော်ရန် ကြိုးစားလိုက်ပါသည်။

"ဘာများလဲ?"

မျက်နှာထားက တကယ့်အသက်ငါးဆယ်ကျော် မန်နေဂျာမမဟန်။ သူ ကြည့်မရသော်လည်း ဟန်ဆောင်ပြုံးလိုက်ရ၏။

"ကျွန်တော့်ကို နောက်တစ်လအတွင်း မန်နေဂျာရာထူးတိုးပေးမယ်ဆိုတာ ဘယ်တစ်လအတွင်းလဲ မေမေ?"

သူ့မေးခွန်းဆုံးသည်နှင့် သူမမျက်နှာမှာ သိသိသာသာ မာန်ထန်သွား၏။

"မဟုတ်ပါဘူး။ ဒီအတိုင်းပဲ မေးကြည့်လိုက်တာပါ။ ဟို . . . နောက်ပြီး မေမေကလည်း ပြောထားတယ်လေ။ ကျွန်တော့်ကို နောက်ရက်တွေမှာ ရာထူးတိုးပေးမယ်ဆိုလို့"

www.burmeseclassic.com

www.burmeseclassic.com

သူမ သောက်လက်စအအေးကို ဆရာကြီးဟာန်နှင့်သောက်ရင်း စဉ်းစားဟန်ပြု၍။ သူ တကယ်ပင် အမြင်ကပ်လှပါ၏။

"အင်းလေ . . .တိုးပေးမှာပေါ့။ ဖေဖေက ဒီလကုန်လောက်ဆိုရင် Ausi ကို အပြီးအပိုင်သွားမှာလေ။ အားလုံးစီစဉ်ပြီးသွားပြီ။ ဖေဖေ သွားရင် မေမေက MD ရာထူးရပြီ။ ဒီတော့ သားကို မန်နေဂျာရာထူးတိုးပေးမယ်။ ဟုတ်ပြီလား?"

"ဒါဆို ကျွန်တော်က MD နိုင်ငံခြားထွက်ပြီးတာနဲ့ မန်နေဂျာဖြစ်ပြီပေါ့။ ဟုတ်လား?"

"အင်း . . . ဒါပေါ့။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ မင်း မေမေ့ကို စိတ်ပျက်အောင်မလုပ်နဲ့။ မေမေ စိတ်နည်းနည်းလေးပျက်တာနဲ့ မင်း အတွေးတွေအားလုံး ပြောင်းပြန်ဖြစ်မယ်ဆိုတာ အမြဲသတိရပေး။ ဟုတ်ပြီလား?"

ဒီလောက် သူမခိုင်းသမျှလုပ်နေတာတောင် သူ့ကို ခြိမ်းခြောက်နေသေး၏။ သူ မကျေနပ်နေသော်လည်း အောင့်အည်းပြီးခေါင်းညိတ်ရ၏။

"အင်းပါ . . . စိတ်ချ။ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်"

သူမက ကျေနပ်စွာပြုံး၏။ ထိုစဉ် သူမ၏ဟန်းဖုန်းလေး Ring မြည်လာလေသည်။ သူမဖုန်းလာတိုင်း သူက အရင်ကိုင်ရ၏။ ထို့ကြောင့် သူ့တာဝန်အတိုင်း ဖုန်းကိုယူကြည့်လိုက်တော့ သူမအဖေ ဦးမိုးမြင့်ဆက်ခြင်းဖြစ်ပါသည်။

"မေမေ . . . MD ဆက်တာ"

"ဪ . . . အေး . . . ပေး . . ."

ဆရာကြီးဟာန်နှင့် သူ့ထံမှဖုန်းယူလိုက်ပါသည်။

"ပြော ဖေဖေ၊ ဘာကိစ္စလဲ။ ဒီမှာ သမီးက မြေနေရာတွေအောင် ကြည့်ပြီးတော့မယ်။ အားလုံး Comfirm ဖြစ်ရင် ဖေဖေ့ကို ဆက်သွယ်မလို့"



www.burmeseclassic.com

www.burmeseclassic.com

တကယ့်စီးပွားရေးသမားဟန်ကြီးနှင့် ဖုန်းပြောနေသော သူမကို အံကြိတ်ရင်း မျက်စောင်းထိုးမိပါ၏။

"ဒီမှာ နှိုင်းရ၊ နင့်ကို ဘယ်သူက ချောင်းသာသွားခိုင်းလို့လဲ? အခု ချက်ချင်း ရန်ကုန်ကိုပြန်လာခဲ့။ ချောင်းသာမှာ ဟိုတယ်ဖွင့်မယ့် ကိစ္စက နင်နဲ့ဘာမှမဆိုင်ဘူး"

သူမ မမျှော်လင့်စွာ ကြားလိုက်ရသောစကားကြောင့် မျက်နှာပျက်သွားသော်လည်း သူ့အရှေ့တွင် မာန်ကိုတင်းရင်း ပြန်ပြောရန်ပြင်လိုက်ပါ၏။

"ဖေဖေကလည်း ဟိုတယ်အသစ်ဖွင့်မယ့်ကိစ္စက သမီးနဲ့မဆိုင်ရင် ဘယ်သူနဲ့ဆိုင်မှာလဲ?။ သမီးက နောက်လဆိုရင်ပဲ ဖေဖေ့ Company ရဲ့ MDဖြစ်တော့မယ့်ဟာ"

"နင် သေလိုက်ပါလား။ နင့်ကို MD ရာထူးပေးမယ်လို့ ဘယ်သူကပြောလဲ?။ နင်လုပ်ရမယ့် တစ်ခုတည်းသောအလုပ်က ဟန်ကြီးမောင်နဲ့ လက်ထပ်ဖို့ပဲ"

ဦးမိုးမြင့်စကားကြောင့် သူမ လွန်စွာထိတ်လန့်သွားရပါ၏။

"ရှင် . . . ဟန်ကြီးမောင်နဲ့ ဟုတ်လား?"

"အေး . . . ဟုတ်တယ်။ ဒီတော့ နင်အမြန်ဆုံး ရန်ကုန်ကိုပြန်လာခဲ့ပေတော့။ ဘာမှ ဆရာကြီးလျှောက်မလုပ်နေနဲ့"

သူမ၏ဖုန်းပြောစကားများအရ သူမ အခက်တွေ့နေမှန်း သူ ကောင်းစွာရိပ်မိလိုက်၏။ သူ ကျိတ်ကာကျေနပ်မိပါသည်။

"ဖေဖေကလည်း ဟန်ကြီးမောင်နဲ့ သမီးလက်ထပ်ရင် ဘာအလုပ်မှ လုပ်ခွင့်ရှိတော့မှာ မဟုတ်ဘူး။ သူက သမီးကို အိမ်တွင်းပုန်းကုလားမ လုပ်ခိုင်းမှာ"

"အေးလေ၊ အဲ့ဒါ ငါသိသားပဲ။ ငါလည်း သဘောတူတယ်။ ဘယ့်နှယ်ကွာ . . . မိန်းကလေးဖြစ်ပြီး နေရာတကာ ဆရာကြီးလုပ်ချင်တဲ့ညည်းအတွက် ဟန်ကြီးမောင်နဲ့ ငါ တမင်သက်သက်သဘောတူတာ"



www.burmeseclassic.com

www.burmeseclassic.com

ဟန်ကြီးမောင်ဆိုသည့်လူက တကယ့်စာအုပ်ကြီး။ စည်းကမ်း၊ နည်းစနစ် လွန်စွာကြီး၏။ သူမကိုလက်ထပ်ပြီးသည်နှင့် အိမ်မှာပဲနေရမည်ဟု ပြောထားသည့် ငနဲ။ ထို့ကြောင့် သူမ၏အကျင့်နှင့် လုံးဝဆန့်ကျင်ဖက် ထိုလူကို သူမ မည်သို့မျှလက်မခံနိုင်။

"သမီး ဟန်ကြီးမောင်နဲ့ လက်မထပ်ချင်ဘူး"

"မရတော့ဘူး။ ငါက အားလုံးစီစဉ်ပြီးသွားပြီ။ ဒီတော့ နင် ချက်ချင်းပြန်လာခဲ့"

"ဖေဖေကလည်း . . ."

"ဖေဖေကလည်းတွေ၊ မေမေကလည်းတွေ မလုပ်နဲ့။ ပြန်လာခဲ့ဆို ပြန်လာခဲ့။ ဒါပဲ . . ."

"သမီး သူနဲ့ လုံးဝလက်မထပ်နိုင်ဘူး ဖေဖေ"

"ဘာလဲ ညည်းမှာ ရည်းစားရှိလို့လား?"

ရုတ်တရက်မေးလိုက်သော ဦးမိုးမြင့်မေးခွန်းက သူမအတွက် ပြဿနာပြေရှင်းရန် နည်းလမ်းသိသွား၏။

"ဟုတ်တယ်၊ သမီးမှာ ရည်စားရှိတယ်"

သူမလိုမိန်းမမျိုးကို မည်သူမျှမကြိုက်။ အတ္တကြီးပြီး လုပ်ချင်ရာကို ရအောင်လုပ်တတ်သည့်မိန်းမ။ သူက ကောင်းကောင်းသိနေ၏။ ထို့ကြောင့် သူမ၏မဖြစ်နိုင်သောအဖြေကြောင့် တစ်ငုံငုံလိုက်သောအအေးပင် ပါးစပ်ထဲမှ ဖူးခနဲပြန်ထွက်သွားရ၏။

"ဘယ်လိုဖြစ်တာလဲ?"

သူမက ဖုန်းကို လက်တစ်ဖက်နှင့် ပိတ်ရင်းမေး၏။

"ဟို . . . နင် . . . နင်သွားလို့ပါ"

သူ လိမ်ညာဖြေလိုက်ပါ၏။

"တိတ်တိတ်နေ။ ဒီမှာ ပြဿနာဖြစ်နေတယ်"

"ဟုတ် . . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူမ ပြဿနာဖြစ်လေ ကျေနပ်လွန်းမက ကျေနပ်သည်က သူဖြစ်လေ။ သူမ မျက်နှာငယ်လေးနှင့် ဖုန်းဆက်ပြော၏။

"ဟဲ့ . . . မိနိုင်းရ၊ နင် ငါ့ကို တကယ်ပြောတာလား?"

"မဟုတ်ဘဲနဲ့ ပြောပါ့မလား ဖေဖေရယ်"

"နင့်မှာ ရည်းစားရှိတယ်ဆိုတာ ငါလည်းမသိပါလား?"

"သိစရာလား?။ ဖေဖေ့ကိုသမီးက အားလုံးဖွင့်ပြောပါ့မလား?"

"ဘယ်သူလဲ?"

"သမီးကို MD ရာထူးပေးမယ်ဆိုရင် သမီး သူနဲ့ဖေဖေ့ကို မိတ်ဆက်ပေးမယ်"

လိုချင်သည်ကို ရအောင်ယူတတ်သည့် နိုင်းရမေမေ။ လိုရင်းကိုရအောင် ဆွဲတောင်းလိုက်၏။

"နင့်လူက ဘယ်လိုအဆင့်အတန်းထဲကလဲ?"

"ဖေဖေလက်ခံနိုင်တဲ့ အဆင့်အတန်းထဲက။ နောက်ပြီး သမီးတို့ကြိုက်နေကြတာ ခြောက်လကျော် တစ်နှစ်တောင် ပြည့်တော့မယ်"

"အခု သူကဘယ်မှာလဲ?"

"သူလား? သူက . . ."

ကိုယ့်ဇာတ်ကိုယ်မနိုင်ဖြစ်နေသည့် သူမကိုကြည့်ကာ သူ ကျေနပ်နေ၏။ ငါ့ကို မညာမတာခိုင်းထားတဲ့မိန်းမ။ ကောင်းတယ်၊ ဒုက္ခရောက်ပြီ။

"အေး . . . ဘယ်မှာလဲ"

"သူက . . ."

သူမ များများမစဉ်းစားတော့။ ဟော်တယ်အသစ်ပါ ဖွင့်နိုင်ရေးအတွက် စဉ်းစားလိုက်ကာ . . .

"သူက ဒီချောင်းသာမှာလေ။ သမီး ဟိုတယ်အသစ်ဖွင့်ဖို့ နိုင်းကူညီနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

အလဲ့ . . . တယ်လာတဲ့ ငနဲမ,ပါလား။ ဓာတ်ကို မရ, ရအောင် နိုင်အောင်က,နေ၏။

"သူ့နာမည်က ဘယ်သူလဲ?"

"ဖေဖေ သမီးကို မေးခွန်းမမေးနဲ့တော့။ သူနဲ့တွေ့မှပဲ မေးတော့။ ဒါပဲနော် ဖေဖေပေးထားတဲ့ကတိအတိုင်း သမီးချစ်တဲ့လူနဲ့ လက်ထပ်ပေးရမယ်။ နောက်ပြီး လကုန်ရင် ဖေဖေ Ausi သွားရင် သမီးကို MDရာထူး ပေးခဲ့ရမယ်"

"အေးပါ။ နင်ပြောတဲ့အတိုင်းဟုတ်နေရင်တော့ ငါလည်း ငါ့ကတိကို မဖျက်ပါဘူး။ နင်ချစ်တဲ့လူနဲ့ လက်ထပ်ပေးမှာပါ။ အေး . . . မဟုတ်လို့ကတော့ နင်နာပြီသာမှတ်။ နင့်ကို ဟန်ကြီးမောင်နဲ့ ချက်ချင်းလက်ထပ်ပေးမှာနော်"

"အင်းပါ၊ စိတ်ချ။ သမီးက ဖေဖေ့ကို လိမ်ရဲပါ့မလား?"

"ဒါဆို နင်ကအခု နင့်ချစ်သူနဲ့ ချောင်းသာမှာဆင်ပြေနေတယ်ပေါ့။ ဟုတ်လား?"

"ဟုတ် . . .၊ နောက်ပြီး သူက သမီးကိုအရမ်းချစ်တာ"

"ကောင်းပြီလေ။ ငါ စောင့်ကြည့်တာပေါ့"

"ဟုတ်ကဲ့၊ ဒါဆို သမီး ဟိုတယ်အသစ်ဆောက်မယ့်ကိစ္စ ဆက်လုပ်တော့မယ်နော်။ ဖေဖေကတော့ ဟန်ကြီးမောင်နဲ့ကိစ္စကို အပြတ်ဖြတ်လိုက်တော့"

"အောင်မယ်၊ နင်က လူတကာကိုဆရာလုပ်တာ အားမရလို့ အဖေကိုပါ ဆရာပြန်လုပ်နေတယ်"

"မဟုတ်ပါဘူး ဖေဖေရယ်။ သမီးက ဖြစ်သင့်တာကိုပြောတာပါ"

"အေးပါ။ နင့်ချစ်သူ တကယ်ရှိမရှိဆိုတာ ငါ အရင်စစ်ဆေးဦးမယ်။ သေချာပြီဆိုမှ ဟန်ကြီးမောင်ကိစ္စကို ငါဆက်ရှင်းမယ်။ ဒါပဲ"

ဦးမိုးမြင့် ဒေါ်ကြီးမောကြီး ဖုန်းချသွား၏။ သူမ ဖုန်းလေးကိုကြည့်ပြီး သက်ပြင်းချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ၊ MDက ဘာတဲ့လဲ?"

"အော် . . . အေးဆေးပါ။ ဟိုတယ်ဆောက်မယ့် Project အခြေအနေကို လှမ်းမေးတာ"

အစအဆုံး အားလုံးကြားနေရသည့် သူ့ကိုပင် ဆရာကြီးအိုက်တင်နှင့် ပြောနေသေး၏။

"ကဲ . . . . သားက မနက်ဖြန် မေမေ့ကို ချောင်းသာကအိမ်ဈေးကွက်ကို သေသေချာချာစုံစမ်းပေး ဟုတ်ပြီလား။ နောက်ပြီး မနက်ဖြန်မနက် မေမေ့အတွက် ကော်ဖီပူပူလေးတစ်ခွက်လာပို့ပေး"

"ဟုတ်ကဲ့"

သူ မကျေနပ်သော်လည်း 'ဟုတ်ကဲ့' လိုက်ရပြန်တော့၏။

"ကဲ . . . မေမေ သွားနားတော့မယ်။ မင်းလည်း လွတ်လွတ်လပ်လပ်နေပေါ့"

ပြောပြီး သူမထ,သွား၏။ သူ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

သူသိနေ၏။ သူမလိမ်စဉ်ကြီး ဘူးပေါ်သလိုပေါ်သွားပြီး ဦးမိုးမြင့်ပေးစားသည့် ဟန်ကြီးမောင်ဆိုသောစာအုပ်ကြီးနှင့် သူမ လက်ထပ်ရမည်ပင်။

"ကြည့်နေပါ သင်း ဟန်ကြီးမောင်နဲ့ လက်ထပ်ရလိမ့်မယ်။ ဒါမှငါလည်း ငါ့အရည်အချင်းကို လွတ်လွတ်လပ်လပ်ပြပြီး မန်နေဂျာရာထူးကို ရအောင်ယူပြမယ်။ နေရာတကာ ဆရာလုပ်ချင်တဲ့မိန်းမ အိမ်တွင်းပုန်းရတော့မယ်။ ကောင်းတယ်"

သူ ကျေနပ်စွာကြိမ်းဝါးလိုက်သည်ကိုတော့ သူမ မသိနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းသည်နှင့် သူ သူမကိုခေါ်ပြီး နံနက်စာစားရန် ထွက်လာခဲ့လိုက်ပါတော့သည်။

စားသောက်ဆိုင်တွင် သူမအတွက်နံနက်စာကို သူ ကြိုတင်ပြီးမှာထားပေးရ၏။ သူမက မနက်စာကို ကော်ဖီပူပူနှင့် ပေါင်မုန့်စားတတ်၏။

"တယ်ဟုတ်ပါလား။ မင်း တော်တော်တိုးတက်လာပြီပဲ"

ပြင်ဆင်ထားသော မနက်စာကိုကြည့်ပြီး သူမပြော၏။ သူ ဟန်ဆောင်ပြုံး ပြုံးပြလိုက်ပါ၏။ သူနှင့်သူမ နံနက်စာ စ,စားကြပါသည်။

"ဒီနေ့ နေ့လယ်ပိုင်းလောက် သိချင်တယ်။ ဟုတ်ပြီလား?"

"ဘာကိုလဲ မမေ"

"မင်းကလေ . . . တုံးလိုက်တာ။ ငါ မနေ့ကပြောထားတဲ့ အိမ်ဈေးကွက်ကိုပြောတာ"

"ဪ . . . ဟုတ်ကဲ့၊ ကျွန်တော် အဆင်သင့် စုံစမ်းထားလိုက်ပါမယ်"

"အင်း . . .၊ နောက်ပြီး ဟိုတယ်ဆောက်ဖို့ ရန်ကုန်ကအလုပ်သမားခေါ်ရင်ကောင်းမလား?။ ဒါမှမဟုတ် ဒီချောင်းသာက အလုပ်သမားနဲ့ပဲ အဆင်ပြေမလားဆိုတာကိုပါ တွက်ချက်ထား။ ကုန်ကျစားရိတ်ကိုပါ ထည့်တွက်။ ကြားလား?"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

သူ့မှာ မနက်စာစားခန်းမရောက်တော့။ သူမ ပြောလိုက်၊ ကိုက်မည့် ဆဲဆဲပေါင်မုန့်ကို ပါးစပ်မှပြန်ချလိုက် ဖြစ်နေ၏။

"နောက်ပြီး . . ."

မပြီးတော့သည့်သူမစကားကြောင့် သူ စိတ်မရှည်တော့ဘဲ ပေါင်မုန့်ကို ပြန်ချလိုက်ရပါတော့သည်။

"ပြောပါ မေမေ။ ကျွန်တော် နားထောင်နေပါတယ်"

စိတ်မရှည်သော်လည်း ဟန်ဆောင်မျက်နှာနှင့်ပင် စုန်းကဝေပေါက်စကို ပြောလိုက်ရပါသည်။

"အင်း . . . ငါတို့ Projectကြီးတစ်ခုလုံးအတွက် ကုန်ကျစားရိတ်"

"နှိုင်းရ၊ ဘယ်မလဲ နင့်ချစ်သူ"

သူမ စကားမဆုံးသေး။ ဦးမိုးမြင့် သူမဘေးတွင် ဘွားခနဲပေါ်လာပြီး မေးလိုက်သောကြောင့် သူမမျက်နှာလေး ဓီးရှက်လောက်ဖြစ်သွား၏။ ကြောက်လန့်တကြား ထိုင်ရာမှထရပ်လိုက်ပါသည်။ သူကတော့ ပွဲကြည့်ရုံသက်သက်။ အခုမှဘဲ လွတ်လပ်စွာ ပေါင်မုန့်ကို အားရှိပါးရှိကိုက်ပစ်လိုက်ပါသည်။

"ဖေဖေ ဘယ်လိုလုပ်?"

သူမ တအံ့တဩနှင့် ဦးမိုးမြင့်ကို ပြန်မေး၏။

"ချောင်းသာနဲ့ရန်ကုန်ဆိုတာ တာဝတိံသာနဲ့ လူ့ပြည်မဟုတ်ဘူး။ ချက်ချင်းလိုက်လာလို့ရတယ်။ ကဲပါ နင် ငါ့ကိုမေးခွန်းတွေထုတ်နေမယ့်အစား ငါမေးတာကိုပဲဖြေ။ ဘယ်မလဲ? နင့်ချစ်သူ"

ဦးမိုးမြင့်ပြောရင်း ထိုင်ခုံအလွတ်တွင် ဝင်ထိုင်၏။ သူမ အကြံအိုက်နေ၏။ သူကတော့ မုန့်စားမပျက်။

"ပြောလေ မိနှိုင်းရ။ ဘယ်မလဲ နင့်ချစ်သူ"

"အော် . . . ဟို . . ."



www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကုတ်စဉ်းစားနေရင်း သူမအကြည့်များက သူ့ထံသို့ရောက်သွား၏။ သူမ ချက်ချင်းပင် ပြုံးဖြဲဖြူရင်းတတ်သွား၏။

"ကိုကို"

ထူးဆန်းလှစွာသော သူမခေါ်သံကြောင့် သူ ကြောင်အမ်းအမ်းနှင့် သူမကိုလှမ်းကြည့်လိုက်မိ၏။ သင်း ဘာတွေကြံစည်တော့မည်လဲ?။

"ဖေဖေ . . .၊ ဖေဖေ့ကို ကိုကိုနဲ့ မိတ်ဆက်ပေးမလို့"

သူမ ထိုင်ခုံတွင်ပြန်ထိုင်၏။ ကော်ဖီခွက်ကိုယူကိုင်ရင်း သူမ မျက်နှာပိုးသေစွာဖြင့် သူ့လက်ကိုလှမ်းကိုင်ရင်း ဦးမိုးမြင့်ကို ပြောလိုက်ပါသည်။

"ဗျာ . . . ကျွန်တော် MDကို သိတယ်လေ"

"သြော် . . . ကိုကိုကလည်း MDအဖြစ် မိတ်ဆက်ပေးမှာ မဟုတ်ပါဘူး။ ယောက္ခမအဖြစ် မိတ်ဆက်ပေးမှာ"

သူ ဘုမသိ၊ ဘမသိနှင့် ကြောင်တောင်တောင်ဖြစ်နေ၏။ ဦးမိုးမြင့်က မျက်လုံးအဝိုင်းသားနှင့် အံ့သြနေ၏။

"ဖေဖေလည်း သိပါတယ်။ 'အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ'ဆိုတာလေ။ အခု သမီးနဲ့ သားကိုကိုနဲ့ ချစ်နေကြပြီ"

"ဘယ်လို?"

သူ အံ့သြစွာ မေးလိုက်မိပါတော့သည်။

"ဟုတ်တယ်လေ ကိုကို။ နှိုင်းရတို့ ထိ၊ ငြိနေကြပြီ မဟုတ်လား?"

ဦးမိုးမြင့်က-သူနှင့်သူမကို အကဲခတ်နေ၏။

"ထိ၊ ငြိတယ်ဆိုတာက?"

သူ နားမလည်နိုင်စွာ သူမကိုငေးကြည့်နေမိလေသည်။

"သြော် . . . ကိုကိုကလည်း နှိုင်းရတို့ ချစ်နေကြပြီလေ။ အဲ့ဒါကို ဖေဖေ့ဆီမှာ ဝန်ခံနေတာ"

"ဟင်?"

သူပင် ဘာဆိုဘာမှ မသိရသေးသောကိစ္စကို သူမက သေချာပြော



www.burmeseclassic.com

www.burmeseclassic.com
နေ၏။ သူငြင်းလျှင်လည်း သူမ အမျက်ဒေါသသင့်ပြီး အလုပ်ပြုတ်မည်ကို စိုးရိမ်ရသေး၏။ ငြိမ်ခံနေဖို့ကလည်း သူမလိုမိန်းမမျိုးကို သူ အိပ်မက် ပင်မမက်ချင်ပြန်။

"ဖေဖေ့ကိုဝန်ခံဖို့ ကိုကိုက ရှက်နေတာပါ"

"ဟုတ်လား မောင်သားကိုကို?။ မင်းက ဦးသမီးရဲ့ Secretary မဟုတ်လား?"

"Assistant ပါ"

ယောကျ်ားတန်မဲ့ လက်ရှိလုပ်နေရသော Secretary ဆိုသည့် ရာထူးကို အလွန်မုန်းမိပါ၏။

"ချစ်လွန်းလို့ ဒီချောင်းသာမှာပဲ စေ့စပ်ဖို့တောင် စီစဉ်ထားတယ်။ ဒီမှာတွေ့လား လက်စွပ်"

သူမ လက်ကိုထောင်ပြပြီး ပြော၏။

"အဲ့ဒါ ငါဝယ်ပေးထားတဲ့လက်စွပ်လေ နှိုင်းရမေမေ။ ဘာတွေပြောနေတာလဲ"

ဦးမိုးမြင့် ဒေါကန်ရင်းမေး၏။

"ဟုတ်တယ်။ အဲ့ဒီလက်စွပ်ကို သူကချွတ်ပြီး ပြန်စွပ်ပေးထားတာ။ အစမ်းစေ့စပ်တဲ့ သဘောပေါ့"

"ဒါဆို သူ့မှာလည်း လက်စွပ်မတွေ့ပါလား"

"သူက ဖေဖေ့ကိုကြောက်လို့ သိမ်းထားတယ်။ သူက ဆင်းရဲသားလေ . . . ဖေဖေရယ်။ ချမ်းသာတဲ့ယောက္ခမကို ကြောက်မပေါ့နော် ကိုကို"

ခေါင်းညိတ်ရန်အချက်ပြရင်း သူမ သူ့ခြေထောက်ကို ကန်လိုက်၏။

"အား . . . ဟို . . . ဟုတ်"

သူ အောင့်သက်သက်နှင့် ခေါင်းညိတ်လိုက်ရပါသည်။

"မောင်သားကိုကို၊ မင်း အန်ကယ့်သမီးကိုကြောက်ပြီး ဝန်မခံနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com

ဒါက ဟန်ဆောင်ရမယ့်ကိစ္စမဟုတ်ဘူး"

"အာ . . . ဟို . . . ကျွန်တော်တို့"

"အင်း . . . သမီးတို့ ချစ်နေကြပြီလေ။ ဟုတ်တယ်နော်"

"ချစ်တယ်? ချစ်တယ်ဆိုတာက . . . ဟိုလေ . . ."

"သမီးတို့ မေတ္တာမျှနေတယ်ပေါ့ ဖေဖေရယ်။ ဟုတ်တယ်နော်။ ခေါင်းညိတ်လိုက်လေ ကိုကိုရယ်"

သူမ သူ့ကိုတစ်လှည့်၊ ဦးမိုးမြင့်ကိုတစ်လှည့်နှင့် ပိရိစွာ တစ်ယောက်တည်း လိမ်ဇာတ်က,နေ၏။

"ဟုတ်ပါတယ် ဖေဖေရဲ့။ သူ ဟန်မဆောင်ပါဘူး။ သူ ကြောက်နေတာပါ။ နောက်ပြီး အခု ဖေဖေက သူ့အထက်လူကြီးလေ"

"ဟုတ်လား မောင်သားကိုကို"

"ဟို . . . ကျွန်တော်"

သူ တကယ်ပင် ဘေးကျပ်နံကျပ်ဖြစ်နေ၏။

"ဖေဖေရယ် . . .၊ အခုဖေဖေက ခရီးရောက်ရောက်ချင်းကြီး။ ခဏနားလိုက်ပါဦးလား။ ညနေကျမှ အေးအေးဆေးဆေးမေးပေါ့ . . . နော်"

သူမ ဦးမိုးမြင့်ကို ပ,ထုတ်နေ၏။ နောက်မှ သူမဇာတ်ကို သူ့ကိုပါ အတူက,ခိုင်းတော့မည်ပင်။

"ကောင်းပြီလေ၊ ဒါဆို မင်း ညနေ ငါ့အခန်းထဲလာခဲ့။ နှိုင်းရ ညည်းလည်းလိုက်လာခဲ့။ ကြားလား"

"ဟုတ်ကဲ့၊ သမီး ကိုကို့ကို ခေါ်ခဲ့မယ်ဖေဖေ"

"ကောင်းပြီ"

ဦးမိုးမြင့် စားပွဲမှမထမီ သူ့ကို သေချာစွာစိုက်ကြည့် အကဲခတ်သေး၏။ သူ သေချင်နေပေပြီ။ သူမကတော့ ပုံမပျက်။ ကော်ဖီပင် သောက်နေလိုက်သေး၏။ တော်တော်ဟန်ဆောင်ကောင်းတဲ့ မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဦးမိုးမြင့် စားပွဲမှ ထ,ထွက်သွားလေသည်။ ဦးမိုးမြင့် ခပ်ဝေးဝေးသို့ရောက်သည်နှင့် သူ့ခံစားချက်ကို ချက်ချင်းဖွင့်ပြောရန် ကြိုးစားလိုက်တော့၏။

"ကျွန်တော် ပြောစရာရှိတယ် မေမေ"

"ပြော . . . ဘာလဲ?"

သူမ တကယ်ပင် မှင်သေလေ၏။

"ခုနက ကျွန်တော်တို့ ချစ်နေတယ်ဆိုတာကို ကျွန်တော် လုံးဝနားမလည်ဘူး"

"ဒါက မေမေ ဟန်ကြီးမောင်နဲ့ လက်ထပ်ရမယ့်ကိစ္စနဲ့ ပက်သက်နေပါတယ်"

သူမ တကယ်ပင် သွေးအေးအေးနှင့်ပြော၏။

"ဒါပေမဲ့ ကျွန်တော်နဲ့လာပြီး မပတ်သက်နဲ့လေ"

"မင်းနဲ့ တိုက်ရိုက်ပတ်သက်နေတယ်လို့ မထင်ဘူးလား"

"မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ကို ကျွန်တော် ဘယ်လိုမှ လက်ထပ်ဖြစ်မှာ မဟုတ်ဘူး"

သူ တိကျစွာဖြင့် အားမနာနိုင်ပဲ ငြင်းလိုက်ပါတော့သည်။

"ကျွန်တော်ကြိုက်တဲ့မိန်းမမျိုးက မေမေ မဟုတ်ဘူး"

"ငါသိပါတယ်။ မင်း ငါ့ကို လက်မထပ်ချင်ဘူးဆိုတာ။ မင်းက Manager ဖြစ်ဖို့အတွက် ငါ့ဆီမှာ သည်းခံပြီး အလုပ်လုပ်တာလေ။ ဒါက မင်းဖြစ်ချင်တာ"

သူမကလည်း တိကျစွာ သူ့ကိုပြန်ပြော၏။

"တကယ်လို့ ငါအလုပ်ထွက်သွားရင် Manager ရာထူးရလိမ့်မယ်လို့ မင်းထင်လား?"

"ဒါကတော့ ကျွန်တော်ကြိုးစားရင် ရမှာပေါ့"

"လုံးဝမှားတယ်။ အခု ငါအလုပ်နားလိုက်တာနဲ့ အရင်ဦးဆုံးအလုပ်ပြုတ်မယ့်သူက မင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ ထိတ်လန့်သွားရ၏။

"အခုန မင်း ငါနဲ့ပေါင်းပြီး ဖေဖေ့ကိုလိမ်လိုက်တယ်လေ။ ဒါကို ကြည့်ခြင်းအားဖြင့် ဖေဖေက မင်းကို ဘယ်လိုမှ အလုပ်ဆက်ခန့်တော့မှာမဟုတ်ဘူး။ ဒီတော့ မင်း နောက်ထပ် Companyတစ်ခုမှာ မျက်နှာငယ်နဲ့ အလုပ်သွားလျှောက်။ နောက်ပြီး အောက်တန်းစားရေးဘဝကနေ မင်း ပြန်စ,ရတော့မယ်။ ဘယ်လိုလဲ? မင်း စဉ်းစား"

"ဒါကတော့ . . . ဟို . . ."

သူမရှင်းပြချက်က နည်းလမ်းကျနေ၏။ သူ မငြင်းနိုင်တော့။

"ဒီတော့ ငါလက်ထပ်လိုက်တာနဲ့ အရင်ဦးဆုံးအလုပ်ပြုတ်မယ့်သူက မင်းပဲ။ Managerဖြစ်ချင်တဲ့ မင်းဆန္ဒလည်း မြောင်းထဲရောက်သွားပြီ။ ရှာပြန်ပြီး ကောက်မစိုက်ချင်ဘူးဆိုရင် ငါပြောသလို မင်းဟန်ဆောင်နေလိုက်။ ဟုတ်ပြီလား?"

သူ ဘယ်လိုမှ မငြင်းနိုင်တော့။ သူမပြောပြသည်က နည်းလမ်းကျနေ၏။

"ငါ ဒီဇာတ်ကို ကောင်းကောင်းက,နိုင်ပါတယ်။ ဒီတော့ ကိုယ့်အလုပ်ကို စိတ်ဖြောင့်ဖြောင့်သာလုပ်။ နောက်ပြီး အခုန ငါခိုင်းထားတဲ့ကိစ္စတွေကို ခဏနားထားလိုက်။ ညနေ ဖေဖေ့အခန်းကို ငါတို့ အတူသွားမယ်။ နောက်ပြီး ဖေဖေမေးမယ့်မေးခွန်းတွေကို မှင်သေသေနဲ့ ဖြေကြမယ်"

"ဒါပေမဲ့ . . ."

"အင်းပါ . . . ငါနားလည်ပါတယ်။ ငါတို့ ပုံစံမပျက် ဟန်ဆောင်ကြမယ်။ လကုန် ဖေဖေ Ausi သွားပြီဆိုတာနဲ့ ငါတို့ နေရာမှန်ပုံမှန် ပြန်သွားမယ်။ ဟုတ်ပြီလား?"

အမြဲတစေလို အားမနာ၊ လျှာမကျိုး အလုပ်ခိုင်းတတ်သည့်သင်း



www.burmeseclassic.com

www.burmeseclassic.com

က အခုတော့ သူ့ကိုပင် နားခိုင်းနေသေး၏။ ဘာပဲဖြစ်ဖြစ် သူမဟန်ဆောင်ခိုင်းမှုက သူ အနေချောင်ပါ၏။ ထိုအတိုင်း ရောလိုက်ရန်သာ သူ ဆုံးဖြတ်လိုက်ပါတော့သည်။

"မပူပါနဲ့။ ဒီအခက်အခဲပြီးသွားရင် မင်းကို Managerရာထူးငါကိုယ်တိုင်တိုးပေးမယ်။ အခုတော့ မင်း ဟန်ဆောင်ကောင်းဖို့အတွက် မတိုးပေးသေးဘူး"

သို့နှင့် သူမပြောသလို သူ လိုက်လျောရပြန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

သို့တည်းမဟုတ်
တခြား ဘယ်သူမှ မရှိခြင်းသည်က
အာဒံနှင့်ဧဝကို နီးစပ်အောင်
ဖန်တီးထားခြင်းပင် ဖြစ်နိုင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်မှုနှင့်ပတ်သက်ပြီး သူ့နိမိတ်များ သိပ်မကောင်းပါ။ သို့သော်လည်း ညနေသုံးနာရီ သူမနှင့်အတူ ဦးမိုးမြင့်အခန်းထဲသို့ သွားလိုက်ရပါသည်။

"အားလုံး ပိရိပါစေနော်။ နောက်ထပ် မသင်ချင်တော့ဘူး။ ဒီပြဿနာတွေကျော်လွန်ပြီးရင် သားကို Manager ရာထူးတိုးပေးမယ်"

"ဘယ်လိုအဆုံးသတ်ဖို့ စဉ်းစားထားလို့လဲ ? ကျွန်တော် မျက်ခုံးတွေလှုပ်နေတယ်"

"နောက်တော့ ပြောပြမယ်။ ဖေဖေ အခန်းထဲမှာစောင့်နေပြီ။ ဝင်သွားရအောင်"

သူမ သူ့ကို ရေရေရာရာမရှင်းပြ။ အခန်းထဲသို့သာ ခေါ်သွားလေသည်။

အခန်းထဲတွင် ဦးမိုးမြင့်က ရှိနေ၏။

"ဘာသောက်မလဲ မောင်သားကိုကို"

"ဟို . . . ရပါတယ်။ ဘာမှ မရှိလည်း . . . "

"မဟုတ်ပါဘူး ဖေဖေ၊ ကိုကိုက အအေးပဲသောက်တတ်ပါတယ်"

ချက်ချင်း ကိုကိုဟု သူမပြောင်းခေါ်လိုက်၏။ သူကတော့ တတ်နိုင်လှသည့်မိန်းမဟု တွေးပြီး သူမကို ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်သားကိုကို . . ."

"ဗျာ"

သူ အနည်းငယ်တော့ လန့်နေ၏။ သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမလိမ်ဖူးပါချေ။

"မင်းတို့ ဘယ်တုန်းကစပြီး ချစ်မိသွားတာလဲ"

"ဒီလိုပဲပေါ့ ဖေဖေရယ်"

မျက်နှာချိုသွေးရင်း သူ့အစား သူမဝင်ဖြေ၏။

"တိတ်စမ်း နှိုင်းရ။ ငါ သူ့ကိုမေးနေတာ။ ဖြေပါ မောင်သားကိုကို"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ လွန်ခဲ့တဲ့ခြောက်လလောက်ကပါ"

တွေးတွေးဆဆနှင့် သူ ဖြေလိုက်ပါသည်။

"မင်းက သူ့ကိုချစ်ခွင့်ပန်လိုက်တာလား?"

သူမ အချိန်ပြည့် မောက်မာနေကြောင်း ဦးမိုးမြင့်သိ၏။ ထို့အပြင် နှိုင်းရမေမေနှင့် သားကိုကိုဇာတ်လမ်းကြီးက လိမ်စဉ်ကြီးမှန်း ဦးမိုးမြင့် ကောင်းစွာရိပ်မိနေ၏။

"ဟုတ်ကဲ့ . . . တကယ်တော့ ကျွန်တော် သူ့ကို ချစ်ခွင့်မပန်ခဲ့ပါဘူး"

"ဒါဆို ဘယ်လိုလုပ်"

"ဒီလိုလေ . . . ဖေဖေ။ သူက သမီးကို ဂရုစိုက်တယ်။ သမီးက သူ့ကိုချစ်တယ်။ သူဖွင့်မပြောလည်း သမီးကသိနေတယ်။ ဒါနဲ့ပဲ သမီးတို့ ချစ်မိသွားတာ။ ဟီး . . . ဟီး . . . သိပ်တော့ ကဗျာ မဆန်ဘူးပေါ့လေ"

"နင့်ကိုမမေးဘူးနော် နှိုင်းရ။ တိတ်တိတ်နေ"

မျက်နှာချိုသွေးကာဝင်ဖြေသော သူမကို ဦးမိုးမြင့် ဒေါကန်စွာအော်လိုက်လေသည်။

သားအဖနှစ်ယောက်အကြား သူ ခေါင်းကွဲဖို့ကံပါလာသည်လား?

"ပြောပါဦး။ မင်းကို သူက ဘယ်လိုလုပ်ပြီး အဖြေပြန်ပေးခဲ့သလဲ?"

"ဟို . . . သူ ခေါင်းညိတ်ပြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းညိတ်တာနဲ့ မင်းကိုပြန်ချစ်တယ်လို့ မင်းယူဆလိုက်တယ်ပေါ့"

"ဟို . . ."

မေးခွန်းများက သူ့ကို တဖြည်းဖြည်း ချောင်ပိတ်လာပါတော့သည်။

"ကျွန်တော် အလုပ်မှာ Promotion ရဖို့အတွက် . . ."

"ရာထူးတိုးဖို့လား။ မင်း သူ့ကိုချစ်ရင် မင်းကို ရာထူးတိုးပေးမယ်လို့ နှိုင်းရပြောထားလို့လား?"

"ရှင် . . . ဟို . . . မဟုတ်"

သူမ ထိတ်ထိတ်ပျာပျာနှင့် ဝင်ပြောရန်ပြင်သော်လည်း ဦးမိုးမြင့်က လက်ကာပြရင်း တားမြစ်လိုက်၏။

"ပိတ်ထား နှိုင်းရ။ ငါ သူ့ကိုမေးနေတာ။ ဖြေပါဦး သားကိုကို"

အခြေအနေက သူထင်သလောက် မလွယ်ချေ။ ထို့အပြင် ဦးမိုးမြင့်က အကင်းပါးလွန်းပါ၏။

"နှိုင်းရမေမေဆိုတာ အန်ကယ့်တစ်ဦးတည်းသော သမီး။ သူ့မှာ အူဘယ်နှစ်ချောင်းရှိတာလဲဆိုတာကအစ အန်ကယ်ကောင်းကောင်းသိတယ်။ ဒီတော့ မင်းက သူနဲ့ပေါင်းပြီး အန်ကယ့်ကိုလိမ်နေမယ်ဆိုရင် မင်းအနာဂတ်က သံတိုင်ကြားထဲမှာ ပြီးဆုံးသွားလိမ့်မယ်နော်"

"ဗျာ"

သူ ထိတ်လန့်သွား၏။

"မထိတ်လန့်နဲ့ ကိုကို။ နှိုင်းရတို့က တကယ့်ချစ်သူတွေပဲ။ တကယ့်ချစ်သူတွေဖြစ်လို့ပဲ နောက်တစ်ပတ်ထဲမှာပဲ ချောင်းသာမှာ စေ့စပ်ပွဲလေးလုပ်ဖို့ စီစဉ်ထားသေးတယ်"

"ဘာ . . . မင်းတို့နှစ်ယောက်တည်းသဘောနဲ့ စေ့စပ်ပွဲကျင်းပမို့လား?"

ဦးမိုးမြင့် ဒေါသထွက်ရင်းမေး၏။ သူ ထိတ်လန့်နေပြီ။

"ဗျာ . . . မ . . . မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး ဖေဖေ။ သမီး သူ့မေမေဆီကို လှမ်းပြီးအကြောင်းကြားထားပါတယ်။ နောက်ပြီး ဖေဖေ့ကိုလည်း လှမ်းခေါ်ဖို့စီစဉ်ထားတာပါ။ အခု ဖေဖေရောက်လာတော့ အဆင်ပြေသွားတာပေါ့။ သူ့မေမေအပြင် သူ့သူငယ်ချင်းတွေကိုပါ ဖိတ်ထားပါသေးတယ်"

သူက ထိတ်လန့်နေသလောက် သူမကတော့ ငါတစ်ဖို့တည်းကြည့်ပြီး စွတ်ပြောနေ၏။ သူ သေချင်လောက်သည်အထိ ကြောက်လန့်နေသော်လည်း သူမကတော့ ဟန်မပျက်။

"ဟုတ်လား မောင်သားကိုကို"

"ဟုတ်ပါတယ်လို့ ဖြေလိုက်လေ"

သူမ နေရာတကာ သူ့ကိုဦးဆောင်နေ၏။

"ဟုတ် . . . ဟုတ်ပါတယ်"

သူကတော့ မျက်ခုံးခပ်လှုပ်လှုပ်။

"မောင်သားကိုကိုရဲ့မိဘတွေကို ဖိတ်ပြီးပြီလား?"

"မဖိတ်ရသေးပါဘူး"

သူ့ကို တိုက်ရိုက်ကြီးမေးလိုက်သောကြောင့် သူ အမှန်အတိုင်း ဖြေလိုက်၏။

"နှိုင်းရ၊ ညည်းပြောတော့ ဖိတ်ထားတယ်ဆို"

"ဖိတ်ဖို့အစီအစဉ်ရှိတယ်လို့ သမီး အစကတည်းက ပြောတယ်လေ ဖေဖေရယ်"

သူမ ဖြောင်ကြီးလိမ်လိုက်၏။ သူ မျက်နှာပူလွန်း၍ ခေါင်းငုံ့ထားလိုက်မိပါသည်။

"ဟုတ်ပါပြီ၊ ကဲ . . . မောင်သားကိုကို"

"ဗျာ"

"မင်းစဉ်းစားနော် သားကိုကို။ မင်း သူနဲ့ဟန်ဆောင်ပြီး လက်ထပ်တာပဲဖြစ်ဖြစ်၊ အန်ကယ့်ကိုလိမ်တာပဲဖြစ်ဖြစ် အဲ့ဒါက မင်းမှားတယ်နော်။ လိမ်လည်မှုပဲ။ အနည်းဆုံး ခြောက်လလောက် ဂျေးထဲ



www.burmeseclassic.com

www.burmeseclassic.com

အောင်းရလိမ့်မယ်။ နောက်ပြီး အမှုအတွက်လည်း ငွေကုန်ရဦးမယ်။ ဘယ်လိုလဲ?"

"ဗျာ"

"မဗျာနဲ့။ မင်းတို့ တကကယ့်ကိုချစ်ကြတဲ့လူတွေဆိုရင်တော့ အန်ကယ် ဘာမှမတားမြစ်ဘူး။ မင်းတို့ရဲ့စေ့စပ်ပွဲကိုတောင် ဝိုင်းကျင်းပပေးဦးမှာ"

သူ အတော်ပင် ထိတ်လန့်လို့နေပါပြီ။

"မင်းတို့ကို စဉ်းစားဖို့ ခွင့်တစ်ပတ်ပေးမယ်။ တစ်ပတ်ကြာရင် ငါ့ကို အမှန်အတိုင်းပြောကြ။ တစ်ပတ်ပြည့်လို့ ငါမေးတဲ့မေးခွန်းကို အမှန်အတိုင်းမဖြေဘူးဆိုရင်တော့ မင်း . . . သားကိုကို . . . ထောင်ထဲ သွားဖို့ပြင်ထား။ နောက်ပြီး နှင်းရမေမေ၊ ညည်းလည်း လက်ထပ်ဖို့ ပြင်ထား။ ဒါပဲ"

ပြင်းထန်လှသည့် ဦးမိုးမြင့်စကားဆုံးသည်နှင့် သူ ထိုင်ရာမှထ,ရပ်လိုက်ပါသည်။ သူ ကိုယ်ပင်ပူချင်နေပေတော့သည်။

"ကိုကို နားချင်လို့လား?"

သူမ မှင်သေသေနှင့် သူ့ကိုလှမ်းမေး၏။ သူ ကြောင်အမ်းအမ်းဖြစ်နေခိုက် ဦးမိုးမြင့်က . . .

"မင်းပြန်လို့ရပြီ သားကိုကို"

"သမီး လိုက်ပို့ပေးလိုက်မယ်နော်"

"သဘောပဲ"

ဦးမိုးမြင့်အခန်းထဲမှ သူတို့ ထွက်ခဲ့ကြပါတော့သည်။ သူ့ကြောက်လန့်မှုမပြေသေး။ ရန်ကုန်တွင် အလုပ်လုပ်ဖို့တက်လာသော သူသည် ထောင်ထဲသွားရန်တော့ အစီအစဉ်မရှိ။

"လာ . . . ကိုကို။ လိုက်ပို့ပေးမယ်"

ဦးမိုးမြင့် မရှိတော့သော်လည်း သူမ ဟန်ဆောင်ကောင်းနေတုန်း။ သူ့လက်ကိုဆွဲပြီး အခန်းအပြင်သို့ ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူမ ခပ်တည်တည်နှင့်ပင် ကမ်းခြေဖက်သို့ ဆက်လျှောက်သွား၏။ သူမဆွဲခေါ်ရာသို့ လိုက်ပါနေရသော်လည်း သူ အတော်စိတ်ညစ်နေပေပြီ။

သူမပြောသည့်အစီအစဉ်သည် ပြောသလောက်မလွယ်ကူမှန်း သူ တဖြည်းဖြည်း သဘောပေါက်လာပေပြီ။ ထို့အပြင် တစ်ခုခုလွဲမှားသွားလျှင် မန်နေဂျာရာထူးမရသည့်အပြင် ထောင်ပါကျမည့်ကိန်း။

မည်သို့မျှ မဖြစ်။

သူမသည် ကမ်းခြေနားသို့ရောက်သော် သူ့လက်ကို လွှတ်လိုက်၏။

"ကဲ . . . ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ ဆက်လုပ်ရတော့မှာပဲ။ ချစ်သူတွေလို ဟန်ဆောင်မယ်။ လိုအပ်ရင် ဟန်ဆောင်ပြီး စေ့စပ်သင့်ရင်တောင် စေ့စပ်မယ်။ ဟုတ်ပြီလား။ နောက်ပြီး ဒီအကြောင်းတွေကို မင်းမိဘတွေကို ပြောသင့်ရင်ပြောမယ်"

သူမက ဆက်လုပ်ရမည့်အစီအစဉ်တွေကို တောက်လျှောက်ပြောနေသော်လည်း သူ့စိတ်ထဲတွင်တော့ ဦးမိုးမြင့်ပြောသည့် ထောင်ထဲဝင်ရမည့် အတွေးကြီးက စိုးမိုးနေပါ၏။ သူ မည်သို့မျှ ထောင်ထဲသို့မဝင်နိုင်ပေ။

"စေ့စပ်ပြီးမှ ဖေဖေ Ausi ထွက်သွားပြီဆိုရင် နှစ်ဦးသဘောတူ ပြန်လည်ရုတ်သိမ်းလိုက်ကြတာပေါ့။ ဟုတ်ပြီလား?"

မဖြစ်နိုင်။ မည်သို့မျှ မဖြစ်နိုင်။ အတွေးနှင့်အတူ သူ ခေါင်းကိုတဆတ်ဆတ်ခါနေမိပါတော့သည်။

ထို့အပြင် တတွတ်တွတ်မှာကြားနေသော သူမအနားမှ သူ ရည်ရွယ်ချက်မဲ့ ထွက်ခဲ့လေတော့သည်။

"ဟိတ် . . . သား . . . ငါအခု စကားပြောနေတယ်လေ။ မင်း ဘယ်ကိုသွားမှာလဲ?"

သူမ လှမ်းခေါ်၏။ သူ သတိဝင်ကာ ခြေလှမ်းများကို သူမဖက်သို့ ပြန်ဦးတည်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါ နောက်စရာကိစ္စ မဟုတ်ဘူးနော်။ နောက်ပြီး ရလာမယ့်အကျိုး အမြတ်က . . ."

"အော် . . . မင်းက အခု မင်းကိုရာထူးတိုးပေးမယ့်ကိစ္စ ပြောနေတာလား။ တကယ့်ကို ပါရမီရှင်ပီသပါပေတယ်"

"မဟုတ်ဘူး မေမေ။ ကျွန်တော် တကယ်ပြောနေတာ။ ဒါ နောက်စရာမဟုတ်ဘူး"

"ငါလည်း မနောက်ပါဘူး၊ တကယ်ပါ။ ဖေဖေ Ausi သွားပြီဆိုတာနဲ့ မင်းကို မန်နေဂျာရာထူးပေးမယ်"

"မဟုတ်ဘူး။ ကျွန်တော်ပြောတာ အဲ့ဒါမဟုတ်ဘူး။ အခုက လိမ်လည်မှု။ အခန့်မသင့်ရင် ထောင်ပါကျနိုင်တယ်။ ကျွန်တော် ရွာကရန်ကုန်ကိုတက်လာတာ အလုပ်လုပ်ဖို့။ ထောင်ထဲမှာနေဖို့ မဟုတ်ဘူး"

ခပ်တည်တည် သူ့အပြောကြောင့် သူမ သူ့ကိုငေးကြည့်နေ၏။ သူ လက်ပြရင်း အပြတ်ပြောပြီး သူမကိုကျောခိုင်းကာ လျှောက်ခဲ့လိုက်၏။

"သား . . . သားကိုကို . . . သားကိုကို"

သူမ အနောက်မှ တစာစာလှမ်းခေါ်သော်လည်း သူ လှည့်မကြည့်တော့။

"ကောင်းပြီ၊ ကောင်းပြီ။ ရှင် Manager ဖြစ်ဖို့ကိစ္စကို လျစ်လျူရှုတော့မယ်ပေါ့"

သူမစကားအဆုံး သူ့ခြေလှမ်းများ တုံ့ခနဲရပ်သွားရ၏။ တော်ပါသေး၏။ သူ့ချက်ကောင်းကို သူမ ကိုင်လိုက်နိုင်သည်။

"Manager မဖြစ်ဘဲနဲ့ ထောင်ထဲဝင်ဖို့ ငါမရဲဘူး မေမေ။ နောက်ပြီး ငါ အမှုရင်မဆိုင်ချင်ဘူး"

"ဟုတ်ပါပြီ။ ရှင် ဒါတွေရင်မဆိုင်ရပါဘူး။ ကျွန်မတို့ ပိုင်ရဲ့ သရုပ်ဆောင်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

သူမ သူ့ကို တောင်းပန်ဟန်နှင့်ပြောသော် သူမတောင်းပန်မှုကို ခံလိုက်ရသည့်အရသာက လွန်စွာချိုမြိန်မှန်း သတိထားမိလိုက်ပါသည်။

"နောက်ပြီး ဟန်ဆောင်ရမယ့် တစ်လဆိုတဲ့အချိန်က နည်းတဲ့အချိန် မဟုတ်ဘူး။ ဒီတော့ ကျွန်တော်ထွက်တယ်။ ရာထူးမတိုးပေးလည်း ပြဿနာမရှိဘူး။ နှုတ်ဆက်ပါတယ် မနိုင်းရမေမေ"

သူ ပြောပြီးချာခနဲလှည့်ထွက်လိုက်သည်။ သူမ ထိုအတိုင်းလက်လျှော့လေ့မရှိ။ ထို့ကြောင့် သူ့ကို အနောက်မှလှမ်းခေါ်၏။

"သားကိုကို . . . သားကိုကို ဟုတ်ပြီ၊ ကောင်းပြီ။ ရှင့်ကို ဒီတစ်ပတ်ရန်ကုန်ကိုပြန်ရောက်တာနဲ့ Manager ရာထူးပေးမယ်။ ဘယ်လိုလဲ? နောက်ပြီး လစာကိုလည်း နှစ်ဆတိုးပေးမယ်။ ဟုတ်လား?"

သူမ၏ညှိနှိုင်းမှုက သူ့အတွက်တော့ ကျေနပ်စရာပင်။ သူ့ခြေလှမ်းများ တုံ့ခနဲရပ်သွားရပြန်၏။

"လစာနှစ်ဆ၊ Manager ရာထူး။ နောက်ပြီး ရှင့်အတွက် နေဖို့ပါတိုက်ခန်းပေးမယ်။ ဘယ်လိုလဲ?"

သူ ခြေလှမ်းရပ်ပြီး သူမဖက်သို့ ပြန်လှည့်ခဲ့ရတော့သည်။

"မင်း သေချာလား"

"သေချာပါတယ်။ နောက်ပြီး ရှင်တောင်းဆိုတာမှန်သမျှ ဖြည့်ပေးမယ်"

"ဒါဆို မင်းငါ့ကို ကိုကိုလို့ခေါ်ရမယ်"

"အလုပ်ချိန်ပြင်ပမှာလား?"

သူမ ဘေးကျပ်နံကျပ်ဖြစ်နေတာတောင် ဈေးစစ်ချင်နေသေး၏။

"မဟုတ်ဘူး။ အချိန်တိုင်းမှာ"

"ဟုတ်ပြီ၊ ခေါ်မယ်။ ကိုကိုနော်"

"နောက်ပြီး မင်းကိုငါ နိုင်းရလို့ခေါ်မယ်"

"ဒါကတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"“အေးလေ၊ မင်းမကျေနပ်ဘူးဆိုလည်း ငါ့ဖက်ကတော့တာပဲ”

ပြောရင်း ပြန်လှည့်ထွက်ရန်ပြင်တော့ သူမ မျက်နှာငယ်လေးနဲ့တား၏။

“အင်း . . . ခေါ် ခေါ်။ နိုင်းရလို့ပဲ ခေါ်။ အရှေ့က မ,တပ်ပြီး မနိုင်းရလို့ရော မခေါ်ချင်ဘူးလား။ ကျွန်မက ရှင့်ထက်အသက်ကြီးတယ်လေ”

“လေးလပဲကြီးတဲ့မိန်းမကို ငါ မ,တပ်ပြီးမခေါ်နိုင်ဘူး”

“ကောင်းပြီ။ ခေါ်လေ။ ကိုကို ကြိုက်သလိုခေါ်”

သူမ အပိုးကျိုးလွန်းနေ၏။

“နောက်ပြီး မင်း ငါ့ကို တစ်ပတ်အတွင်း ရာထူးတိုးပေးရမှာနော်”

“အင်းပါ။ စိတ်ချ”

“ငါ့ကို မင်း ကော်ဖီဖျော်ခိုင်းခွင့် မရှိတော့ဘူး”

“အင်းပေါ့။ နားလည်ပါတယ်”

သူ့ကိုအနိုင်ကျင့်သမျှ သူမကို အနိုင်ပြန်ကျင့်ရသည်က ချိုမြိန်လွန်းလှပါ၏။

“နောက်ဆုံးအနေနဲ့ မင်းကိုလက်ထပ်ဖို့ ငါ့ဆီမှာ လက်ထပ်ခွင့်တောင်းပါ။ တရားဝင်ပေါ့။ မင်းနှုတ်က . . .”

“ဘယ်လို?”

တခြားအခြေအနေမှာဆိုရင် သူ အရိုးတခြား၊ အသားတခြား ဖြစ်သွားနိုင်သည်။ ယခုတော့ သူမ၏ နိမ့်ပါးနေသည့်အခြေအနေ။ သည်းခံနေရဦးမည်ပင်။

“ရှင့်ဆီက . . .?”

“ကိုကို့ဆီက . . .”

သူမကို သေချာစွာ သူ အခေါ်အပြောအတွက် နှုတ်တိုက်သင်ပေးလိုက်သော် သူမ ခေါင်းကို ဆတ်ခနဲညိတ်ရင်း . . .

“ကိုကို့ဆီက လက်ထပ်ခွင့်တောင်းရမယ်။ ဟုတ်လား?”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ။ မင်း ဒူးထောက်ပြီးတော့ကို တောင်းရမယ်။ နောက်ပြီး အရမ်းအရမ်းကို ညင်ညင်သာသာ၊ ခယယနဲ့ တောင်းရမယ်"

"အို . . ."

သူမ အလွန်စိတ်ပျက်နေ၏။ သို့သော် ငြင်း၍မရသောအခြေအနေ။

"ကောင်းပြီလေ။ တောင်းပါ့မယ်"

သူမတို့ရောက်နေသည်က ကမ်းခြေအနီး။ ညနေပိုင်း လမ်းလျှောက်သူ၊ ရေကစားသူ၊ အပန်းဖြေသူများနှင့် ပြည့်နှက်နေသည့်နေရာ။ သူ့အထင်ကတော့ သူမ ဒူးမထောက်လောက်ဘူးပေါ့။ သို့သော် ဖြစ်ချင်တာကို ရအောင်လုပ်တတ်သူပီပီ သူမ များပြားလှစွာသော လူအများအပြားအကြား သူ့အရှေ့တွင် ဒူးထောက်လိုက်ပါတော့သည်။

ကမ်းခြေမှလူအများ သူနှင့်သူမကို အထူးအဆန်းသဖွယ် ငေးကြည့်ကြတော့၏။

တကယ်ဒူးမထောက်ဘူးထင်သောကြောင့် တောင်းဆိုလိုက်သော်လည်း တကယ်တမ်း သူမဒူးထောက်လိုက်ချိန်တွင် အလွန်ရှက်မိသည်က သူပင်။ သူမကတော့ ခပ်တည်တည်နှင့်။

"ကျွန်မကို လက်ထပ်ပါ သားကိုကို"

သူမအသံက အနည်းငယ် မာထန်နေ၏။ ရှက်နေသော်လည်း ပေါက်သည့်နဖူး မထူးတော့။ ထို့ကြောင့် သူ ခေါင်းခါလိုက်ပါသည်။

"လက်မထပ်ဘူး"

"ဘာဖြစ်လို့ ?"

"မင်း တောင်းပန်ခယသံက မာနေတယ်။ ငါပြောတာက ညင်သာပြီး ပျော့ပြောင်းနေရမယ်"

"အင်း . . . ကောင်းပြီလေ"

လိုချင်တာကို ရအောင်လုပ်ချင်သူပီပီ သူမ ကြိုးစားရန်စဉ်းစားရင်း သက်ပြင်းချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသားကိုကိုရယ် . . . ကျွန်မနှိုင်းရမေမေကို သနားသောအား ဖြင့်၊ စာနာထောက်ထားသောအားဖြင့် လက်ထပ်ပါရန် အနူးအညွတ် တောင်းဆိုပါတယ်။ သင်ကသာငြင်းလိုက်မယ်ဆိုရင် ကျွန်မ ရင်နှစ် ခြမ်း ဖြန်းဖြန်းကွဲ သေရပါတော့မယ်"

သနားစရာမျက်နှာထားနှင့် သူမ တောင်းခံလိုက်သောကြောင့် သူ ကျေနပ်စွာပြုံးလိုက်ပါသည်။ အရသာရှိလိုက်ပါဘိ။

"ကောင်းပြီလေ။ မင်းလိုမိန်းမကို လက်ထပ်ရမှာ ကျေနပ်စရာ မကောင်းပေမယ့် သနားသောအားဖြင့် ကိုယ် လက်ထပ်ပါ့မယ်။ ကဲ . . . တာ့တာ"

သူ ပြောပြီး သူမကို ဒူးထောက်ထားခဲ့ကာ လှည့်ထွက်ခဲ့ပါတော့ သည်။ သူ့စိတ်ထဲတွင် ရှိန်းတိမ်းတိမ်းလိုလို၊ ပျော်သလိုလို။

ကမ်းခြေသို့ရိုက်ခတ်လာသည့် လှိုင်းလုံးထဲသို့ ပြေးဝင်ကာ ဆော့ကာ စားလိုက်မိပါတော့သည်။

"သားကိုကိုကွ"

ကိုယ့်ကိုယ်ကိုယ်လည်း အားရစွာ အော်ဟစ်လိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မနက်မိုးလင်းသည်နှင့် ဦးမိုးမြင့်အခန်းသို့ သူနှင့်သူမ ထွက်ခဲ့လိုက်ပါတော့သည်။

"ဖေဖေ့ရှေ့ရောက်ရင် ပိရိပါစေနော်"

"အင်းပါ၊ ပိရိမှာပါ။ မင်းလည်း ငါ့ကို ကိုကိုလို့ပဲ ခေါ်ရမှာနော်။ မေ့နေပြီလား?"

သူ အနိုင်ကွက်နင်းပြီး ပြောလိုက်သော် သူမ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြန်ဖြေ၏။

"အင်းပါ၊ ခေါ်ပါ့မယ် ကိုကိုရယ်။ ဟုတ်ပြီလား?"

ပြောရင်းနှင့် ဦးမိုးမြင့်အခန်းရှိရာသို့ သွားလိုက်ကြပါသည်။ ဧည့်ကြိုကောင်တာတွင် ဦးမိုးမြင့်က အခန်းပြန်အပ်နေ၏။

"ဟင် . . . ဖေဖေပြန်တော့မလို့လား?"

အသံက စိုးရိမ်သံစွက်နေသော်လည်း သူမ ကျေနပ်နေသည်ကို သူသိနေ၏။ တစ်ဖက်သို့လှည့်ကာ မျက်နှာမဲ့လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ပြန်တော့မယ်။ ရန်ကုန်မှာ အလုပ်တွေက မပြတ်သေးဘူး။ ငါ့သမီးရဲ့ချစ်သူက ဘယ်လိုပုံစံလဲဆိုတာ လာကြည့်တာ။ ဒါပေမဲ့ နောက်တစ်ပတ်အတွင်း ငါပြန်လာမှာ နိုင်းရ။ ဒီအတောအတွင်း နင်တို့ ကောင်းကောင်းနေကြပေါ့"

"အင်း . . . သမီးတို့က ဒီမှာပျော်နေတာ ဖေဖေရဲ့။ ဟန်းနီးမွန်းထွက်လာကြတယ်လို့တောင် အောက်မေ့နေတာ"

သူမပြောရင်း သူ့လက်မောင်းကို လှမ်းဖက်လိုက်၏။ သူ ရုတ်တရက် အံ့အားသင့်ကာ သူမကိုကြည့်လိုက်စဉ် သူမ သူ့လက်မောင်းကို ဆောင့်အောင့်ကာ ဆွဲချလိုက်၏။ သို့မှ သူ အထာညက်သွား၏။ သို့သော် သူနှင့်သူမကို မျက်ထောင့်နီနှင့်ကြည့်နေသူ ဦးမိုးမြင့်။ ဦးမိုးမြင့်က ပါးနပ်သူပီပီ အခြေအနေကို သဘောပေါက်၏။

"ကဲပါ . . . ပျော်တယ်ဆိုလည်း ပျော်ပေါ့။ နောက်ပြီး အလုပ်ကြီးပဲ စွတ်လုပ်မနေနဲ့ဦး။ ရေထဲလည်း ဆင်းဦး။ ဟုတ်ပြီလား?"

ရာသီဥတုက လိုအပ်သည်ထက် ပိုသာယာနေသောကြောင့် သူ အနည်းငယ်တော့ မျက်ခုံးလှုပ်ပါ၏။ သူမကတော့ သွားသုံးဆယ့်နှစ်ချောင်းကို ဖြီးလို့။

"ကဲ . . . ငါသွားပြီ"

"သမီးတို့ ကားအနားကို လိုက်ပို့ပေးမယ်လေ"

"ရတယ်၊ မလိုဘူး။ ကိုယ့်ဘာသာပြန်မယ်။ နင်တို့ မနက်စာ သွားစားကြတော့"

ပြောပြီး ဦးမိုးမြင့် ဟော်တယ်ထဲမှ ထွက်သွား၏။ သူမက ဦးမိုးမြင့်ကိုကြည့်ရင်း သက်ပြင်းချလိုက်ပါသည်။

"တွေ့လား။ အေးဆေးပါလို့။ ကဲ . . . လာ၊ တစ်ခုခုသွားစားကြရအောင်"

ပြောပြီး သူနှင့်သူမ မနက်စာစားရန် Dining Room ထဲသို့ ဝင်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူမ စားချင်သည်ကို သူမကိုယ်တိုင်ပင် မှာလေ၏။

"အေးအေးဆေးဆေးပါ။ ဘာပြဿနာမှ မရှိဘူးဆိုတာ ငါ ကောင်းကောင်းသိတယ်"

"ဒါပေမဲ့ . . . ဒီကိစ္စ ဒီမှာပဲပြီးသွားလိမ့်မယ်လို့ မထင်နဲ့နော်။ ဒီလောက်နဲ့ အဆင်ပြေမယ်မထင်ဘူး"

"ပြေပါတယ်။ ပြေတာမှ ဟိုဖက်ကမ်းတောင် ရောက်နေသေးတယ်။ ဒီတော့ ဟိုတစ်ရက်ကပြောထားတဲ့အလုပ်တွေကို အခု နေ့လယ်စာစားပြီးတာနဲ့ စလုပ်ကြတာပေါ့။ ဟုတ်ပြီလား?"

ပြဿနာအေးသွားသည်နှင့် သူမ ဒုံရင်းကဒုံရင်း။ သူ့ကို ခိုင်းပြန်၏။ လတ်တလော သူက သူမလက်ထောက်ဖြစ်နေသောကြောင့် ခေါင်းညိတ်လိုက်ရပါသည်။

"အင်းပါ . . . စလုပ်မှာပါ"

သူ မနက်စာပင် စားချင်စိတ်မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

မကောင်းစဖူး သူမ သဘောကောင်းနေ၏။ ထို့ကြောင့် နေ့လယ် နေ့ခင်း ကမ်းခြေဖက်အရိပ်ရရာတွင် သူမနှင့်အတူ အုန်းရေလေးသောက် ရင်း သူ အပန်းဖြေခွင့်ရနေ၏။

"ပင်လယ်ကြီးက လှလိုက်တာနော်"

"ဟုတ်တယ်၊ အရမ်းလှတာ"

သူမ အုန်းလက်ဦးထုပ်လေးဆောင်းထားသည်မှာ တကယ်ပင် ချစ်စရာလေး။ သို့သော် သူတော့ မခံစားတတ်။ သူမကို စုန်းကဝေပေါက် စဟု၍သာ မြင်၏။

ထိုစဉ် သူ့နားထဲ ကြားဖူးနေကြအသံတစ်ခုကို မထင်မှတ်စွာ ကြား လိုက်ရပါသည်။

"သား . . . သားကိုကို"

သူ့မေမေ ဒေါ်ဆွေလှိုင်း၏အသံ။ သူ အသံလာရာကို လှည့်ကြည့် လိုက်သော် . . .

"ဗုဒ္ဓေါ . . ."

သူ ငုံထားသည့်အုန်းရေများပင် ထွက်ကျကုန်၏။ သူ့မေမေ ဒေါ်ဆွေလှိုင်း သူ့ထံသို့ တည့်တည့်ကြီးလျှောက်လာနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တာလဲ သားကိုကို?"

အလန့်တကြားဖြစ်နေသော သူ့ကို သူမ နားမလည်နိုင်စွာမေး၏။

"ဟိုမှာ ကျွန်တော့်မေမေ . . . ကျွန်တော့်မေမေ လိုက်လာတယ်"

"ဘယ်လို?"

သူမကပါ ကြောက်လန့်တကြားထရပ်၏။ ဒေါ်ဆွေလှိုင်းက ပြုံးလျက် သူမတို့အနားသို့ရောက်လာ၏။

"မေမေ . . . ဘယ်လိုလုပ် မေမေရောက်လာတာလဲ?"

နားမလည်နိုင်စွာမေးလိုက်စဉ် မေမေက သူ့ကို အသားကုန်ဖက်လိုက်ပါ၏။

"အမယ်လေး . . . မေမေ့သားလေးတောင် လူဖြစ်နေပြီ"

ဘာဆိုဘာမှမဆိုင်။ သူ နားလည်စွာ မေမေ့အဖက်ခံနေရ၏။ သူမက သူ့ကိုမေးသော် သူ မျက်ခုံးတွန့်ရင်း နားမလည်ကြောင်း ဖြေလိုက်မိပါသည်။

"မေမေ . . . ခဏနေပါဦးမေမေရယ်။ ကျွန်တော့်ကိုလည်း နည်းနည်းရှင်းပြပါဦး"

သူ နားမလည်နိုင်စွာမေးလိုက်မှ မေမေက သူနှင့်ကိုယ်ချင်းခွာလိုက်၏။

"ပြောစမ်း . . . သားကိုကို။ ဒါက မေမေ့ချွေးမလေးလား?"

"ဗျာ . . ."

မေမေက သူ့ကို ဘာမှမရှင်းပြ။ သူမကိုပါ သူ့ကဲ့သို့ အားကုန်ဖက်လိုက်ပြန်၏။ မေမေ့ အားကုန်ဖက်လိုက်မှုကြောင့် သူမ 'အ'ခနဲပင် ဖြစ်သွားရ၏။

"ဝမ်းသာလိုက်တာ ချွေးမလေးရယ်။ ငါ့ချွေးမလေးက ချောလိုက်တာ"

ဖက်ရင်း မေမေကပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ ဖက်တာလည်း ဖက်ပေါ့။ အခု မေမေတို့ ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲဆိုတာ နည်းနည်းတော့ ပြောပြဦးလေ . . . နော်"

သူ တောင်းတောင်းပန်ပန်နှင့်ပြောတော့မှ ဒေါ်ဆွေလှိုင်း သူမကို လွှတ်လိုက်၏။ ဒေါ်ဆွေလှိုင်းဖက်မှုကြောင့် သူမ ချောင်းပင်ဆိုးလိုက်ရပါသည်။

"အဟွတ် . . . အဟွတ် . . ."

"လွန်ခဲ့တဲ့ သုံးနာရီလောက်က ဖုန်းဝင်လာတယ်။ သားကိုကိုတို့ အိမ်ကလားတဲ့"

"ဘယ်သူဆက်တာလဲ မေမေ"

"ဦးမိုးမြင့်ဆက်တာလေ"

"ရှင် . . .?"

"ဗျာ . . .?"

သူနှင့်သူမ ပြိုင်တူ၊ အသံတူ၊ အာမေဋ္ဍိတ်သံများ။ သွက်လိုက်တဲ့ ဖေဖေ။ သူမကို ချောက်ချလိုက်ခြင်းပင်။

"မင်းတို့က ဒီမှာစေ့စပ်ဖို့ ငါတို့ကို ဖုန်းဆက်ခေါ်တော့မှာဆို။ အဲ့ဒါကြောင့် တစ်ခါတည်းထွက်လာလိုက်တာ။ လာ . . . လိုက်ခဲ့ကြဦး။ ဟိုမှာ ဘယ်သူတွေပါသလဲဆိုတာ လိုက်ကြည့်ကြဦး၊ လာ.."

ဒေါ်ဆွေလှိုင်း လွန်စွာတက်ကြွနေ၏။

"ဘယ်သူတွေပါလာလို့လဲ မေမေ"

"မင်းဘွားဘွားရော၊ မင်းသူငယ်ချင်းတွေပါ ပါလာတယ်"

"ဗျာ . . ."

"ကဲပါ၊ ဗျာမနေနဲ့။ ကဲ . . . လာ၊ မင်းဘွားဘွားနဲ့ မေမေ့ချွေးမလေးကို သွားမိတ်ဆက်ပေးရအောင်"

"မေမေသွားနှင့်လေ။ သားတို့လိုက်ခဲ့မယ်။ အုန်းရေဖိုးရှင်းဦးမယ်"

"ဒါဆို လာ . . . သမီးလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူမလက်ကိုလှမ်းဆွဲရင်းပြောသော် သူက လက်ကို လှမ်းဖြုတ်လိုက်ပါသည်။

"နေဦးလေ မေမေရယ်။ သားတို့နှစ်ယောက် အနောက်က လိုက်ခဲ့မယ်လေ။ နော် . . ."

သူ့စကားကြောင့် မေမေက ပြုံးပြုံး၊ ပြုံးပြုံးနှင့် သူနှင့်သူမကိုကြည့်ရင်း . . .

"အင်းပေါ့ . . . ၊ မေမေနားလည်ပါတယ်။ ချစ်စ၊ ခင်စ၊ ကြင်နာစဆိုတော့ တစ်စက္ကန့်တောင် ခွဲချင်မှာမဟုတ်ဘူးပေါ့လေ။ အင်းပါ ကဲ . . . ကဲ . . . အနောက်ကသာ လိုက်ခဲ့ပေတော့"

ဒေါ်ဆွေလှိုင်း သူ့ကိုပြောပြီး ဟိုတယ်ဖက်သို့ လှည့်ပြန်သွားလေသည်။

ဒေါ်ဆွေလှိုင်း အတော်လှမ်းလှမ်းသို့ရောက်သည်နှင့် သူမ လေပူတစ်ခု မှုတ်ထုတ်လိုက်၏။

"ဒါ ဖေဖေ သက်သက်ခွင်ဆင်တာ။ ငါလိမ်နေမှန်းသိလို့ သက်သက် ဘူးပေါ်သလို ပေါ်အောင်လုပ်တာ"

"ကဲ . . . ဒါဆို မင်းအခု ဘာဆက်လုပ်ဖို့ရှိလဲ?။ ဟိုမှာ ငါ့မေမေ တောင်လိုက်  ာပြီ"

"မရဘူး။ ငါ MDရာထူးကို ရအောင်ယူမယ်။ နောက်ပြီး ဟန်ကြီး မောင်နဲ့ လုံးဝလက်မထပ်ချင်ဘူး။ ဒီတော့ ပွဲကိုပြီးအောင်ဆက်ကမယ်။ ဒါပဲ။ ဒီတော့ ရှင်သာ ပီရိပါစေ"

သူမအကြောင်းကို သူ ကောင်းစွာသိပါ၏။ သူမ မည်သို့မျှ နောက်ဆုတ်လိမ့်မည်မဟုတ်။

"ကောင်းပြီလေ။ အေး . . . မင်းလည်း ငါ့ကို နိုင်ငံထက်စီးနင်း မဆက်ဆံမိစေနဲ့။ ငါပြောတိုင်း ဟုတ်ကဲ့လို့ပဲပြော။ ငါက မိသားစုထဲမှာ သားအကြီးဆုံး"

"ရှင်တို့က မောင်နှမ ဘယ်နှစ်ယောက်ရှိလို့လဲ?"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တည်း"

သူမ ဟက်ခနဲပြုံးလိုက်မိပါသည်။ သူသည် သူမကို ဒေါ်ဆွေလှိုင်းနှင့်စကားမပြောခင် အိုးတိုးအန်းတန်း မဖြစ်ရလေအောင် သင်ပေးနေခြင်း ဖြစ်ပါတော့သည်။

"နောက်ပြီး မင်းဘာကြိုက်တတ်လဲ၊ ဘာစားတတ်လဲ။ အဲ့ဒါတွေကို ပြောပြထားဦး။ ဒါပေမဲ့ အများစုကိုတော့ ငါသိနေပါပြီ"

"ဘယ်လိုလုပ်သိတာလဲ?"

"မင်းနဲ့အလုပ်တွဲလုပ်လာတာ သုံးနှစ်လေကွာ။ သုံးရက်မှ မဟုတ်တာ"

သူမ၏ဝေယျာဝစ္စများကို သူလုပ်ပေးရသောကြောင့် သူမအကြိုက်တော်တော်များများကို သူသိနေ၏။

"မင်းကတော့ ငါ့အကြိုက်ကို မှတ်ထားသင့်တယ်။ ငါ အစပ်သိပ်ကြိုက်တယ်။ နောက်ပြီး မနက်မိုးလင်းရင် လက်သုပ်စားရတာ သိပ်နှစ်သက်တယ်"

"အင်း . . ."

"ညဖက် နို့တစ်ခွက်သောက်ပြီးမှ အိပ်တတ်တယ်။ ငါအကြိုက်ဆုံးအစားအစာက ငါးကင်။ ငါးကြင်းကင်ပေါ့"

"ဟုတ်ကဲ့"

သူပြောသမျှကို ခေါင်းလေးတစ်ညိတ်ညိတ်နှင့် သူမ နားထောင်ရှာပါသည်။ အရင်ကနှိုင်းရမေမေသည် ယခုနှိုင်း့မေမေမှ ဟုတ်ပါစဟု သူတွေးလိုက်မိပါတော့၏။

"နောက်ပြီး ငါ သစ်ထွင်းလှေလုပ်ရတာ ကျေနပ်တယ်။ စိတ်ညစ်ရင်လည်း သစ်ထွင်းလှေလုပ်တတ်တယ်။ ပျော်ရင်လည်း သစ်ထွင်းလှေလုပ်တတ်တယ်"

"သစ်ထွင်းလှေဆိုတာက . . .?"

"သစ်လုံးကြီးတစ်ခုကို အလယ်ကနေ ခွက်ဖြစ်အောင်လုပ်ပြီး ရေပေါ်မှာစီးတာ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . ."

"နောက်ပြီး ငါ့တင်ပါးမှာ မှည့်နှစ်လုံးရှိတယ်။ တစ်လုံးက အနီရောင်၊ တစ်လုံးက အနက်ရောင်"

"အဲ့ဒါ ကျွန်မသိစရာလိုလို့လား?"

သူမ ရှက်သွေးဖြာရင်း ပြန်မေးလိုက်ပါသည်။

"လိုတယ်ထင်လို့ပေါ့ကွ။ ငါ့သူငယ်ချင်းတွေက သိပ်ညစ်ပတ်တာ။ ငါတို့က စေ့စပ်တော့မယ်လို့ပြောထားတော့ သူတို့က မေးချင်မေးနိုင်တယ်။ အဲ့ဒါကြောင့် မှတ်ထား"

"ဟုတ်။ တစ်ခုက အနီ၊ တစ်ခုက အမည်းနော်"

"အနက်ပါကွာ"

"သြော် . . . အနက်၊ အနက်"

ရှက်နေသော်လည်း မပြီး။ သူမဖန်တီးထားသည့်ဇာတ်ကို နိုင်အောင်က,ရတော့မည်ပင်။

"သြော် . . . နောက်ပြီး မင်းမှာလည်း ထူးထူးခြားခြား မှတ်သားစရာရှိသေးလား?"

"ကျွန်မကြိုက်တတ်တဲ့ အစားအစာတွေကို မှတ်ထားဦးနော်"

"ကိုယ် အားလုံးသိပါတယ်။ မင်းဝယ်ဝယ်ခိုင်းနေတော့ မှတ်မိနေတာ"

"အစားအသောက်တွေအားလုံးထဲမှာ ဘယ်အစာကို ကျွန်မအကြိုက်ဆုံးလဲ"

"ကော်ဖီ၊ ဟုတ်တယ်နော်"

"အင်း . . ."

သူ မှတ်မိနေသည့် သူ့ကိုယ်သူလည်း အံ့ဩမိပါသည်။ သို့သော်လည်း နေ့စဉ်ဝယ်ပေးခဲ့ရသည်လည်း မဟုတ်ပါလား။

"မင်းမှာ ထူးထူးခြားခြားအမှတ်အသားက ခါးမှာ မှည့်သုံးလုံးရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို?"

ရုတ်တရက် ဒေါကန်ရင်းအော်လိုက်သည့် သူမအသံက အနည်းငယ်မြင့်သွား၏။ ကမ်းခြေမှလူများ သူမရှိရာသို့ လှည့်ကြည့်ကြလေတော့သည်။

"မင်း ဘာလို့ထ,အော်တာတုံး"

"ရှင် . . . ရှင် . . . ဘယ်တုန်းက ကျွန်မကိုကြည့်ထားတာလဲ?"

သူမ ထိတ်လန့်တကြား မေးမိလိုက်ပါသည်။

"မင်း ခါးကုန်းနေတုန်းက ခါးလွတ်နေတယ်လေ။ အဲ့တုန်းက မြင်သွားတာ"

"ရှင် ချောင်းကြည့်ထားတာပေါ့။ ဟုတ်လား?"

"သေလိုက်ပါလား။ ချောင်းကြည့်တာမဟုတ်ဘူး။ မင်းခုံအောက်က စာရွက်ကုန်းကောက်တုန်းကတွေ့တာ။ လွန်ခဲ့တဲ့ နှစ်,နှစ်လောက်တုန်းကလေ"

"လွန်ခဲ့တဲ့နှစ်,နှစ်လောက်တုန်းကဟာကို ရှင်က မှတ်မိနေတယ်ပေါ့"

"မှတ်မိတာမဟုတ်ဘူးလေ။ ဒီလိုပဲ သိနေတာပေါ့"

သူ မလုံမလဲနှင့် ငြင်းချက်ပြန်ထုတ်သော်လည်း သူမ သူခိုးဖမ်းသည့် အကြည့်နှင့် သူ့ကိုကြည့်နေလေတော့သည်။

"မင်း အဲ့လိုမကြည့်နဲ့။ ငါက သိနေတာ။ ဒါပဲ"

"ဒါဆိုလည်း ရှင်အခု ခေါင်းထဲကထုတ်လိုက်တော့။ အဲ့ဒီမှည့်တွေက အခုပျောက်သွားပြီ"

"ဟင် . . . မှည့်ကပျောက်စရာလား"

"နှစ်,နှစ်ကြာလို့ ပျောက်သွားပြီ။ ဒါပဲ"

သူ ထူးထူးဆန်းဆန်းနှင့် သူမကိုကြည့်လိုက်မိပါသည်။

"သေချာလို့လား?"

"သေချာတယ်"

"မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မယုံလည်း လဲသေလိုက်"

သူမ မသိအောင် သူ ကျေနပ်စွာပြုံးလိုက်မိပါတော့သည်။ ထို့နောက် မျက်နှာမာန်ကိုပြန်တင်းလိုက်ရ၏။

"ဒါနဲ့ မင်း ငါ့ကို ကိုကိုလို့ခေါ်ပါ့မယ်လို့ ကတိပေးထားတယ်နော်"

"အင်းပါ၊ ခေါ်မှာပါ။ ရုတ်တရက်ကြီးဆိုတော့လည်း ဟဲ . . . ဟဲ . . . ဟိုလေ . . . ခေါ်ရမခက်ပေမယ့် ရှင်နားထောင်ရခက်နေမလား လို့"

သူမ မျက်နှာချိုလေးသွေးရင်းပြောသည်ကို သူ အသည်းယားမိပါ၏။ ခံစမ်း နှိုင်းရမေမေ။ ငါ့တုန်းက နင်အကြိုက်ခိုင်းထားတာ။ အကြိုက် ပုံစံပေးပစ်လိုက်ဦးမယ်။

"ခေါ်စမ်းပါ။ နောက်ပြီး ငါ့မိဘတွေက ငါယူမယ့်မိန်းမ ငါ့ကိုရိုသေ တာပဲဖြစ်ပေ့စေတဲ့။ တော်ကြာ မိဘတွေက သဘောမတူဘူး၊ ဘာဘူး ဆိုရင် မင်း သက်သက် ဟန်ကြီးမောင်နဲ့ လက်ထပ်ရလိမ့်မယ်နော်"

"အင်းပါ၊ အင်းပါ။ ခေါ်ပါ့မယ် ကိုကိုနော်။ ကဲ . . . အခု ကျွန်မတို့ ကိုကို့မေမေဆီကို လိုက်သွားကြတော့မလား?"

သူမ ခေါင်းလေးတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်သော် သူ ကျေနပ်စွာကြိတ်ပြုံးလိုက်ရပါတော့သည်။

"အင်းလေ . . .၊ သွားကြတာပေါ့"

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ထဲတွင် သူ့မိဘများ အဆင်သင့်စောင့်နေ၏။ ဘွားဘွား ဒေါ်လှိုင်းမေခင်၊ မေမေ ဒေါ်ဆွေလှိုင်း လက်လေးပြရင်း စောင့်နေ၏။ သူနှင့်သူမ ဒေါ်ဆွေလှိုင်းတို့အနားသို့ရောက်သည်နှင့် သူက ဦးဆောင်ပြီး မိတ်ဆက်ပေးပါသည်။

"ဒါက ငါ့မေမေ။ အခုန မင်းနဲ့ ကမ်းခြေမှာ တွေ့ပြီးပြီလေ"

"တွေ့ပြီးလည်း ထပ်မိတ်ဆက်မယ်။ တွေ့ရတာ ဝမ်းသာပါတယ် သမီး"

ဒေါ်ဆွေလှိုင်း နွေးထွေးစွာကြိုဆိုလိုက်ပါသည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်အန်တီ"

"နောက်ပြီး ဒါက ငါ့ဘွားဘွား။ အချစ်ရဆုံး ဘွားဘွား"

"တွေ့ရတာဝမ်းသာပါတယ် ဘွားဘွား"

"ညည်းက ငါ့သားလေးကိုအရမ်းခိုင်းတဲ့ Company ပိုင်ရှင်မိန်းမ လား?"

သူ ဖုန်းဆက်ပြီးအတင်းတုတ်ထားသမျှ ဘွားဘွားက ရှုံ့ကြီးပိပိ ရိုးရိုးသားသားကြီးမေးချလိုက်တော့ သူမမျက်နှာ ကွက်ခနဲ့ပျက်သွားတော့၏ ။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး ဖိနပ်ကအစဝယ်ခိုင်းတာလည်း မင်းပေါ့"

သူမ ကြောင်အမ်းအမ်းနှင့် ကြည့်နေမိပါတော့သည်။

"အလကား သမီး၊ မေမေက ဒီအတိုင်းပဲ စ,နောက်နေတာ။ ဘာမှ စိတ်ထဲမထားနဲ့"

သူ့မေမေက ဝင်ပြောပေးဖော်ရသော်လည်း သူက ဘာမှမဆိုင်သည့် လူတစ်ယောက်ပမာ မျက်နှာလွှဲထား၏။

"ရပါတယ်၊ သမီးနားလည်ပါတယ် အန်တီ"

"ကဲ . . . လာ မေမေနဲ့ဘွားဘွား။ ဘန်ဂလိုထဲဝင်နားရအောင်"

သူ့မေမေနှင့် ဘွားဘွားပခုံးကိုဖက်ရင်း ထွက်သွားသော် သူမ တစ်ယောက်တည်း ကြောင်တောင်တောင်နှင့် သူတို့နောက်သို့ လိုက်ခဲ့ပါတော့သည်။

ဘန်ဂလိုပေါ်ရောက်မှ သူနှင့်သူမတွေ့လိုက်ရသည်က သူ့သူငယ်ချင်းတစ်အုပ်စု။

ဖိုးထွေး၊ ဖြိုးကို၊ မင်းမင်းတို့သာမက မိငယ်နှင့် ယုယုတို့ပါ ပါလာလေသည်။

"ဟ . . . မင်းတို့ . . . မင်းတို့"

သူ တအံ့တသြနှင့်မေးသော် သူ့မေမေက . . .

"အင်း . . . ဟုတ်တယ်လေ။ မင်းတို့က စေ့စပ်မှာဆိုတော့ သူတို့ကိုပါ ခေါ်ခဲ့လိုက်တာ"

နှစ်ယောက်တည်းစီစဉ်သည့်လိမ်စဉ်ကြီးက တစ်စတစ်စနှင့် လူအတော်များများက သိနေတော့၏။

"ဘယ်လိုလဲသားကြီး မင်းတို့ စေ့စပ်ကြတော့မယ်ဆို"

မင်းမင်းက ဟန်ပါပါ လက်ညှိုးချင်းလိမ်ပြရင်း သူ့ကိုလှမ်းမေး၏။ သူ သူမကိုအားနာရင်း မင်းမင်းကို ခေါင်းညိတ်ဖြေလိုက်စဉ် သူမရှက်ပြီး ခေါင်းငုံ့လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . အခု အားလုံးခဏနားလိုက်ကြဦး။ အန်တီတို့လည်း ခဏနားကြဦးမယ်။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့၊ ဒါဆို သမီးတို့ ခဏသွားနားလိုက်ကြတော့မယ်နော်"

ယုယုယ၏ဖိတ်ခေါ်မှုဖြင့် သူငယ်ချင်းတစ်သိုက် ဘန်ဂလိုရှိရာသို့ ကိုယ်စီပြန်သွားကြပါတော့သည်။

သို့မှသာ သူ သက်ပြင်းမောတစ်ခု ချလိုက်ရပါတော့၏။

"သားရယ် . . . မင်းက အရမ်းတော်တာပဲနော်။ ဒီလောက်ချစ်ဖို့ကောင်းတဲ့ချွေးမလေးကို ရှာယူထားတယ်"

သူမမေးစေလေးကိုကိုင်ရင်း မေမေကပြောသော် သူ အားနာပြီး ရယ်ဖြီးဖြီးလုပ်နေမိ၏။

"သမီး . . . အန်တီနဲ့ဘွားဘွားက ဒီဖက်ခန်းမှာတည်းမှာ။ ဒီဖက်တစ်ခန်းက ပိုနေတယ်။ ဒီတော့ သမီး ဒီဖက်ခန်းကို ပြောင်းလာခဲ့နော်။ မေမေတို့နဲ့ နီးနီးနားနားပေါ့"

"ရှင် . . . ဟို . . ."

သူမပြောင်းလာရန်တော့ အဆင်မပြေပေ။ သို့သော် သူ့ကို ဖိနှိပ်ခဲ့သမျှ အခွင့်ကောင်းရတုန်း သူ ပြန်ကလဲ့စားချေလိုသောကြောင့် . . .

"ဟုတ်သားပဲ။ နှင်းရက မေမေတို့နဲ့ နီးနီးမှာနေချင်နေတာ။ ကဲ . . . ပြောင်းလာခဲ့လိုက်လေနော်။ မေမေတို့နဲ့ အနီးမှာနေတော့ မင်း ပိုပြီးစိတ်ချရတာပေါ့"

ဟူ၍ ထောင်လိုက်လေတော့သည်။ သူမ အောင့်သက်သက်ပြုံးကာ ခေါင်းညိတ်လိုက်ရပါတော့သည်။

"အင်းပေါ့။ လာခဲ့ပါ့မယ်"

"ဒါဆို သွား . . . သမီး။ သမီးအိတ်တွေ သွားယူခဲ့ချည်။ ကဲ . . . သားကိုကို မင်း သမီးကိုကူပေးလိုက်ဦး"

"သားကူမယ်ဆိုလည်း သူက လက်ခံမှာမဟုတ်ဘူးမေမေ။ သူက သားကို ဘုန်းကံနိမ့်မှာ အရမ်းစိုးရိမ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောတော့ သူကမင်းကို ဖိနှိပ်ပါဝယ်ခိုင်းတယ်ဆို"

ဒေါ်လှိုင်းမေခင် ဝင်ကာမေးပြန်၏။

"ဖိနှိပ်ဝယ်ခိုင်းတယ်ဆိုတာ သားနောက်တာပါ ဘွားဘွားရယ်။ အလကားစတာ"

သူဝင်ပြောလိုက်သော်လည်း ဒေါ်လှိုင်းမေခင်မျက်နှာကျော့က သိပ်မပြေချင်သေး။

သို့နှင့် သူမ၏အိတ်တစ်ပုံကို သူမတစ်ယောက်တည်း မနိုင်မနင်း သယ်ရပါတော့သည်။ နောက်ဆုံးတော့ ဒေါ်ဆွေလှိုင်း၊ ဒေါ်လှိုင်းမေခင် တို့၏ဘေးခန်းသို့ သူမ ပြောင်းနေလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

တံခါးခေါက်သံပြင်းပြင်းကြောင့် သူမ အခန်းတံခါးကိုဖွင့်လိုက်တော့ သူဖြစ်နေ၏။

"ဘာဖြစ်လို့လဲ?"

"ငါ့သူငယ်ချင်းတွေနဲ့ မင်းကို မိတ်ဆက်ပေးမယ်လေ။ လာ . . . လိုက်ခဲ့"

"ဘယ်မှာလဲ ရှင့်သူငယ်ချင်းတွေ"

"ကမ်းခြေမှာ မင်းကိုစောင့်နေကြတယ်"

"အင်းလေ . . . ဒါဆို သွားလိုက်ကြတာပေါ့"

သို့နှင့် သူခေါ်ရာကမ်းခြေဖက်သို့ သူမ လိုက်ခဲ့ပါတော့သည်။ ကမ်းခြေတွင် သူ့သူငယ်ချင်းများက သေချာစွာဝိုင်းဖွဲ့ကာထိုင်ပြီး အုန်းစိမ်းရေသောက်နေကြ၏။ သူ့မေမေနှင့် ဘွားဘွားလည်းပါ၏။

"လာ . . . သမီး၊ ဘွားဘွားတို့ စောင့်နေကြတာ"

ရောက်သည်နှင့် ဒေါ်ဆွေလှိုင်းက သူမလက်ထဲသို့ အုန်းသီးတစ်လုံးထည့်ပေးလိုက်ပါသည်။

"ကဲ . . . အားလုံးကို မိတ်ဆက်ပေးရဦးမယ်။ ဒါက နှိုင်းရှမ်မေတဲ့။ နှိုင်းရ သူတို့က ဖိုးထွေး၊ ယုယု၊ မိငယ်၊ ဖြိုးကို၊ နောက်ပြီး ဒီဖက်က မင်းမင်း"



www.burmeseclassic.com

www.burmeseclassic.com

သူမိတ်ဆက်ပေးသမျှကို သူမပြုံးရင်း ပြန်တုံ့ပြန်နေလိုက်ပါသည်။

"ဘယ်လိုလဲ သားကိုကို၊ ရန်ကုန်တက်ပြီး အလုပ်ရော၊ မိန်းမပါ မ,လာတယ်ပေါ့။ ဟုတ်လား?"

သူ့သူငယ်ချင်း ဖိုးထွေး၏ပြုံးစေ့စေ့အမေးကြောင့် သူမ ဒေါသထွက်မိသော်လည်း ဟန်ဆောင်ပြီးပြုံးလိုက်ရ၏။

"အေးကွာ၊ ငါက ဥစ္စာရော၊ ကြင်ယာကိုပါ ရှာခဲ့တာလေကွာ"

"ဘယ်လိုလဲ? မင်းဇနီးလေးက ထင်ထားတာထက်ကို ပိုလှနေပါလား သားကိုရ"

မင်းမင်းက သူမကိုကြည့်ရင်း ထ,ဖောက်၏။

"ဟုတ်တယ်နော်။ ကောင်မလေးက ချစ်စရာလေး။ နင့်ထက် ဘယ်နှစ်နှစ်ငယ်လဲ သားကို"

ယုယုက ထုံးစံအတိုင်း စပ်စု၏။

"ငါက သူ့ထက် လေးလတောင်ငယ်တယ် ယုယုယရဲ့။ နင်က လည်း"

"ဟယ် . . . ဒါပေမဲ့ နင်က သူ့ထက်ပိုရင့်တယ်ဟ"

"မင်းထက်အသက်ကြီးတဲ့မိန်းမကို မင်းဘယ်လိုချဉ်းကပ်ခဲ့လဲ သားကို။ နည်းနည်းပြောပြစမ်း"

ဖြိုးကိုက အားကျစွာမေးပြန်၏။

"ဟုတ်တယ်။ နင်တို့တွေ့ဆုံပုံလေး ပြောပြဟာ"

မိငယ်ကလည်း သိချင်စွာမေးပြန်သည်။

လူတွေမေးနေချိန်တွင် သူက ဟန်မပျက် သူမပခုံးကို ဖက်ထားမိ၏။ သူမက ကြိတ်ကာကြိတ်ကာ ရှန်းနေ၏။ အဖြစ်သဲနေသောသူမကို သူ အမြင်ကပ်စပြုလာသလို သူမလည်း သူ့ကို အမြင်ကပ်နေပေပြီ။ သူက သူမရှန်းနေသည်ကို သိလျက်သားနှင့် ပခုံးကို လွတ်ထွက်မသွားအောင် ဖက်ထားလိုက်ပါတော့သည်။

www.burmeseclassic.com

"ဟုတ်တယ် သားရေ။ မင်း သူနဲ့ ဘယ်လိုချစ်ခဲ့ကြလဲဆိုတာ မေမေ့ကိုပြောပြသင့်တယ်"

"ဟုတ်တယ်။ ဘွားဘွားလည်း အဲ့ဒါပဲ အံ့သြနေတာ။ မင်းအိမ်ကို ဖုန်းဆက်တဲ့အချိန်တိုင်း မင်းမှာ အရမ်းရမ်းကို အပေါက်ဆိုးတဲ့ မန်နေဂျာမရှိတယ်လို့ပဲ ပြောနေကြ။ အခုတော့ မင်းချစ်သူမန်နေဂျာ ရှိနေတယ်ဆိုတော့ အထူးအဆန်းပဲ"

သူအတင်းချုသမျှ သူမရှေ့တွင် ဘွားဘွားကြောင့် ဘူးပေါ်သလိုပေါ်နေ၏။ သူမ မကျေနပ်စွာ သူ့ကိုကြည့်တော့ သူ မဲ့ပြုံးပြုံးကာ ပခုံးတွန့်ပြလိုက်မိ၏။ သို့သော် သူ့လက်ကိုတော့ မဖယ်လိုက်သေး။

"အေးကွာ၊ ပြောပြ သားကိုရာ။ ငါတို့ စိတ်ဝင်စားတယ်"

"ဘယ်လိုတွေ့ခဲ့လဲဆိုတော့ . . ."

သူမကို ချိုးချိုးနှိမ်နှိမ်ပြောပစ်လိုက်ဖို့ သူ စဉ်းစားလိုက်မိပါသည်။ ယောက်ျားလေးကို ဖိနပ်ဝယ်ခိုင်းတဲ့မိန်းမ သေဖို့သာပြင်။

"ကျွန်မပြောပြလိုက်မယ်လေ ကိုကို . . ."

သူ့အတွေးကို သူမက နှုတ်သွက်စွာ အကောင်အထည်ဖော်လိုက်၏။

"ဒီလိုပါ။ ကျွန်မတို့က ရုံးကတူပေမယ့် ကျွန်မကို သူကြိတ်ကြွေနေတာ ကျွန်မက မသိဘူး။ ဒီတော့ သူ့ခမျာ သနားစရာပေါ့"

သူ မျက်ထောင့်နီရင်း သူမကိုလှည့်ကြည့်လိုက်မိပါသည်။

"နောက်ပြီး သူက ကျွန်မကို အစစအရာရာ လိုလေသေးမရှိ ပြုစုသေးတယ်လေ"

သူမစကားက သည်းခံနိုင်သည်ထက် လွန်လွန်လာပေပြီ။

"မဟုတ်ဘူးလေ။ မင်းပြောတော့ မင်းက ငါ့ကိုစ,ကြိုက်တာဆို"

"ဟေး . . ."

သူ့မေးခွန်းကြောင့် သူငယ်ချင်းတစ်စုလုံး 'ဟေး'ခနဲအော်ရင်း ပွဲလှန့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"စကြိုက်တယ်ဆိုပေမယ့် ရှင်က သနားအောင်လုပ်ပြနေလို့လေ"

"မဟုတ်ပါဘူး။ ကိုယ် မင်းကို ဘယ်တုန်းကမှ သနားအောင်မလုပ်ပြဘူး"

"နောက်ပြီး သိလား? ကျွန်မတို့ Staff Partyတုန်းက သူက ကျွန်မအနားကိုလာပြီး ဝိုင်နည်းနည်းသောက်ခွင့်ပေးပါတဲ့။ အလုပ်ထဲက သူငယ်ချင်းတွေ ဘယ်လောက်ပဲတိုက်တိုက် မသောက်ဘဲ ကျွန်မဆီလာပြီး ခွင့်တောင်းတာလေ"

"No, No ကိုယ် မင်းဆီခွင့်မတောင်းခဲ့ပါဘူး"

သူငယ်ချင်းများက သူတို့ပြောသမျှကို တစ်ယောက်စီရဲ့မျက်နှာကို လိုက်ကြည့်ရင်း နားထောင်နေကြပါတော့၏။

"ကိုကို ခွင့်တောင်းခဲ့ပါတယ်။ ကျွန်မကခွင့်ပြုမှ သောက်ရဲခဲ့တာလေ"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်တာပေါ့။ နောက်ပြီး ဝိုင်နည်းနည်းမူးလာတော့ ကျွန်မအရှေ့မှာဒူးထောက်ပြီး ကျွန်တော့်အချစ်ကိုလက်ခံပါ နှိုင်းရရယ်ဆိုပြီး မျက်နှာငယ်လေးနဲ့ တောင်းဆိုတော့တာပဲ"

"အဲ့လိုလည်းတောင်းဆိုပြီးရော ငါ မူးမူးနဲ့ သူ့ကိုဖက်နမ်းတော့တာပဲ ဖြူးကိုရယ်။ မြင်မကောင်း၊ ရှုမကောင်းအောင်ပေါ့"

သူ့ကို သူငယ်ချင်းများအရှေ့တွင် ချိုးချိုးနှိမ်နှိမ်ပြောနေသောကြောင့် သူ ညစ်တွန်းတွန်းရင်း သူမနစ်နာအောင် ပြောချလိုက်ပါတော့သည်။

"ဝိုး . . . တယ်ဟုတ်တဲ့ သားကို"

"ဒါမှ သားကိုကွ၊ ဒါမှ ငါတို့သားကို"

သူ့စကားကြောင့် သူငယ်ချင်းများအားလုံး ရယ်မောကြလေသည်။ မင်းမင်းက သူ့ကိုပင်လက်ဆွဲနှုတ်ဆက်နေသေး၏။

"အို . . . မဟုတ်တာ။ မဟုတ်ဘူး မဟုတ်ဘူး"

သူမ ရှက်ရှက်နှင့် အကြောက်အကန်ငြင်းသော်လည်း သူက . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့။ နောက်ပြီး သူ့အပေါ်အင်္ကျီကိုလည်း ဆွဲချွတ်ဖို့ လုပ်သေးတယ်လေ"

ဟု ပြောလိုက်ပြန်၏။ သူမ သူ့ကိုစိုက်ကြည့်ရင်း စကားလုံးနှင့်ပြန်ကစ်ရန် စဉ်းစားမိလိုက်ပါသည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲ့တော့ ကိုကိုမူးနေတယ်လို့ ကျွန်မပြောလိုက်တော့ Security တွေရောက်လာပြီး သူ့ကို Party ထဲကနေ ဆွဲထုတ်သွားတော့တာပေါ့"

တစ်ယောက်ပြောသည်ကို တစ်ယောက်ကလည်း မငြင်းနိုင်။ လူကြီးများကပင် ဝိုင်းကြည့်နေသောကြောင့်ပင်။

"ဟုတ်တယ်၊ ဟုတ်တယ်။ နောက်တော့ သူပဲ ငါ့အခန်းလာပြီး ကိုကိုရယ် အပေါ်အင်္ကျီချွတ်ခိုင်းတာများ ဘာဖြစ်လို့ လူပုံအလယ်မှာ ဆွဲချွတ်တာလဲလို့မေးပြီး ကိုယ့်အရှေ့မှာ သူ့အပေါ်အင်္ကျီကို ချွတ်ပြပါလေရော။ ငါတောင် မျက်စိရှက်လို့ မျက်လုံးပိတ်ထားရတယ်"

သူပြောလိုက်သည့်စကားက ထန်ကုန်ပင်။ သူမ ဘယ်လိုမှ အဖတ်မဆယ်နိုင်တော့။ ရှက်လည်းရှက်သွားပေပြီ။

"ဟုတ်လား မနှိုင်းရမေမေ။ ဟုတ်လား?"

သူငယ်ချင်းများလည်း သိချင်စွာမေးတော့၏။

"ဟုတ်တာပေါ့။ အင်္ကျီလည်းချွတ်ပြပြီးရော ဒီလောက်လေးတောင် သည်းခံနိုင်စွမ်းအား၊ မျိုသိပ်နိုင်စွမ်းအား နည်းလှချည်လားလို့ပြောပြီး သူ့ခေါင်းကို Paper Weight ဖန်တုံးနဲ့ထုထည့်လိုက်တာပေါ့။ ခေါင်းပေါက်သွားတယ်လေ။ မယုံရင် သူ့ခေါင်းကဒဏ်ရာဟောင်းကိုကြည့်ကြ"

သူအလုပ်ထဲတွင် ခြေချော်ပြီးလဲကျကာ ခေါင်းပေါက်ဖူး၏။ ထိုအဖြစ်ကို သူမ အနိုင်ယူပြောလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"အာ . . . မဟုတ်တာကွာ။ အဲ့ဒါ ငါချော်လဲကျတုန်းက ရတဲ့ဒဏ်ရာပါ"

"ဘယ်ကသာ ကိုကိုရယ်၊ အရှက်ပြေပြောမနေပါနဲ့။ နောက်ပြီး ဒါက ရှက်စရာမှမဟုတ်တာ။ သူငယ်ချင်းတွေပဲလေ"

သူမစကားကို သူ ဘယ်လိုမှ မတုံ့ပြန်နိုင်တော့။

"ကဲ . . . အားလုံးပဲ ကျွန်မ ခဏလောက်နားဦးမယ်နော်။ မနက်က အစောကြီးအိပ်ရာထထားတော့ နားမှဖြစ်မှာမို့"

ပြောပြီး သူမ ဟိုတယ်ဖက်သို့ လှည့်ထွက်ခဲ့လိုက်ပါတော့သည်။ သူ့ကို အနိုင်လုပြောခဲ့သောကြောင့် သူမ အတော်ပင် ကျေနပ်နေမိပါ၏။ ဟိုတယ်ထဲဝင်သည့်လမ်းတစ်လျှောက် သူမ ကျေကျေနပ်နပ်ကြီး ပြုံးခဲ့မိပါသေးသည်။ သို့သော် သူမထွက်သွားပြီး သူက . . .

"အလကား . . . သူကဒူးထောက်ပြီး ငါ့ကို လက်ထပ်ခွင့်တောင်းတာ။ မင်းတို့မယုံရင် ကမ်းခြေကလူတွေကို မေးကြည့်။ အားလုံး မြင်တယ်။ ငါမေးပြရမလား?"

ဟု ရှက်ရမ်းရမ်းကာပြောလိုက်သော သူ့စကားကိုတော့ သူမ မသိခဲ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားလဲပြီး ဘုန်ဂလိုအရှေ့သို့ထွက်လိုက်သည်နှင့် ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့ရှိနေ၏။

"လာလေ . . . သမီး၊ ခဏထိုင်ရအောင်"

ညနေခင်းရဲ့ လတ်ဆတ်လှသည့် လေပြည်အေးကြောင့် သူမ ဒေါ်ဆွေလှိုင်းတို့နှင့် ထိုင်ဖြစ်လိုက်ပါသည်။

"သမီးလေးက သွက်သွက်လက်လက်လေး။ သမီးလိုမိန်းကလေးမျိုးကို ချွေးမတော်ခွင့်ရလို့ ကျေနပ်လိုက်တာကွယ်"

သူမ ရယ်ပြုံးပြုံးရင်း ပြန်တုံ့ပြန်လိုက်ပါသည်။ တကယ်တော့ ဒေါ်ဆွေလှိုင်းစကားများ ကျောက်သားလိုခိုင်မာသည့် သူမနှလုံးသားကို ဆတ်ခနဲလှုပ်သွားစေသည်။ ငယ်စဉ်ကတည်းက မိခင်မေတ္တာငတ်ခဲ့ရသော သူမအဖို့ ဒေါ်ဆွေလှိုင်းစကားများကို တန်ဖိုးမဖြတ်နိုင်ချေ။ ထိုစဉ် သူမတို့အနားသို့ သားကိုကို ရှူးရှူးရှဲရှဲနှင့် ရောက်လာလေသည်။ သူ့လက်ထဲတွင်လည်း ခရီးဆောင်အိတ်များနှင့်။

"မေမေ . . . မေမေ . . . သားအခန်းကို ပြန်အပ်လိုက်ပြီဆို။ အခု သားကို ပြောင်းခိုင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ . . . ပြန်အပ်လိုက်ပြီလေ။ ဘာဖြစ်လို့လဲ?"

"ဒါဆို သားအတွက်အခန်းရော?"

"သားတို့သမီးတို့က စွေ့စပ်ကြဖို့ နှစ်ယောက်တည်း ချောင်းသာကို ထွက်လာကြတယ်ဆိုကတည်းက မေမေတို့က အကင်းပါးပါတယ်ကွယ်။ မေမေတို့ မရက်စက်ရက်ပါဘူး။ အခု သမီးရဲ့အခန်းကိုပဲ မျှသုံးကြပေါ့။ အခုခေတ်ကလေးတွေကို မေမေတို့နားလည်ပါတယ်"

နှစ်ယောက်လုံးအခက်။ တစ်ခါမှ တစ်ခန်းထဲမှာ မအိပ်ဖူး။ ငြင်းလိုက်လျှင်လည်း လူကြီးများ ရိပ်မိသွားမည်ကိုစိုးရိမ်ရ၏။ အောင့်သက်သက်ဖြစ်နေသည့် သူမကိုကြည့်ကာ သူ ကျေနပ်မိပြန်၏။ ထို့အပြင် သူ့ကို မညှာမတာခိုင်းထားသည့် သူမကို ပညာပြန်ပေးရန်လည်း စဉ်းစားလိုက်မိပါသည်။ သူ့ကိုယ်ကျင့်တရားကို သူယုံပါ၏။

"ကျေးဇူးပဲ မေမေရယ်။ နှိုင်းရက သားနဲ့တစ်နာရီမတွေ့ရရင်တောင် ငိုနေရတာ။ ကျေးဇူးနော်။ ကဲ . . . နှိုင်းရ၊ အထုပ်တွေမ။ အခန်းထဲသွားကြစို့"

သူပြောပြီး အရှေ့ကဦးဆောင်ကာ အခန်းထဲသို့ဝင်သွား၏။ သူမ အောင့်သက်သက်နှင့် မေမေနှင့်ဘွားဘွားကို ပြုံးပြရင်း သူ့အနောက်သို့ လိုက်ခဲ့ရလေသည်။ အထုပ်များကိုလည်း သူမပင် မ,ခဲ့ရပါသည်။

အိပ်ခန်းထဲရောက်သည်နှင့် သူမ အိတ်များကိုဖရိုဖရဲ ပစ်ချလိုက်ပါတော့သည်။ ထို့နောက် သူ့အနားသို့သွားပြီး သူ့လက်မောင်းနှင့်ကျောကုန်းကို လက်နှစ်ဖက်နှင့် အားကုန်ထု,ရိုက်မိပါတော့၏။

"ဘုန်း . . . ဘုန်း . . . ဘုန်း . . ."

"ဟာ . . . ဟေ့ . . . မင်း ဒါဘာလုပ်တာလဲ"

သူ ရုတ်တရက်ကြောင်ကြည့်နေပြီး သတိဝင်သွားကာ ရှောင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရိုက်တာလေ"

"ဘာဖြစ်လို့လဲ? အပြင်မှာ မေမေရော၊ ဘွားဘွားရော ရှိနေတယ်နော်"

"သိသွားပဲ။ မကျေနပ်လို့ ထုတာ"

"မင်းကို ဘာလုပ်လို့ မကျေနပ်တာလဲ?"

"အိတ်သယ်ခိုင်းတာတော့ ထားပါတော့။ ဒါပေမဲ့ ရှင်ဘာဖြစ်လို့ တစ်ခန်းထဲမှာအိပ်ခိုင်းတာကို သဘောတူခဲ့တာလဲ?"

"ဟ . . . မင်းက တော်တော်တုံးတုံးပဲ။ ငါငြင်းလိုက်ရင် လူကြီးတွေ ရိပ်မိကုန်မှာပေါ့။ ရိပ်မိကုန်ရင် ဘာတွေဖြစ်မလဲ?။ စဉ်းစားကြည့်"

သူ လက်ခါခါ၊ ခြေခါခါနှင့်ရှင်းပြတော့ သူမ စဉ်းစားလိုက်ရ၏။

"အင်း . . . မင်းပဲ ပြဿနာဖြစ်မှာ။ မင်းပဲ ဟန်ကြီးမောင်နဲ့ နှစ်ပါးသွားရမှာ"

သူမ စိတ်ပျက်စွာပင် သက်ပြင်းချလိုက်ပါသည်။

"ဒါပေမဲ့ မင်းငါ့ကိုယုံပါ။ မင်းအလိုမတူဘဲ မင်းကို လက်ဖျားနဲ့တောင် မထိဘူး။ မင်းအလိုတူရင်တော့ တစ်မျိုးပေါ့"

"ရှင်နော်"

သူမ ဒေါကန်စွာအော်တော့ သူ ရယ်မိ၏။

"ဒါနဲ့ ရှင်က ချမ်းသာတာကို ဘာဖြစ်လို့ ကျွန်မကိုမပြောတာလဲ?"

"ကိုယ် မချမ်းသာပါဘူး"

"ဘာလို့မချမ်းသာရမှာလဲ။ ရှင့်မေမေဝတ်ထားတဲ့ စိန်လက်စွပ်ကြီးများ ပြူးလို့"

"အဲ့ဒါ ကိုယ့်မေမေပိုင်တာလေ။ ကိုယ်မပိုင်ဘူး"

ထို့နောက် သူမတို့ လဲရမည့်အဝတ်အစားများကို ထုတ်ကြရပါတော့သည်။

"ညကျရင် ကျွန်မ ကုတင်ပေါ်မှာအိပ်မယ်။ ရှင် ကြမ်းပြင်မှာအိပ်။ ပြန်မငြင်းနဲ့နော်။ ရှင်က ယောကျ်ားလေး။ Lady First ဆိုတာ နားလည်ထား"



www.burmeseclassic.com

www.burmeseclassic.com

သူမကိုသနားသောအားဖြင့် သူ သဘောတူလိုက်ပါသည်။

"ကောင်းပြီလေ၊ မင်းသဘောပဲ။ ကဲ . . . အခုတော့ ငါ ငါ့သူငယ်ချင်းတွေဆီကို သွားလိုက်ဦးမယ်"

"အင်း . . . ကျွန်မလည်း အန်တီတို့နဲ့ စကားသွားပြောဦးမယ်"

ပြောပြီး သူ အခန်းအပြင်သို့ ထွက်သွားပါသည်။ သူမကတော့ ဒေါ်ဆွေလှိုင်းတို့စားပွဲသို့ ပြန်ထွက်ခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် သားကိုကို။ မင်းလာဦး"

သူမအခန်းထဲမှပြန်ထွက်ပြီး သူငယ်ချင်းများရှိရာသို့ သူလှည့်ထွက်ခိုက် ဦးလွင်ခေါ်သံကြောင့် သူ ဦးလွင်အနားသို့ သွားလိုက်ရပါသည်။

"မင်းတို့ ပြန်သွားပြီထင်နေတာ။ ဟိုဖက် ကူးသွားတာလား?"

"ဟုတ်တယ် ဦးရဲ့"

"လူတွေလည်း ရှုပ်နေတယ်။ မင်းတို့ အမျိုးတွေလား?"

"မေမေနဲ့ ဘွားဘွားလေ"

"လိုက်လာကြတာလား"

"အင်း . . ."

"ဘာအတွက် . . ."

"ဟို . . . ကျွန်တော်တို့ . . ."

သူ မည်သို့ပြောရမည်နည်း။ သူမအတင်းပေါင်းစုံကို ဦးလွင်နှင့် သူအုပ်ထားဖူးပါ၏။ ထို့ကြောင့် မည်သို့မျှပြောလို့မရ။

"သူတို့လည်း လာအပန်းဖြေတာပေါ့ ဦးရယ်။ ကဲ . . . ကျွန်တော့်ကို ခွင့်ပြုဦး"

"အေး . . . အေး . . ."



www.burmeseclassic.com

www.burmeseclassic.com

သူ ဦးလွင်ကိုထားခဲ့ကာ သူငယ်ချင်းများရှိရာဖက်သို့ ထွက်ခဲ့လိုက်ပါတော့သည်။

"ဘယ်လိုလဲ သားကိုရဲ့။ နင့်ကောင်မလေးက ချောလှချည်လား"

"အင်း . . . ချောတယ်နော်"

မစပ်စု ယုယု၏စကားကို သူ ရေစီးအတိုင်း လိုက်နေလိုက်ပါတော့သည်။

"မင်းပြောတော့ အရမ်းအပေါက်ဆိုးတဲ့ မန်နေဂျာမဆို။ အခုတော့လည်း မင်းချစ်သူဖြစ်နေပါပေါ့လား?"

"အရမ်းဆိုးလို့ ဒီကောင်ဒဏ်မခံနိုင်ဘဲ သိမ်းပိုက်လိုက်တာလားမှ မသိတာ"

ဖိုးထွေးနှင့်မင်းမင်းက သူ့အကြောင်းပြောရင်း လေပေးသင့်နေ၏။

"နောက်ပြီး မင်း မေမေလို့ခေါ်ရတဲ့တစ်ယောက်က သူပဲမဟုတ်လား?"

"ဟို . . . အဲ့ဒါကလေ"

ဖိုးထွေးထောင်လိုက် မင်းမင်းကမေးလိုက်နှင့်။ သူ အတော်စိတ်လေနေ၏။

"အရင်တုန်းက ငါတို့သိပ်မရင်းနှီးသေးတော့ ခေါ်ရတာပေါ့ကွာ"

"အရင်တုန်းက မဟုတ်ပါဘူး။ မင်းဖုန်းဆက်တာ လွန်ခဲ့တဲ့နှစ်ပတ်လောက်ကပါကွာ"

ဖြိုးကိုကပါ သူ့ကိုဝင်နှက်ပြန်၏။

"အေး . . . ဟုတ်တယ် သားကို။ နင်ပြောဦး။ ဘယ်ကနေ ဘယ်လိုချစ်သွားကြတာလဲ"

မိငယ်ကပါ စိတ်ပါဝင်စားစွာမေးပြန်၏။

"နင် စုန်းကဝေပေါက်စလို့ပြောတဲ့မိန်းမက သူမဟုတ်လား?"

"အဲ့ဒါ . . . ဟို . . ."

ယုယုမေးခွန်းကို သူ ဖြေရခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ပြောစမ်းပါ သားကိုကိုရယ်။ နင်တို့ ဘယ်လိုချစ်သွားကြတာလဲ။ စိတ်ဝင်စားစရာပဲ"

"ဒီလိုကွာ၊ ငါ့ကို သူကကြိုက်နေတာ။ ဟုတ်ပြီလား။ ငါကသနား ပြီး ပြန်ကြိုက်လိုက်တာ။ ဒါပဲ"

"နင့်ကိုကြိုက်နေတဲ့လူက နင့်ကို အရမ်းခိုင်းပါ့မလား သားကို" ယုယုက ဖောက်ပြန်၏။

"ဟို . . . သူ့ကိုပြန်မကြိုက်လို့ မဲပြီးခိုင်းတာလေ။ အဲ့လို . . ."

"အော် . . ."

"ဒါဆို နင့်ချစ်သူက မိန်းမနောက်ပိုးကြီးပေါ့"

မိငယ်စကားကြောင့် သူမရည်ရွယ်ဘဲ ဆတ်ခနဲနာသွား၏။

"အဲ့လိုတော့ မဟုတ်ပါဘူးဟာ။ နင်ကလည်း . . ."

သူမဖက်ကမခံချင်စွာ ပြန်ပက်လိုက်မိသည့် သူ့ပါးစပ်ကိုပင် သူ အံ့ဩနေ၏။ သူမုန်းသောသူမကို ပြောချင်သူပြောပေ့စေပေါ့။ ဘာဖြစ်လို့ သူက ဝင်ပြောနေရတာပါလိမ့်။ သူ့ကိုယ်သူပင် အံ့ဩလို့မဆုံးတော့။

"အခု နင်တို့ ဒီမှာစေ့စပ်မှာဆို"

"အင်း . . . အဲ့ဒါက"

သူ ရေရေရာရာ မဖြေနိုင်။ သူမ ဘယ်လိုဆက်ကမည်ကို မသိသေး။

"မင်းတို့စေ့စပ်မှာမို့လို့ပဲ မိဘတွေတောင်ရောက်နေပြီကို။ နောက်ပြီး မင်းချစ်သူရဲ့အဖေလည်း ရောက်လာဦးမှာလေ"

"ဩော် . . ."

သူ 'အော်'လိုက်ရပါသည်။ စကားဆက်ပြောနေလျှင် သူဖုံးထားသည်များ ပေါ်သွားနိုင်၏။ ထို့ကြောင့် . . .

"ကဲ . . . မင်းတို့ ဆက်ထိုင်နှင့်ကြတော့။ ငါ နားချင်ပြီကွာနော်"

"အေးပါ၊ ငါသိပါတယ်ကွာ။ မင်း ဘာကြောင့်နားချင်ပြီလဲဆိုတာ"

ဖိုးထွေးက အဓိပ္ပါယ်ပါပါပြောတော့ ဖိုးထွေးကို ယုယုကလှမ်းရိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"အကောင်စုတ်။ ညစ်ပတ်တော့မယ်"

သူ စပ်ဖြီးဖြီးနှင့် သူငယ်ချင်းများဝိုင်းမှ ထ,ပြန်ခဲ့ရပါတော့သည်။

သူ ဘန်ဂလိုကိုပြန်ရောက်တော့ သူမနှင့်ဒေါ်ဆွေလှိုင်းတို့က စကားပြောကောင်းတုန်း။ ဒေါ်ဆွေလှိုင်းကို သူမကပြောလိုက်၊ ဒေါ်ဆွေလှိုင်းရယ်လိုက်။ ဒေါ်ဆွေလှိုင်းစကားကြောင့် သူမကရယ်လိုက်နှင့်။ ထိုမြင်ကွင်းကို သူငေးကြည့်ရင်း ခြေလှမ်းများပင် ရပ်တန့်မှန်းမသိ ရပ်တန့်သွား၏။

နောက်မှ သူ သတိပြန်ထားပြီး သူမတို့အနားသို့ သွားလိုက်ရပါသည်။

"ဟော . . . မြေးလေးတောင် ပြန်ရောက်လာပြီ။ ကဲ . . . ကဲ . . နားချင်ရင် နားကြတော့လေ။ နောက်နေ့တွေလည်း စကားပြောကြတာပေါ့။ ဟုတ်လား?"

"ဟုတ်ကဲ့"

သူနှင့်သူမကို ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့က အခန်းထဲအထိလိုက်ပို့ကြ၏။

"အေးအေးချမ်းချမ်း အနားယူကြပေါ့။ မေမေတို့ကို ဘာမှအားမနာနဲ့။ ကြားလား?"

"ဟုတ်ကဲ့"

"ကဲ . . . ကဲ . . . နားကြတော့"

ပြောပြီး အဘွားကြီးနှစ်ယောက် အခန်းအပြင်သို့ ပြန်ထွက်သွားကြပါသည်။

"ရှင့်ကို ပြောပြီးသားနော်။ ကြမ်းပြင်မှာ အိပ်ဖို့"

သူ တံခါးပိတ်လို့မှ မပြီးသေး။ သူမ ပြောချလိုက်ပါတော့သည်။

"အင်းပါ၊ အိပ်မှာပါ။ ဒါပေမဲ့ ငါကအိပ်ရင် ဘောင်းဘီနဲ့ မအိပ်တတ်ဘူးကွ"

"ရှင်"

သူမ ကြောက်လန့်တကြားထ,အော်တော့ သူပင်လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘယ်လိုဖြစ်တာလဲ အလန့်တကြား?"

"ရှင်က ဘောင်းဘီမပါဘဲနဲ့အိပ်မယ်ဆိုတော့ ဘယ်လိုဖြစ်မှာတုံး"

သူမ ခြေခါခါလက်ခါခါနှင့်ပြောတော့ သူ သဘောကျစွာ ရယ်မိပါတော့သည်။

"ဟား . . . ဟား . . . ဟား . . . မင်းကတော့လေ ငါပြောတာက ငါ ဘောင်းဘီနဲ့မအိပ်တတ်ဘူးဆိုတာ ဘောင်းဘီအရှည်ကိုပြောတာ။ အတိုနဲ့တော့ အိပ်တတ်တာပေါ့"

"မသိပါဘူး။ ကျွန်မ ရှင် လန်ကွတ်တီလိုမျိုး အိပ်မယ်ထင်သွားလို့"

"ဘာလဲ လန်ကွတ်တီဆိုတာ"

"ဟိုလေ . . . အဝတ်အားလုံးချွတ်ပြီး ဒီအတိုင်း ဖြောင်ကြီးအိပ်မယ်မှတ်လို့"

"ဟား . . . အိပ်စရာလားကွ"

တကယ်ပင် ရှက်ကိုးရှက်ကန်းဖြစ်နေသော သူမကိုကြည့်ကာ သူ သဘောကျမဆုံးတော့။

သူ ကုတင်ဘေးကြမ်းပြင်တွင် စောင်တစ်ခုခင်းလိုက်ပါသည်။ ထို့နောက် ကုတင်ပေါ်မှ ခေါင်းဦးနှင့်ဖက်လုံးကိုယူကာ ပြင်ဆင်လိုက်ပါသည်။ သူလုပ်သမျှကို သူမ မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေ၏။

"စိတ်ချပါကွာ။ ကိုယ့်ကို စိတ်ချ"

"အင်းပါ"

"မင်း အင်းပါက သိပ်စိတ်မချသလိုပဲ။ ဒီမှာ နှိုင်းရ၊ မင်းကို ငါရှင်းရှင်းပြောမယ်။ တစ်ရက် မင်းရုံးခန်းထဲမှာ အိပ်ပျော်နေတာမှသိုးလို့။ ငါ မင်းကိုနမ်းလိုက်ရင်တောင် မင်းသိမှာမဟုတ်ဘူး"

"ဟင် . . . ရှင် နမ်းလိုက်တာလား?"

"နမ်းစရာလားကွ။ မနမ်းပါဘူးကွာ။ အဲ့ဒါကြောင့် မင်း ငါ့ကိုယ်ကျင့်တရားကိုယုံ။ ဟုတ်ပြီလား"

သူမ စိတ်မချဟန်နှင့် ခေါင်းတော့ညိတ်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူ ရေချိုးခန်းထဲဝင်ကာ ဘောင်းဘီတိုလဲလိုက်လေသည်။ သူ အပြင်ပြန်ရောက်တော့ သူမက . . .

"ကျွန်မလည်း ပြောစရာရှိတယ်"

"ဘာလဲ၊ ပြောလေ . . ."

"ဟို . . . ကျွန်မလည်း ဘောင်းဘီအရှည်နဲ့ မအိပ်တတ်ဘူး။ ဘောင်းဘီတိုနဲ့ပဲ အိပ်တတ်တာ။ အဲ့ဒါ ဘယ်လိုလုပ်မလဲ"

"အိပ်လေ"

"ရေချိုးခန်းက ဟိုဖက်မှာ။ ကျွန်မလဲပြီးလာရင် ရှင်တွေ့မှာပေါ့"

"ဒီတော့ ကိုယ်ဘယ်လိုလုပ်ပေးရမလဲ?"

"မျက်လုံးမှိတ်ထားပေးမလား?"

"အင်း . . . မှိတ်ထားပေးမယ်"

သူ ခင်းထားသောအိပ်ရာတွင် လှဲချလိုက်လေပြီ။ သူမကတော့ ရေချိုးခန်းထဲဝင်ကာ ညအိပ်ဝတ်စုံလဲလိုက်လေသည်။

"မျက်လုံးမှိတ်ထားနော်"

"အင်းပါ"

သို့သော် သူ မျက်လုံးမမှိတ်သေး။

သူမ မလုံမလဲနှင့် သူ့ဘေးမှဖြတ်ကာ ခုတင်ပေါ်သို့ပြေးတက်ပြီး စောင်နှင့် သူမကိုယ်ကို ပတ်လိုက်လေသည်။

"ရှင်က ကြည့်နေတာလား?"

"မကြည့်ပါဘူးကွာ"

သူ တကယ်ပင်ကြည့်နေပါ၏။

"ကဲ . . . Good Night နော်"

"အင်း . . . မင်းလည်း Good Night"

သူနှင့်သူမ ပထမဦးဆုံးအနေနှင့် တစ်ခန်းထဲတွင် အတူအိပ်ဖြစ်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကလင် . . . ကလင် . . ."

ဖုန်းသံကြောင့် သူမနိုးသွားရသော်လည်း အိပ်ချင်စိတ်မပျောက်သေး။

"သား . . . သား . . . ဖုန်းလာနေတယ်လေ။ ကိုင်လိုက်"

"ကလင် . . . ကလင် . . ."

သူမ အိပ်မှုန်စုံမွှားနှင့် သူ့ကိုခေါ်သော်လည်း သူ တုပ်တုပ်မျှပင် မလှုပ်သောကြောင့် သူမ ဒေါကန်ပြီးထထိုင်လိုက်စဉ် လား . . . လား သူအိပ်နေသည့်ပုံက တကယ်ပင် မျက်စိရှက်စရာ။ ဘောင်းဘီတိုက ပေါင်ရင်းနားအထိ လိပ်တက်နေ၏။ အပေါ်အင်္ကျီကိုလည်း လိပ်တင်ကာ ဗိုက်ဖော်ထားသေးသည်။ ပိုးလိုးပက်လက်နှင့် ကိုယ်တွင်လည်း စောင်မရှိ။

သူမ မျက်စိရှက်လှသောကြောင့် ဒေါသပါ ကြက်ပျောက်ငှက်ပျောက် ပျောက်သွား၏။ ထို့ကြောင့် သူမပင် ဖုန်းကိုင်ပြီး ရှက်ရှက်နှင့် မျက်စိစုံမှိတ်ပြီး အခန်းအပြင်သို့အထွက် သူ့ခြေထောက်ကို တက်နင်းမိတော့၏။ ထို့ကြောင့် သူနာကျင်ပြီး ထ,ထိုင်လိုက်စဉ်တွင် သူမကတော့ ကသောကမျော ထွက်သွားလေပြီ။

"ဟဲလို . . . ဖေဖေလား? ဖေဖေလား?"

လိုင်းက သိပ်မမိချင်။ ထို့ကြောင့် သူမ ဘန်ဂလိုအပြင်ဖက်အထိ ထွက်ပြီး ဖုန်းပြောရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ပြော . . ."

"အေး . . . မင်းတို့ ဘယ်လိုလဲ? အဆင်ပြေလား။ သူ့မိဘတွေနဲ့ ရော အဆင်ပြေရဲ့လား?"

သူ အိပ်ချင်ပြေသွားပေပြီ။ ထို့ကြောင့် အိပ်နေရာမှထ၊ ထို့နောက် တံခါးဖွင့်ကာ သူမကိုလှမ်းကြည့်လိုက်မိပါသည်။ ထိုစဉ် တစ်ဖက်ခန်းမှ ဒေါ်လှိုင်းမေလည်း အခန်းထဲမှထွက်လာလေသည်။

"သား . . . မင်းကောင်မလေးကို သွားခေါ်ချေ။ ပြီးရင် မေမေတို့ အတူတူ မနက်စာသွားစားကြမလို့"

"ဟုတ်ကဲ့"

"သူ ဖုန်းပြောနေတာလား?"

"အင်း"

"ကောင်မလေးက ချစ်စရာလေးနော်။ ညအိပ်ဘောင်းဘီအတိုလေးနဲ့ ဆိုတော့ ကလေးလေးကျနေတာပဲ"

မေမေပြောမှ သူ သေချာကြည့်မိ၏။ ဟုတ်ပါ၏။ ကလေးလေးတစ်ယောက်နှင့် တူနေလေသည်။

သူမကတော့ သူမဖေဖေနှင့် ဖုန်းပြောနေဆဲ . . .

"အားလုံး အဆင်ပြေတယ်။ သမီးကို သူ့မေမေကလည်း ချစ်မှချစ်"

"ညည်းအကြောင်းတွေ မသိသေးလို့ပါနော်"

"သမီးအကြောင်းတွေသိရင် ပိုလို့တောင်ချစ်ဦးမှာ"

ဒေါ်လှိုင်းမေ၏ဆော်ဩမှုကြောင့် သူ သူမအနားသို့ လျှောက်ခဲ့လိုက်ပါတော့သည်။ ဒေါ်လှိုင်းမေက သူနှင့်သူမကို ချစ်စနိုးနှင့် ငေးကြည့်လို့နေ၏။ ထိုသို့ငေးကြည့်နေကြောင်းကို သူကသိပြီး ဖုန်းပြောနေသော သူမကတော့ မသိချေ။

"ကဲ . . . ဖေဖေ ဒါပဲ။ သမီး နောက်တော့ ဖုန်းပြန်ဆက်လိုက်မယ်"

သူမအနားသို့ သူရောက်သွားသော် သူမ ဖုန်းပြောပြီးသွား၏။

"MDနဲ့ ပြောနေတာလား?"



www.burmeseclassic.com

www.burmeseclassic.com

အသံလာရာသို့ လှည့်ကြည့်လိုက်သည်နှင့် သူမ မျက်စိမျက်နှာပျက်ဖြစ်သွားလေသည်။

"ဟင် . . . ရှင် ဒီဘောင်းဘီအတိုနဲ့ ထွက်လာစရာလား?"

"အင်း . . . မင်းလည်း ဘောင်းဘီအတိုနဲ့ပဲလေ"

"ကျွန်မက ဖုန်းလာလို့လေ"

BURMESE CLASSIC

"ကိုယ်က မင်းကိုလာခေါ်တာလေ"

"နောက်ပြီး ရှင့်ကို ပြောစရာရှိသေးတယ်။ ရှင်အိပ်ရင် သတိထားပြီး အိပ်ပါ"

"ဟင် . . . ငါက ဘာတွေဖြစ်နေလို့လဲ?"

"ရှင်က ဟိုဟာပေါ်၊ ဒီဟာပေါ်နဲ့"

သူမပြောသော် သူက အောက်ငုံ့ကြည့်ရင်း ရှက်သည့်ဟန်နှင့် . .

"မင်း ဘာတွေမြင်လိုက်လို့လဲ?"

"ဟာ . . . ဘာတွေလာပြောနေတာလဲ? ရှင် ပေါင်တွေပေါ်နေတာကို ပြောတာ"

"အော် . . . မင်းကလည်း ဘောင်းဘီအတိုဝတ်မှတော့ ပေါ်ပြီပေါ့ကွ"

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီလိုသာဆို မနက်အိပ်ရာနိုးတိုင်း ကျွန်မ ရှက်ပြီးသေသွားလိမ့်မယ်"

သူမအကျင့်အတိုင်း ခြေဟန်လက်ဟန်နှင့်သာ ပြောလေတော့သည်။

"ဒါဆိုလည်း နောက်နေ့ မင်းအခန်းပြောင်းအိပ်လေ"

"အိပ်ချင်တာပေါ့။ ရှင့်အမေကို ရှင် ရှင်းလေ . . ."

"သေလိုက်ပါလား။ မင်းရှင်းပေါ့။ မင်း စ,ထားတဲ့ကိစ္စပဲ"

"ဒါပေမဲ့ အဲ့ဒါ ရှင့်အမေလေ"

သူနှင့်သူမ တစ်စစနှင့် စကားပြောပြင်းထန်လာလေသည်။ ထိုစဉ် သူ သတိရလိုက်တာက သူ့မေမေ ငေးကြည့်နေသည်ကိုပင် . . .

"နှိုင်းရ . . . နှိုင်းရ . . ."



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

သူခေါ်သည်ကိုပင်မကြားနိုင်ဘဲ သူမ စကားရှည်နေသေး၏။

"ငါ့မေမေ ကြည့်နေတယ်။ ငါတို့ စကားများရန်ဖြစ်နေတယ်လို့ ထင်သွားနိုင်တယ်နော်"

"ထင်ပေ့စေ။ ရှင်နဲ့ ဒီလိုတော့ ဆက်မအိပ်နိုင်ဘူး"

သူ အသံအုပ်အုပ်နှင့် ထိန်းပြောနေသော်လည်း သူမအကျင့်အတိုင်း စကားက ရှည်နေဆဲ။ သူ့မေမေလည်း ကြည့်နေရင်း မျက်မှောင်ကုတ်နေလေပြီ။ ရန်များဖြစ်နေသလားပေါ့။ ထို့ကြောင့် သူ ဘာဘာညာညာမစဉ်းစားတော့ဘဲ သူမကိုဖက်လိုက်ပါတော့သည်။

BURMESE CLASSIC

"ဟင် . . . ရှင် . . . ရှင် . . . ဒါဘာလုပ်တာလဲ"

သူ့ရင်ခွင်ထဲရောက်သွားမှ သူမ ကြောက်လန့်တကြားမေး၏။

"မင်းလုပ်နေတာနဲ့ ငါတို့အစီအစဉ်ကြီးတစ်ခုလုံး ပျက်ကိန်းဆိုက်နေပြီ။ ငါ့မေမေ ကြည့်နေတယ်ကွ။ မင်း ပြန်ရုန်းဖို့မကြိုးစားနဲ့။ ရိပ်မိသွားလိမ့်မယ်"

သူပြောရင်း ဆက်ဖက်ထားလိုက်၏။ ထို့ကြောင့် သူမ ငြိမ်လိုက်ရပါတော့သည်။ သို့တည်းမဟုတ် သူ လွှတ်ပေးတော့မည်မဟုတ်ချေ။

ကလေးနှစ်ယောက် ချစ်ချစ်ခင်ခင်နှင့်ဖက်နေသည်ကို မြင်သွားသောအခါ ဆွေလှိုင်းတစ်ယောက် သဘောကျစွာပြုံးလိုက်မိပါတော့၏။

"ကဲ . . . ရပြီလေ၊ ရသင့်ပြီလေ။ ရှင်ဖယ်လိုက်တော့။ ဖယ်လိုက်တော့လေ"

သူမပြောသော်မှ သူ ဖယ်ပေးလိုက်ရင်း . . .

"ပြုံးထားနော်။ မင်းမျက်နှာကို ပြုံးထား။ သူတို့ကြည့်နေတယ်"

"အင်းပါ . . . ရှင် ကျပ်ကျပ်သတိထား"

"အေးပါ . . . လောလောဆယ်တော့ မင်းပြုံးထားပေတော့"

သူနှင့်သူမ ကျိတ်ရန်ဖြစ်ရင်း ဘန်ဂလိုဘက်သို့ ပြန်လျှောက်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . သားနဲ့သမီး မျက်နှာသစ်၊ အဝတ်အစားလဲပြီး လိုက်ခဲ့ကြ၊ မေမေတို့ Dining Room အထဲမှာရှိနေမယ်။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့"

သို့နှင့် သူမနှင့်သူ ဒေါ်ဆွေလှိုင်းပြောသလို အဝတ်စားလဲရန် အခန်းထဲသို့ တစ်ဖန်ဝင်ခဲ့ကြရပြန်တော့သည်။

"ရှင် အပြင်မှာနေ။ ကျွန်မ လဲပြီးမှဝင်လာခဲ့"

သူမ အရင်အခန်းထဲသို့ အပြေးလေးဝင်ရင်းပြောကာ တံခါးကိုပြန်ပိတ်လိုက်တော့ သူ အခန်းအပြင်တွင် ကျန်ခဲ့လိုက်ရပါတော့သည်။

BURMESE CLASSIC

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

"သားကိုကို . . . ဒီကိုခဏလာပါဦးကွာ"

သူ အဝတ်အစားလဲပြီး Dining Room ရှိရာသို့အသွား ဦးလွင်က သူ့ကိုတွေ့သည်နှင့် လှမ်းခေါ်လေသည်။

"ပြော . . . ဦးလေး"

သူ ဦးလွင်အနားသို့လျှောက်ရင်း မေးလိုက်ပါသည်။

"မနက်က မင်း တော်တော်အဆင်ပြေနေပါလားကွ"

"ဘာကိုလဲ ဦးလေး"

"မင်း မင်းရဲ့စုန်းကဝေပေါက်စမကို ဖက်နေတယ်လေကွာ။ ငါတွေ့လိုက်ပါတယ်။ ဘယ်လိုလဲ? ကောင်မလေးကို စည်းရုံးလိုက်ပြီလား?"

သူ အတော်ပင် စိတ်ပျက်သွားမိပါ၏။ ဦးလွင်ကြီးက သူနှင့်သူမကိစ္စကို တော်တော်အကြောင်းစုံသိနေ၏။

"ဒီလိုပါ။ ဟို . . . ကျွန်တော် ယောင်ပြီးဖက်လိုက်မိတာ"

"ဟုတ်လို့လားကွာ။ ဖက်ရင်းနဲ့ မင်းတို့ စကားတွေတောင်ပြောနေကြပါသေးတယ်"

"ပြောတာတော့ ပြောပါတယ်။ ဒါပေမဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . ဒါပေမမဲ့နဲ့။ ဖက်တာက ဖက်တာပဲကွ"

"အေးလေ . . . အဲ့ဒါဆိုလည်း ဖက်တယ်လို့သာ သဘောထားလိုက်တော့"

"ဘာလဲ? မင်းတို့ အဆင်ပြေသွားပြီလား?"

"ပြေစရာလားဗျာ။ သူ့လိုမိန်းမမျိုးကို အိပ်မက်တောင်မမက်ချင်တာကဲ . . . သွားပြီဦးရေ။ ကျွန်တော် မနက်စာမစားရသေးဘူး"

သူ ပြောပြီး Dining Room ရှိရာဖက်သို့ ထွက်ခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ကမ်းခြေတွင် ဖြိုးကိုနှင့်စကားပြောနေခိုက် သူမရောက်လာပြီး လက်ဟန်ခြေဟန်နှင့် လှမ်းခေါ်သောကြောင့် . . .

"ခဏနေဦးကွာ။ ဟိုမှာ ခေါ်နေလို့"

ဟု သူ ဖြိုးကိုကို ပြောလိုက်ရပါသည်။

"အေးပါကွာ . . . ။ အခုကတည်းက အကျင့်ဖြစ်အောင် ရှိသေထား ပေါ့။ ဟုတ်ပြီလား"

သူ့ကို ဖြိုးကိုက စ,လေသည်။ သူရယ်ပြီး သူမအနားသို့ ထွက်ခဲ့ လိုက်ပါသည်။

"မင်းကလည်း ဟိုကိုလာခဲ့လိုက်တာမဟုတ်ဘူး"

"ရှင့်ကို ပြောစရာရှိလို့"

"အေး . . . ပြော၊ ဘာလဲ?"

"ဟို . . ."

သူမ ပြောရခက်နေသည့်ဟန်နှင့် ဟိုဟိုဒီဒီဖြစ်နေ၏။

"ဘာဖြစ်လို့လဲ"

"ရှင့်မေမေက သူနဲ့အတူ ဈေးဝယ်ထွက်မယ်တဲ့။ ချောင်းသာအမှတ် တရပစ္စည်းလေးတွေ သွားဝယ်မယ်တဲ့။ လိုက်ခဲ့ပါတဲ့"

"လိုက်သွားလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ဈေးဝယ်ထွက်ရတာမုန်းမှန်း ရှင်သိပါတယ်"

"အေးလေ . . . သိတယ်လေ။ ဒါပေမဲ့ မင်းဘယ်လိုငြင်းမှာလဲ။ လိုက်သွားလိုက်ပါကွာ"

"မလိုက်ချင်ဘူး။ ရှင်ပြောပေး"

"ဟာ . . . မင်းကလည်း"

သူမ အတော်ပင်စိတ်ညစ်နေ၏။ သူမသည် တခြားမိန်းကလေးများကဲ့သို့ ဈေးဝယ်ထွက်ခြင်းကို မနှစ်သက်။

"ပြောပေးမှာလား?"

"ပြောပေးတာကတော့ ရပါတယ်။ ဒါပေမဲ့ ငြင်းလိုက်ရင် အရှမ်းရိုင်းသွားမယ်လေ။ ဒီတော့ မင်းလိုက်သွားလိုက်ပါနော်"

သူမ သူ့ကိုအကူအညီတောင်းလို့မရသည့်အဆုံး ဒေါ်ဆွေလှိုင်းတို့နှင့်အတူ Shopping ထွက်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ Shopping ထွက်ရသည့်အခိုက်အတန့်ကို အတော်ပင် စိတ်ပျက်မိပါသည်။ သူမ မည်သို့မျှ သည်းမခံနိုင်။ ဈေးဝယ်ထွက်ရာတွင် ဒေါ်ဆွေလှိုင်းအပြင် သူ့သူငယ်ချင်းများဖြစ်သော ယုယုနှင့်မိငယ်ပါ ပါသေး၏။

သူတို့သည် ဆိုင်တစ်ဆိုင်ဝင်လိုက်သည်နှင့် သူမကိုခွင့်တောင်းခြင်း မရှိဘဲ ခရုလည်ဆွဲများကို သူမကို ဆွဲပေးလို့ဆွဲပေး။ ဦးထုပ်ဆောင်းပေးလို့ဆောင်းပေးနှင့်။ ရုံးတွင် သူမဆိုလျှင် မော်ကြည့်ဝံ့သူပင်မရှိ။

"ဒါလေးက မနှိုင်းရနဲ့လိုက်တယ်။ ဆွဲထားနော်"

ယုယုက တစ်ကုံး။

"ဒါလေးလည်းလှပါတယ် ယုယုရယ်"

မိငယ်က တစ်ကုံး။

"နေပါဦးကွယ်။ ဒီနှစ်ကုံးလည်း သမီးနဲ့လိုက်တယ်ကွယ့်"

ဒေါ်ဆွေလှိုင်းက နှစ်ကုံး။

"ငါရွေးထားတာနဲ့မှ အလိုက်ဆုံးကွယ့်"

ဒေါ်လှိုင်းမေခင်က နှစ်ကုံး။ တစ်ယောက်တစ်ကုံးနှုန်းနှင့် သူမလည်ပင်းတွင် ခရုပုတီးများ ကြည့်မကောင်းအောင် များပြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆွဲထားပါသမီးရယ်။ လုလို့ပါ"

သူမချွတ်မည်ပြုတော့ ဒေါ်လှိုင်းမေခင်၏ တိုက်တွန်းချက်ကြောင့် သူမ ဆက်ဝတ်ထားလိုက်၏။ ဘေးပတ်ဝန်းကျင်ကလူများက လည်ဆွဲများ ထပ်ကာဆွဲထားသောသူမကိုကြည့်ပြီး ပြုံးတုံ့တုံ့ပင် လုပ်နေကြသေး၏။

သူမ ရှက်ကာထူပူနေသော်လည်း ဟန်ဆောင်ပြုံးနှင့် အားလုံးကို တုံ့ပြန်နေရပါတော့သည်။ သူမ အကြံအစည်ပျက်လို့မဖြစ်။

ထို့ကြောင့် သူမ သည်းခံနေရတော့၏။

ထို့နောက် သူမတို့ ဟိုတယ်သို့ ပြန်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ကမ်းခြေသို့ ငေးကြည့်နေခိုက် ယုယုက သူမအနားသို့ရောက်လာ၏။

"လည်ဆွဲလေးတွေအထဲမှာ ယုလည်ဆွဲနဲ့ မနှိုင်းရက အလှဆုံးပဲ"

"ဟုတ်လား။ ကျေးဇူးနော်"

အပေါ်ယံအပြုံးနှင့် သူမ တုံ့ပြန်လိုက်မိပါသည်။

"မနှိုင်းရ ကံကောင်းပါတယ်။ ဒီလိုမိသားစုရဲ့ ချွေးမဖြစ်ရတာ"

"ဘာဖြစ်လို့လဲ မယုရဲ့"

"သူ့မိဘတွေက အရမ်းချမ်းသာတာလေ။ ပုသိမ်မှာဆိုရင် မသိတဲ့လူ မရှိဘူး။ နောက်ပြီး သားကိုက အရမ်းကိုယ်ကျင့်တရားကောင်းတာ။ မိန်းမရှုပ်ဖို့နေနေသာသာ ရည်းစားတောင် တစ်ခါမှ မထားဖူးဘူးလေ။ မနှိုင်းရက သူ့ရဲ့အချစ်ဦးပဲ"

ယုယုစကားကြောင့် သူမ တွေတွေလေးဖြစ်သွားရ၏။ ထို့ပြင် စိတ်ထဲတွင် သူမပဲကံကောင်းသလိုလို ခံစားလိုက်ရပါသည်။

"ဟုတ်လား"

"အင်း . . . နောက်ပြီး သားကိုက အရမ်းသည်းခံစိတ်ရှိတာ။ နောက်ပြီး အနစ်နာလည်း အရမ်းခံတတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . ."

"သူ့အချစ်ကိုခံရတဲ့အတွက် မနှိုင်းရ အရမ်းကံကောင်းပါတယ်"

ယုယုစကားကို နားထောင်ရင်းနှင့် အရင်က သူမခိုင်းခဲ့သမျှကို ပြန်မြင်ယောင်မိပါ၏။ သူမ သူ့ကို အလွန်အကျွံပင် ခိုင်းစေခဲ့သည်မဟုတ်ပါလား။

"နောက်ပြီး သူက တစ်ဦးတည်းသောသားလေ။ ဒီတော့ သူ့ဘဝကို သူ့မေမေတို့က အရမ်းမျှော်လင့်ထားတာ။ အခုလည်း သူတို့မျှော်ရကျိုးနပ်ပါတယ်။ မနှိုင်းရက တော်တော်ထက်မြက်တာပဲ"

သူမ ပြုံးရုံတုံ့ပြန်လိုက်မိပါသည်။

"သားကိုဖေဖေက ငယ်ငယ်လေးထဲက ဆုံးသွားတာလေ။ သားကိုက ဖခင်မေတ္တာကို အရမ်းတောင့်တတာ။ နောက်ပြီး သူ့အမြဲပြောလေ့ရှိတာက သူ့မိသားစုကို သူအရမ်းတန်ဖိုးထားမယ်ဆိုတဲ့စကားပဲ"

"ဪ . . ."

သူမနားထောင်ရင်း နားထောင်ရင်းနှင့် သားကိုကိုကို သနားလာသလိုပင်။ မိသားစုတစ်ခုတည်ထောင်ရန် လွန်စွာတန်ဖိုးထားသော သားကိုကို၏ဆန္ဒကို သူမအတ္တတစ်ခုတည်းကြောင့် အလွဲသုံးစားလုပ်နေမိသလိုပင်။

သူမ ဟန်ဆောင်ပြုံးပင် မပြုံးချင်တော့။

"ဟို . . . မယု၊ ကျွန်မ ခေါင်းနည်းနည်းမူးလာလို့ နားချင်ပြီ"

"အင်း . . . ဒါဆိုလည်း နားလေ။ ယုကတော့ မိငယ်ကိုစောင့်လိုက်ဦးမယ်။ သူ ဒီကိုလာမှာတဲ့"

"ဪ . . . ဒါဆို ခွင့်ပြုဦးနော်"

သူမပြောပြီး အခန်းရှိရာသို့ ပြန်ခဲ့လိုက်ပါတော့သည်။

အပြန်လမ်းတွင် သူမရင်မှာ သိသာစွာ လေးလံနေပါ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

သူမ အခန်းကိုပြန်ရောက်သည်နှင့် ခုတင်ပေါ်တွင် ထိုင်လိုက်ပါသည်။ စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်နေ၏။

"သူ့အချစ်ကိုခံရတဲ့အတွက် မနှိုင်းရ အရမ်းကံကောင်းပါတယ်"

ယုယုစကားကို ပြန်ကြားယောင်လိုက်ရချိန်တွင် သူမ စိတ်ကျဉ်းကျပ်ပြီး ပူစပ်ပူလောင်ပင် ဖြစ်မိပါတော့သည်။

"ဟူး . . . ပူလိုက်တာ"

သူမ လက်လေးနှင့်ယပ်ခတ်ရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်မိပါတော့သည်။ ထိုအချိန်တွင် သူဖက်လိုက်သည့် ခဏတာလေးကိုလည်း ဖျတ်ခနဲ မြင်ယောင်သွားမိပြန်၏။

"ငါ ဘာတွေဖြစ်နေတာပါလိမ့်"

သူမ ထိုင်မနေချင်တော့။ ကုတင်ဘေးတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိတော့၏။

"ရှင်းနေတာပဲလေ။ ခဏဟန်ဆောင်မယ်။ ဖေဖေသွားရင် သူ့ကိုရာထူးတိုးပေးမယ်။ ဒါပဲလေ။ ဘာတွေဖြစ်နေတာလဲ နှိုင်းရမေမေ၊ ဘာတွေဖြစ်နေတာလဲ"

ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သူမကိုယ်သူမ ပြန်မေးမိနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အေးဆေးပဲ။ စိတ်လျှော့နိုင်းရမေမေ၊ စိတ်လျှော့"

သူမ လျှောက်နေရာမှ ရပ်လိုက်မိပြန်သည်။

"ဒီနေ့ ပိုပူသလိုပဲ"

သူမ လွန်စွာပူအိုက်နေသလိုပင်။ တကယ်က သူမရင်ထဲမှ ပူလောင်နေခြင်းသက်သက်ပင်။

"သွားကွာ။ ရေချိုးလိုက်မယ်"

သူမပြောပြီး အပေါ်ထပ်အင်္ကျီလေးကို ချွတ်လိုက်ပါသည်။ ထို့နောက် လက်တစ်လုံးအင်္ကျီလေးနှင့် ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့၏။ ရေချိုးခန်းထဲတွင် ရေပန်းက ဖွင့်လျက်သား။

"ဟင် . . . ရေပန်းပွင့်နေတာ ငါလည်းမသိပါလား?"

ကိုယ့်အတွေးနှင့်ကိုယ် ရေပန်းပွင့်နေသည်ကိုပင် သူမ သတိမထားလိုက်မိ။ ထို့နောက် တစ်ဆက်တည်း သူမမြင်တွေ့လိုက်ရသည်ကတော့ ရေချိုးခန်းထောင့်မှ ကိုယ်ကို သဘက်နှင့်ကွယ်ထားသော ရှက်သွေးဖြာနေသည့် သားကိုကို။

"အား . . . ရှင် . . ."

သူမ ကြောက်လန့်တကြား ထ,အော်တော့ သူကပါ လိုက်အော်၏။

"အား . . . မင်း . . ."

"ရှင် . . . ဘုရား . . . ဘုရား . . ."

"မင်း . . . မင်းဘာဖြစ်လို့ ဒီထဲဝင်လာရတာလဲ?"

သားကိုကိုတစ်ကိုယ်လုံး ရေတွေနှင့်။ သဘက်တိုလေးတစ်ခုသာ ကွယ်နေ၏။

"ရှင် ဘာဖြစ်လို့ Lockမချထားတာလဲ?"

"မချထားဘူးလား?"

သူမ ရှက်ရမ်းရမ်းပြီး တံခါးကိုအတင်းဖွင့်နေသော်လည်း တံခါးက မပွင့်တော့။

"ငါ ချထားပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါဆို တံခါးကပျက်နေတာလား?"

"အဲ့ဒါတော့ မသိဘူးလေ"

"ရှင်က ဒီမှာဘာလုပ်နေတာလဲ?"

"ရေချိုးနေတာလေ။ မင်း ရေကျနေသံမကြားဘူးလား?"

"မကြားပါဘူး"

"မင်း ဘာတွေတွေးနေလို့ မကြားတာလဲမှမသိတာ"

"အောင်မာ . . .၊ ရှင်နော် စကားကိုသတိထားပြော"

ပြောရင်း သူမ သူ့ကိုရိုက်ရန် ကိုယ်ကိုလှည့်လိုက်တော့ သူ့ကိုယ်လုံးတီးကိုပြန်မြင်ပြီး မျက်လုံးမှိတ်ကာ တစ်ဖက်သို့လှည့်လိုက်ရပြန်လေသည်။

"ဟာ . . . ဒုက္ခပါပဲ။ ရှင်က တကယ်ကိုယ်လုံးတီးကြီး"

"သဘက်တော့ ပါပါတယ်ကွာ"

"အခု ဘယ်လိုလုပ်ကြမလဲ"

"မသိတော့ဘူး မင်းက တကယ့်ပြဿနာကွာ"

နှစ်ယောက်သား ရေချိုးခန်းထဲတွင် ပိတ်မိနေ၏။

"ဒါနဲ့ မင်းကဘာဖြစ်လို့ လက်တစ်လုံးလေးဖြစ်နေရတာတုံး"

"ကျွန်မလည်း ရေချိုးမလို့လေ။ ဟင် . . . ရှင် လိုက်မကြည့်နဲ့လေ"

"အော် . . . အေး . . . Sorry"

သူမသတိပေးလိုက်မှ သူ သတိဝင်သွားပြီး မျက်လုံးအစုံမှိတ်လိုက်၏။ သူမ တံခါးကိုဖွင့်နေသော်လည်း မည်သို့မျှမပွင့်။

"ဒုက္ခပါပဲ"

သူမ ရှက်လွန်း၍ သေပင်သေချင်နေတော့သည်။

"ငါ့ကိုယ်လုံးကို မြင်ဖူးတဲ့မိန်းကလေးဆိုလို့ မင်းတစ်ယောက်ပဲရှိတယ်။ သူများတွေ လျှောက်မပြောနဲ့နော်။ ငါက ရှက်တတ်တယ်"

"အောင်မယ်၊ ရှင်က လူကိုဘာများမှတ်နေလဲ?"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်စလုံး အတော်ပင် နေရထိုင်ရခက်နေ၏။ ထိုစဉ် အခန်းထဲသို့ ဒေါ်ဆွေလှိုင်း ဝင်လာလေသည်။

"ဟဲ့ . . . ကလေးတွေ၊ တစ်ယောက်မှမရှိဘူးလား?"

ကြားလိုက်ရသော ဒေါ်ဆွေလှိုင်းအသံကြောင့် သူမတို့နှစ်ယောက်လုံး နားစွင့်လိုက်ကြ၏။

"မေမေ . . . မေမေ . . . ခေါ်လိုက်"

"ရှင်ခေါ်ပါလား?"

"အော် . . . မင်းကလည်း ကပ်နေသေးတယ်"

သူ အသံမြင့်ကာ ဒေါ်ဆွေလှိုင်းကို ခေါ်ရလေတော့သည်။

"မေမေရ . . . သားတို့ ရေချိုးခန်းထဲမှာ ပိတ်မိနေလို့"

ဒေါ်ဆွေလှိုင်း သူ့အသံကိုကြားပြီး ရေချိုးခန်းတံခါးကို လာရောက်ဖွင့်ပေးလိုက်ပါသည်။

"မင်းက ရေချိုးခန်းထဲမှာ ဘာလုပ် . . . ဟင် . . . သမီး . . .
သမီးလည်း ဒီထဲမှာ . . ."

ပထမ သူ့တစ်ယောက်တည်းကိုသာမြင်သော ဒေါ်ဆွေလှိုင်း စကားပြောနေစဉ် သူမကိုပါမြင်လိုက်ရ၍ အံ့ဩလွန်းမက အံ့ဩသွားရပါတော့သည်။

"မင်းတို့ နေ့ခင်းကြောင်တောင်ကြီး ရေချိုးခန်းထဲဝင်ပြီး ဘာလုပ်နေကြတာလဲ?"

"ဟို . . . "

"အာ . . . ဟို . . ."

နှစ်ယောက်လုံး အဖြေရခက်နေကြ၏။ ထိုစဉ် သူပြန်ဖြေရန် စကားရသွားသဖြင့် . . .

"ဟိုလေ . . . သားကို နှိုင်းရက ချေး(ဂျီး)တွန်းပေးနေတာပါ မေမေ။
သူလည်းဝင်ပြီးရော တံခါးက Lockကျသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . . မင်းတို့နှယ်၊ ဖြစ်ရတယ်။ ကဲ . . . ကဲ . . . အခုပြီးပြီ လား?"

"ပြီးပါပြီ"

သူကဖြေ၏။ သူမ ကြောင်တောင်တောင်နှင့် သူ့ကိုလှည့်ကြည့်မိပါသည်။

"ကဲ . . . ပြီးပြီဆိုလည်း အပြင်ထွက်ခဲ့ကြဦး။ စကားလေးဘာလေး ပြောကြတာပေါ့။ ဟုတ်ပြီလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဟုတ်ကဲ့ မေမေ"

သို့နှင့် ဒေါ်ဆွေလှိုင်း အပြင်သို့ ပြန်ထွက်သွားလေသည်။

"ရှင်နော် ဘယ်လိုဖြေလိုက်တာလဲ? လူကို တင်စီးလိုက်တာ"

ဒေါ်ဆွေလှိုင်းပြန်ထွက်သွားသည်နှင့် သူမ သူ့ကိုစွာလိုက်ပါတော့သည်။

"ဟင်း . . . အဲ့လိုမဖြေလို့ ငါက ဘယ်လိုဖြေရမှာတုံး။ ကဲပါ . . အခုတော့ မင်းအပြင်ထွက်တော့။ ငါ ရှက်လှပြီ"

"အို . . . ကျွန်မလည်း ရှက်တာပါပဲနော်"

သူမ ကြောင်အမ်းအမ်းနှင့် အပြင်သို့ပြန်ထွက်ခဲ့ရပါတော့သည်။ သူမ ရှက်လွန်း၍ မျက်နှာကိုပင် လိုးပစ်ချင်စိတ်ပေါက်မိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဝေကတော့
အာဒံဆိုသော ကောင်လေးကြောင့်ပင်
ရင်ခုန်တတ်ခဲ့ရပါတော့သည်။
အာဒံသည်လည်း ဝေကြောင့်ပင်
အချစ်ကို သိရှိခဲ့ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ညကလိုပင် သူနှင့်သူမ အိပ်ရာဝင်ကြရပြန်သည်။

သို့သော် သူ တစ်နေ့လုံး သူမ၏လက်တစ်လုံးနှင့်ပုံကို မျက်လုံးထဲမှမထွက်။ ဘယ်လိုမှလည်း အိပ်လို့မရ။

“မင်း နေ့လယ်က ရေချိုးနေသံကြားသင့်တယ်ကွာ”

သူမ ကုတင်ပေါ်တွင် လှဲနေပေပြီ။ သူမ မအိပ်သေးသည်ကို သူသိနေ၏။

“ရှင် နေ့လယ်ကကိစ္စကို ပြန်မပြောပါနဲ့တော့လား”

“ဒါပေမဲ့ မင်း လက်တစ်လုံးကြိုးလေးနဲ့ လှတယ်”

“တော်ပါတော့ သားကိုကိုရယ်။ မပြောပါနဲ့တော့”

သူမ ရှက်ရှက်နှင့် အော်လိုက်မိပါသည်။

“အင်း . . . မပြောတော့ပါဘူး”

သူနှင့်သူမ တိတ်ဆိတ်သွားပြန်၏။ သူမလည်း တကယ်ပင် စိတ်လှုပ်ရှားမိပါ၏။ ယောကျ်ားတစ်ယောက်နှင့် ထိုသို့ တစ်ခါမျှ နီးနီးကပ်ကပ်မနေဖူး။

“ဟို . . . ငါငယ်ငယ်တုန်းက ဖေဖေ့ကို အရမ်းချစ်တာကွ။ ဖေဖေ့ကိုမြင်နေရရင် ငါ ကျေနပ်နေတာ”

“သြော် . . .”



www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး ငါက အသည်းနုတယ်။ အငိုလွယ်တယ်။ မင်းကတော့ အသည်းမာမယ့်ပုံပဲနော်။ ဘယ်သူနဲ့မဆို မင်း ရင်ဆိုင်ရဲတယ်။ ကားပေါ်က ဒရိုင်ဘာကြီးနဲ့တုန်းကလည်း မင်း တော်တော်ရဲတင်းတယ်"

သူ အမြင်တွင်တွေ့ရသမျှနှင့် သူမကို ပုံဖော်မိနေ၏။

"မင်း တကယ်ပဲ မြန်မာသီချင်း နားမထောင်တတ်တာလား?"

သူ့မေးခွန်းဆုံးသည်နှင့် သူမထံမှ သက်ပြင်းချသံတစ်ခု ကြားလိုက်ရပါသည်။

"တကယ်တော့ အဲ့ဒီကားသမားကြီးအော်လိုက်လို့ ကျွန်မ ဘယ်သူမှ မသိအောင် ကျိတ်ငိုခဲ့ရပါတယ်။ ကားပေါ်မှာ Tissueနဲ့ မျက်နှာကို ကွယ်ပြီးငိုခဲ့တာလေ"

သူ လုံးဝမထင်မှတ်ထားတဲ့စကားကို ကြားလိုက်ရသောကြောင့် အတော်ပင်အံ့ဩမိသွားရပါ၏။

"သူနဲ့ရန်သာဖြစ်နေပေမယ့် ကျွန်မရင်ထဲမှာတော့ အရမ်းရှက်နေတာ။ အားလုံးဝိုင်းကြည့်နေတာကို အန်တုပြီး ယောကျ်ားကြီးတစ်ယောက်ရဲ့အပြောကို ခံလိုက်ရတာ ကျွန်မလို မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက်ခံရခက်မလဲ?"

"ဒါဆို မင်းဘာဖြစ်လို့ သီချင်းကိုပိတ်ခိုင်းရတာလဲ?"

သူမထံသို့နားစွင့်ရင်း မေးလိုက်မိပြန်၏။

"စိုင်းထီးဆိုင်ဆိုတာ ကျွန်မအနှစ်သက်ဆုံး အဆိုတော်ပါ။ သူ့သီချင်းတွေအကုန်လုံးလိုလို ကျွန်မ အလွတ်ရနေတယ်"

"အဟုတ်"

"အင်း . . .အဟုတ်"

တစ်ခါဖူးမှမကြားဖူးသော သူမထံမှစကားများကြောင့် သူအိပ်ချင်နေသည့်မျက်လုံးပင် ကျယ်သွားရပါတော့သည်။

"ဒါဆို ကိုယ် သီချင်းတစ်ပုဒ်ရဲ့ခေါင်းစဉ်ကိုပြောမယ်။ မင်း ဆိုပြမလား"



www.burmeseclassic.com

www.burmeseclassic.com

"ပြောကြည့်လေ"

"အင်း . . ."

သူစဉ်းစားရင်း အဆိုတော်စိုင်းထီးဆိုင်၏ သီချင်းခေါင်းစဉ်တစ်ခုကို စဉ်းစားလိုက်မိပါသည်။

"မောင်မနေတတ်ဘူး"

"အင်း . . . ရတယ်၊ နားထောင်"

သူ တကယ်ပင် နားစွင့်လိုက်မိပါသည်။

*"ဒီအချိန်ကိုရောက်ရင် တို့နှစ်ယောက် အမြဲတွေ့နေကျ × × ×*

*ဒီနေရာလေးမှာ တို့နှစ်ယောက် လမ်းလျှောက်နေကျ × × ×*

*အရာရာတိုင်းဟာ မင်းအကြောင်းနဲ့ နွယ်ဆက်လာ × × × "*

သူမ တကယ်ပင် အသံနေအသံထားပီသစွာ သီဆိုနေလေ၏။ ထို့ကြောင့် သူပါ သူမနှင့်အတူ ထိုသီချင်းလေးကို လိုက်ညည်းမိသွားပါသည်။

*"ဘယ်သူကိုတွေ့တွေ့ မင်းအရိပ်ပဲ တွေ့ယောင်လာ × × ×*

*ဘာသံကိုကြားကြား မင်းစကားပဲ ကြားယောင်လာ × × × "*

*"ဘယ်သူကိုတွေ့တွေ့ မင်းအရိပ်ပဲ တွေ့ယောင်လာ × × ×*

*ဘာသံကိုကြားကြား မင်းစကားပဲ ကြားယောင်လာ × × × "*

"အင်း . . . ရှင်လည်းရသားပဲ"

"စိုင်းထီးဆိုင်က ကိုယ့်အနှစ်သက်ဆုံး အဆိုတော်လေ။ မင်းလည်း ကောင်းကောင်းဆိုတတ်တယ်နော်"

"အင်း . . .ကျွန်မ ငယ်စဉ်တစ်လျှောက်လုံး စိုင်းထီးဆိုင်ပဲ နားထောင်ခဲ့ရတာ"

"ဒါဆို ဆက်ဆိုကြရအောင်"

"ဆိုလေ"

သို့နှင့် သူနှင့်သူမ သံပြိုင်သီချင်းလေးကို ဆက်ဆိုခဲ့မိကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင် မနေတတ်ဘူး × × × ယောင်ချာချာ အရူးတစ်ပိုင်းဖြစ်နေပြီ × × × ဘာတွေပဲလုပ်လုပ် × × × ဟာတာတာ ရင်မှာကျန်နေမြဲ × × × မောင်မနေတတ်ဘူး × × × အတူနေစဉ်တုန်းက ဘဝကိုပဲ × × × ပြန်လည်သတိရနေ × × × "

သူ ကျေနပ်စွာ လက်ခုပ်ဖွဖွတီးလိုက်မိပါတော့သည်။

"တယ်တော်တဲ့ နှိုင်းရမေမေပါလားကွ"

"အဟင်း . . ."

သူမရယ်သံသဲ့သဲ့ကို သူကြားလိုက်သောကြောင့် ရင်ထဲတွင် ကျေနပ်သလိုလေးဖြစ်မိသွား၏။

"ဒါဆို မင်းဘာဖြစ်လို့ ကားပေါ်ကသီချင်းကို ခါးခါးသီးသီးပိတ်ခိုင်းရတာလဲ?"

"ကျွန်မ အသက်လေးနှစ်လောက်တုန်းက မေမေ ကားအက်စီးဒင့်နဲ့ ဆုံးသွားတယ်လေ။ ဖေဖေနဲ့စကားများပြီး စိတ်ဆိုးဆိုးနဲ့ ကားမောင်းထွက်သွားရင်း ဆုံးသွားတာ . . ."

သူမအသံ လေးလေးလံလံကြောင့် သူ စိတ်မကောင်းဖြစ်မိသွား၏။

"မေမေဆုံးပြီးကတည်းက ကျွန်မလည်း မေမေ့လို စိတ်ထားမနူးညံ့အောင်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းပြီးနေခဲ့တာ။ နေရာတကာ ရင့်ကျက်ဟန်၊ မာကျောဟန် ဆောင်ခဲ့ရတာလေ"

သူမကို သူ လွန်စွာသနားမိပါတော့သည်။

"ကားပေါ်မှာဖွင့်လိုက်တဲ့သီချင်းက ကျွန်မမေမေ ကျွန်မကိုဆိုသိပ်နေကြသီချင်း။ အိပ်ရာဝင်သီချင်းပေါ့။ စိုင်းထီးဆိုင်က မေမေ့အနှစ်သက်ဆုံး အဆိုတော်လေ"

လေးလံလှသည့် သူမစကားအဆုံးတွင် သူမ၏သက်ပြင်းချသံသဲ့သဲ့ကိုလည်း သူ ကြားလိုက်ရပါသေး၏။

"ငယ်စဉ်က × × × ကလေးတို့ဘဝမှာ × × × ပျော်ပါးကြီးပြာ လွယ်ပါတယ် × × × ကိုယ်ရတာနဲ့ × × × တင်းတိမ်ရောင့်ရဲ × × စားချိန်



www.burmeseclassic.com

www.burmeseclassic.com

မှာဝင်စားမယ် × × × အိပ်ချိန်မှာ ဝင်အိပ်မယ် × × × အပူပင်ကင်းတဲ့ ကလေးလေးဘဝကို × × × တစ်ခါပြန်ပြီး ရချင်သေးတယ် × × × အပြစ်မသိသေး × × × "

သူမသီချင်းဆိုသံသည် အစပိုင်းတွင် အဆင်ပြေနေသော်လည်း အလယ်ပိုင်းသို့ရောက်လာသောအခါ သိသိသာသာ ငိုသံလေးရောနှော လာပါတော့သည်။ သူ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ထ,ထိုင်ကာ သူမကို ကြည့်လိုက်တော့ အလို . . . သူမငိုနေ၏။

မာကျောလှသည့် သူမလိုမိန်းမ၏ မျက်ရည်များကို သူ မြင်လိုက်ရ ပါသည်။ သူ့ရင်ထဲ လှပ်ခနဲဖြစ်သွားသည်နှင့်တစ်ပြိုင်နက် သူ ခုတင်ပေါ် သို့ ရောက်သွားမိပါသည်။

"မင်း ငိုနေတာလား နှိုင်းရမေမေ"

"ကျွန်မ အဲ့ဒီသီချင်းကို ဘယ်မှာပဲကြားရကြားရ အခုလိုမထိန်းနိုင် ဘဲ ငိုတတ်လွန်းလို့ ပိတ်ခိုင်းလိုက်တာပါ သားကိုကိုရယ်"

သနားစရာ ဝန်ခံစကားလေးနှင့်အတူ သူမ သူ့ရင်ခွင်ထဲသို့ ရောက် လာလေသည်။

"မငိုပါနဲ့ကွာ၊ ဒီလိုပဲပေါ့။ ဘဝဆိုတာ ငိုရတဲ့အခါလည်းရှိမယ်၊ ပျော်ရတဲ့အခါလည်း ရှိမှာပေါ့"

ခေါင်းလေးကိုအသာသပ်ပေးရင်း သူ ပြောလိုက်မိပါသည်။ သူ လည်း သူမနှင့်ထပ်တူ ဝမ်းနည်းပြီး မျက်ရည်ပါဝေ့မိပါ၏။

"တကယ်တော့ ကျွန်မကိုယ်ကျွန်မ အားတင်းထားတာပါ သားကိုကို ရယ်။ တကယ်ပါ"

"အေးပါကွာ . . . ကိုယ်နားလည်ပါတယ်၊ ကိုယ်နားလည်ပါတယ်။ တိတ်တော့နော် . . . တိတ်တော့"

သူမ ကိုယ်လေးလျှော့ပြီး သူ့ပေါင်ပေါ်တွင် ခေါင်းလေးတင်ထား ၏။

"ကိုယ်လည်း ကိုယ့်ဖေဖေကို ဒီလိုပဲသတိရပါတယ်ကွာ။ တကယ် ပါ"



www.burmeseclassic.com

www.burmeseclassic.com

"သီချင်းသံက မေမေဆုံးသွားတဲ့မြင်ကွင်းကို အမြဲလိုအသစ်ဖြစ်စေလို့ပါ"

"အေးပါ . . . အေးပါ . . . တိတ်တော့နော်"

သူမခေါင်းမှဆံစလေးများကို သူ အသာသပ်ပေးနေမိပါသည်။

"ကဲ . . . အိပ်တော့။ ကိုယ် သီချင်းဆိုပြမယ်"

သူပြောလိုက်ကာ သူမခေါင်းမှဆံစလေးများ သပ်ပေးနေမိသေး၏။ သူ တကယ်ပင် သူမကို လွန်စွာသနားမိပါ၏။

*"ဒီအချိန်ကိုရောက်ရင် တို့နှစ်ယောက် အမြဲတွေ့နေကျ × × × ဒီနေရာလေးမှာ တို့နှစ်ယောက် လမ်းလျှောက်နေကျ × × × အရာရာတိုင်းဟာ မင်းအကြောင်းနဲ့နွယ်ဆက်လာ × × × ဘယ်သူကိုတွေ့တွေ့ မင်းအရိပ်ပဲ တွေ့ယောင်လာ × × × ဘာသံကိုကြားကြား မင်းစကားပဲ ကြားယောင်လာ × × × "*

သူ သီချင်းဆိုနေရင်း သူမကိုကြည့်လိုက်တော့ သူမသည် သူ့ပေါင်ပေါ်တွင် ခေါင်းလေးအုံးကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့သွားပါတော့၏။ အိပ်ပျော်နေသော သူမပါးပြင်တွင် မျက်ရည်စလေးတွေကို သူတွေ့ပြီး အသာသုတ်ပေးမိပါသည်။

"ကိုယ် ဘယ်လိုမှမထင်ထားဘူး နှိုင်းရရယ်။ မင်း ဒီလောက်ကလေးဆန်လိမ့်မယ်လို့ ကိုယ် မထင်မိရိုးအမှန်ပါကွာ။ ကိုယ်လေ အရင်တုန်းက မင်းကို ဘာဖြစ်လို့အမြင်ကပ်မိမှန်း ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်တော့ဘူး။ မင်းလိုကောင်မလေးကို ကိုယ် အမြင်မကပ်သင့်ဘူး"

သူပြောရင်း သူပင် မထင်မှတ်ဘဲ သူ့မျက်ရည်လေးတစ်ပေါက် သူမခေါင်းလေးပေါ်သို့ ကျဆင်းသွားပါ၏။

နှစ်ခြိုက်စွာအိပ်ပျော်နေသော သူမကိုကြည့်ရင်း သူပါ တဖြည်းဖြည်း အိပ်ချင်လာသောကြောင့် ခုတင်ခေါင်းရင်းကိုမှီရင်း အိပ်ပျော်သွားပါတော့သည်။

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်သံသဲ့သဲ့ကြောင့် သူမ အိပ်မှုန်စုံမွှားဖြစ်နေချိန်တွင် သူမ ကြားလိုက်ရသောအသံက . . .

"သားရေ . . . မင်းအတွက် လက်သုပ်စုံ မေမေမှာထားပေးတယ်"

ဟူသောအသံပင်။ ထိုစဉ် သူမ ချက်ချင်းထ,ထိုင်ရန်ပြင်လိုက်စဉ် သူမ၏ခေါင်းပေါ်တွင် သူ့ရဲ့လေးလံလှသောလက်တစ်ဖက်က ဖိလို့ထားပါ၏။ သူ့ပေါင်တစ်ဖက်ကိုတော့ သူမက ခေါင်းအုံးလို့အိပ်နေပြီး သူက ခုတင်ခေါင်းရင်းဖက်ကိုမှီကာ ငုတ်တုတ်ကြီးအိပ်လို့နေသည်။

"ဟယ် . . . ဒီကလေးတွေ ဘယ်လိုပုံစံကြီးအိပ်နေတာလဲ?"

သူ့မေမေအသံကြောင့် သူရောသူမပါ သေချာစွာနိုးသွားပြီဖြစ်သော်လည်း ပုံစံအနေအထားကြီးက ပြင်၍မရတော့။ သူ့မေမေက မြင်သွားချေပြီ။

"ဟို . . . မေမေ"

သူ အိပ်မှုန်စုံမွှားနှင့် ရှင်းပြရခက်၏။ သူနှင့်သူမ ကိုယ်ချင်းခွာကာ ခုတင်ပေါ်တွင်ပင် ဆက်ထိုင်နေကြရတော့သည်။

"ရပါတယ် သားရယ်။ မနေ့က မင်းတို့ကို ရေချိုးခန်းထဲမှာအတူတူ တွေ့လိုက်ရကတည်းက မေမေတို့က နားလည်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဆွေလှိုင်း ဘာကိုနားလည်သွားသည်ကို သူရောသူမပါ မသိ။ တစ်ယောက်နှင့်တစ်ယောက် နားမလည်သည့်အကြည့်များနှင့် ကြည့်မိသွား၏။

"အဲ့ဒါကြောင့် မနေ့က မင်းဘွားဘွားနဲ့မေမေ ကိစ္စလေးတစ်ခုကို တိုင်ပင်လိုက်ကြတယ်"

"ဘာများလဲ မေမေ"

သူ နားမလည်စွာမေးလိုက်ပါသည်။

"မနက်ဖြန် ဘာနေ့လဲမင်းသိလား?"

"တနင်္လာ"

"သောကြာ"

ပြိုင်တူဖြေလိုက်သောအဖြေက မတူညီကြ၍ တစ်ယောက်ထံသို့ တစ်ယောက်အကြည့် ရောက်သွားမိပါသည်။

"မဟုတ်ဘူး တနင်္ဂနွေ။ ဒါပေမဲ့ မေမေမေးတဲ့နေ့ဆိုတာက ထူးထူးခြားခြားနေ့ကို မေးတာလေကွယ်။ သားကိုကို စဉ်းစားစမ်း"

သူ စဉ်းစား၏။ မရ။ ရှက်လွန်းသောကြောင့် ထူပူနေသည်ပင်။

"မင်းဘွားဘွားရဲ့ မွေးနေ့လေကွယ်"

"ဩော် . . . ဟုတ်သားပဲ"

ဒေါ်ဆွေလှိုင်းနဲ့အတူ သူ သံယောင်လိုက်၏။

"အေး . . . အဲ့ဒါ ထူးခြားတဲ့မွေးနေ့ပွဲလေးတစ်ခု ကျင်းပဖို့စီစဉ်ထားကြတယ်"

"အင်း . . . ကောင်းတာပေါ့မေမေရဲ့"

"ဟုတ်တယ် အန်တီ။ ကောင်းတာပေါ့"

နှစ်ဦးစလုံး ပြိုင်တူထောက်ခံမိကြပြန်သည်။

"ဒါနဲ့မေမေ ဘယ်လိုထူးခြားအောင် ကျင်းပမှာလဲ?"

"အင်း . . . ပြောပြမယ်။ မေမေ ဝင်ခဲ့လေ။ ကလေးတွေကို ပြောပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဆွေလှိုင်းစကားဆုံးသည်နှင့် ဒေါ်လှိုင်းမေခင် အခန်းထဲသို့ ဝင်လာလေသည်။

"ဘွားဘွားရဲ့မွေးနေ့ပွဲလေးကို ကမ်းခြေနားမှာ ကျင်းပမှာလေ"

"ဩော် . . . ဒါဆို ထူးဆန်းတာပေါ့။ ဟုတ်တယ်နော် ကိုကို"

"အင်း . . . ဟုတ်တာပေါ့"

"အဲ့ဒီထက်ထူးဆန်းတာက ဘွားဘွားရဲ့မွေးနေ့မှာ သူ့ရဲ့တစ်ဦးတည်း သောမြေးက သူချစ်သူကောင်မလေးနဲ့ မင်္ဂလာဆောင်တာပဲ"

နောက်ဆက်တွဲကြားလိုက်ရသောစကားကြောင့် နှစ်ယောက်သား လန့်ကာအော်လိုက်မိတော့၏။

"ရှင် . . . "

"ဗျာ . . . "

"အင်း . . . ဟုတ်တယ်။ မင်းတို့ကို စေ့စပ်ပေးမနေတော့ဘူး။ တစ်ခါတည်း လက်ထပ်ပေးလိုက်တော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ အခုလိုတွဲနေကြတာ မိန်းကလေးဖြစ်တဲ့ နှိုင်းရမေမေက အရမ်းနစ်နာတယ်။ နောက်ပြီး မနေ့က မင်းတို့နှစ်ယောက် ရေချိုး ခန်းထဲမှာဆို"

"ရှင်"

"ဗျာ"

အာမေဍိတ်သံ ပြိုင်တူထွက်မိပြန်၏။

"ကဲ . . . ဘာမှငြင်းမနေနဲ့။ မင်းတို့မင်္ဂလာဆောင်အတွက် ငါတို့ အားလုံးစီစဉ်လိုက်မယ်။ ဒါပဲ"

"မဟုတ်သေးဘူးနဲ့တူတယ် မေမေ"

သူမကိုအားနာကာ သူ ဝင်ဟန့်မိပါ၏။ သူနှင့်သူမ အတည်ကြီး လက်ထပ်လို့က မဖြစ်သေး။ အကယ်၍ သူမပြောထားသည့်အတိုင်း ပြန်ကွဲကြမည်ဆိုလျှင် နစ်နာမည့်သူက သူမပင်။ သူက ယောကျ်ားလေး။ ပြဿနာသိပ်မရှိ။

www.burmeseclassic.com

"ဟုတ်တယ်အန်တီ။ မဟုတ်သေးဘူးနဲ့တူတယ်နော် ဘွားဘွား"

"အို . . . ဟုတ်ပါတယ်တော်။ မင်းတို့ ဒီလောက်တောင် ရင်းနှီးပြီးမှ လက်မထပ်လို့ မဖြစ်တော့ဘူး"

"အာ . . . ဒါပေမဲ့ . . . "

သူ ငြင်းရခက်ခက်နှင့် သူမကို လှမ်းကြည့်၏။

"ငြင်းနေတာလား ကိုကို"

ငြင်းနေသောသူ့ကို သူမ ဝမ်းနည်းသလို အံ့အားသင့်စွာကြည့်ရင်း မေးလိုက်မိပါ၏။

"အင်း . . . ငြင်းနေတာလေ"

သူမမေးခွန်းကို သူ အလိုက်သင့်ပြန်ဖြေမိပါ၏။

"တွေ့လား . . . ကိုကိုက ငြင်းနေတာ။ ဘွားဘွားတို့ ဘယ်လိုလုပ် လက်ထပ်ဖို့စီစဉ်မှာလဲ?"

ငြင်းလိုက်သည့် သူ့စကားက သူမကို ဝမ်းနည်းစေပါသည်။

"ကဲ . . . မြေးလေးသားကိုကို"

"ဗျာ . . . "

"ဘွားဘွားမသေခင် ဘွားဘွားရဲ့တစ်ဦးတည်းသောမြေးလေး လက်ထပ်တာကို မြင်သွားခွင့်မရှိရတော့ဘူးလားကွယ်"

သနားစရာ ဒေါ်လှိုင်းမေခင်၏တောင်းဆိုမှုအဆုံးတွင် သူရော သူမပါ ကိုယ်စီကိုယ်င ခေါင်းညိတ်မိကြပါတော့သည်။

"ရှိပါတယ် ဘွားဘွား"

"ရှိပါတယ် ဘွားဘွား"

"အေး . . . ဒီလိုမှပေါ့ကွယ်။ ကဲ . . . မျက်နှာသစ်၊ အဝတ်အစားလဲ။ မြေးလေးတို့အတွက် လက်သုပ်စုံမှာထားပေးတယ်"

"ဟုတ်ကဲ့"

အဘွားကြီးနှစ်ယောက် ပြန်ထွက်သွားကြပေပြီ။ သူ ထိုအခါမှ သက်ပြင်းချလိုက်နိုင်၏။

"ကြည့်ပါဦး။ မေမေ လုပ်ချလိုက်ပြန်ပြီ။ ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်ကြားလိုက်ရသော သူ့ထံမှစကားကြောင့် သူမ ငေး ကြောင်ပြီး သူ့ကိုကြည့်နေမိတော့၏။

"မေမေလုပ်ချလိုက်ပြန်ပြီ။ ဘုမသိ၊ ဘမသိနဲ့။ တကယ်လို့ ငါတို့ ဟန်ဆောင်ထားတယ်ဆိုတာ သိသွားလို့ကတော့ မေမေလည်း ခံစား ရမယ်။ ဘွားဘွားလည်း သေသွားနိုင်တယ် ။ ဘုရား . . . ဘုရား . . . မဖြစ်နိုင်တာချည်းကွာ"

သူ စိတ်ပျက်လက်ပျက်နှင့် ပြောနေ၏။

"နှိုင်းရမေမေ၊ မင်း နည်းနည်းပါးပါးလည်း ပြောဦးလေ။ ဒီပြဿနာ ကို မင်းစ,ခဲ့တာလေ"

သူ့ပုံကိုကြည့်ပြီး သူမ တကယ်ဝမ်းနည်းမိပါ၏။

"ဟို . . . စိတ်အေးအေးထားပါ သားကိုကို"

"စိတ်မအေးနိုင်ဘူးကွ။ အမှန်ကိုသိပြီး ငါ့မေမေနဲ့ ငါ့ဘွားဘွား တစ်ခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ရှင် အဲ့လောက်ကြီးဖြစ်မနေပါနဲ့။ ကျွန်မတို့က တကယ်လက်ထပ် မှာမှ မဟုတ်တာ"

"အေး . . . အဲ့ဒါကြောင့်ပဲ ဖြစ်နေရတာပေါ့"

"လက်ထပ်ပြီးမှ တိတ်တိတ်ကွာရှင်းလို့လည်း ရသားပဲ"

"ဘာ . . ."

နားမလည်နိုင်စွာ သူမကို ကြည့်လိုက်မိပါသည်။

"အင်းလေ . . . ကွာရှင်းလိုက်ကြမယ်လေ။ ရန်ကုန်ရောက်တော့ ကွာလိုက်ကြမယ်လေ။ ဒါမှမဟုတ် ဖေဖေ Ausi ထွက်သွားပြီဆို တာနဲ့ ကွာလိုက်ကြမယ်လေ။ ဘယ်လိုလဲ?"

"မင်းက လက်ထပ်မှာကို တကယ်လက်ခံတယ်ပေါ့"

"အင်းပေါ့ . . . တခြားနည်းလမ်းမှ မရှိတော့တာ"

သူမရင်ထဲမှ ခံစားချက်ကိုဖုံးပြီး ခပ်ပေါ့ပေါ့ပင် ပြောလိုက်မိပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

"သေချာလို့လားကွာ။ ပြန်ကွာရှင်းမယ်ဆိုရင် အဖက်ဖက်က နစ်နာမှာနော်"

"ဒါပေမဲ့ အခု အဲ့ဒါက အကောင်းဆုံးနည်းလမ်းလေ"

သူမကိုငေးကြည့်ရင်း သူ စဉ်းစားလိုက်ရပါတော့သည်။ လက်ထပ်ဖို့ သူမ လွယ်လွယ်ကူကူပင် လက်ခံနေ၏။

"အင်း . . . ကောင်းပြီလေ။ မင်းတောင်လုပ်ရဲသေးတာပဲ။ ပြန်ကွာလိုက်လို့လည်း ရသားပဲ။ ဟုတ်တယ်နော်"

"အင်းပေါ့။ ဟုတ်တာပေါ့"

"အင်း . . . ဒါဆိုလည်း လက်ထပ်ကြတာပေါ့"

"လက်ထပ်လိုက်တာပဲလေ နော် . . ."

သူ ခေါင်းတညိတ်ညိတ်နှင့် သူမပြောသည်ကို လက်ခံလိုက်ပါသည်။

"ကောင်းပြီလေ။ မစေ့စပ်တော့ဘူး။ လက်ထပ်ကြမယ်။ အင်း . . ကောင်းသားပဲ"

ပြောပြီး လေပူကြီးတစ်ခုကို မှုတ်ထုတ်လိုက်မိပါတော့သည်။ သူမ အတော်ပင် စိတ်မကောင်းဖြစ်မိသွားပါသည်။

သူမ ယောင်ယောင်ရမ်းရမ်းနှင့် အခန်းတံခါးကို သွားဖွင့်မိပါတော့သည်။

"မင်း ဘယ်ကိုသွားမလို့လဲ။ အဲ့ဒါ ရေချိုးခန်းတံခါးမှ မဟုတ်ဘဲ"

"အင်း . . . ကျွန်မ အပြင်သွားမလို့လေ။ နည်းနည်းပြေးရင် ကောင်းမလားလို့"

"ကောင်းပါတယ်။ Exercise ပေါ့"

"အင်း . . . Exercise ပေါ့"

သူမပြောပြီး အပြင်သို့ပြေးထွက်ခဲ့မိပါတော့သည်။ ထို့နောက် သံဆောင်ပြင်ပေါ်သို့ဦးတည်ပြီး ပြေးသွားမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ သဲသောင်ပြင်ပေါ်တွင် ဝိုင်းကြီးပတ်လည်လိုပုံစံမျိုး ပတ်ပြေးနေမိတော့၏။ နံနက်စောစောတွင် သူမ ချွေးများရွှဲလို့နေ၏။

"သေလိုက်စမ်း နှိုင်းရမေမေ။ နင့်ကို သားကိုကိုက လက်ထပ်ဖို့နောက်တွန့်နေတယ်။ နင်သေလိုက်"

သူမ ပြောလည်းပြော၊ ပြေးလည်းပြေး။ ချွေးများလည်းကျ၊ မျက်ရည်လည်းကျ။

"ညံ့လိုက်တဲ့ နှိုင်းရမေမေ။ နင့်ကို သူက . . . သားကိုကိုက လက်ထပ်ဖို့တွန့်နေတာ ကြည့်စမ်း"

ပြောလိုက်၊ ပြေးလိုက်နှင့် မောဟိုက်နေပြီဖြစ်သော်လည်း သူမ မရပ်မိသေး။

"လက်ထပ်ပြီး ကွာလိုက်မယ်လည်းပြောရော ချက်ချင်းကိုလက်ခံလိုက်တယ်။ ငါကဘာလဲ?၊ သူ့လိုလူ လက်မခံနိုင်တဲ့အခြေအနေ ငါ့မှာဘာရှိနေလို့လဲ?၊ ငါ ဘာများချို့ယွင်းနေလို့လဲ?"

သူမ ပြောရင်းပြောရင်း မျက်ရည်ပေါက်များလည်း ကျနေမိပါတော့သည်။ တကယ်ပင် ကလေးတစ်ယောက်ပတ်ပြေးရင်း ငိုနေသည့်ပုံနှင့် တူနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အားတင်းထားလေ နှိုင်းရရယ်။ နင်က MDဖြစ်ချင်တာပဲ။ MD ဖြစ်ဖို့ပဲမဟုတ်လား။ အင်း . . . ဟုတ်တာပေါ့၊ MDဖြစ်ဖို့ပဲလေ။ အာရုံစုစည်းထားပါ နှိုင်းရမေမေ။ ဒါက စီးပွားရေးကိစ္စ။ စီးပွားရေး ကိစ္စလိုပဲတွက်"

ပြောနေရင်းနှင့် ဆက်ပြေးနေမိပါသေး၏။ သူမ သောင်ပြင်ပေါ်တွင် ပြေးနေသည်ကို သူ ဘန်ဂလိုမှနေ၍ ငေးကြည့်နေမိပါ၏။

"သူ ဘာဖြစ်လို့ ဒီလိုကြီးပြေးနေတာပါလိမ့်"

သူမကတော့ ဘာကိုမှမတွေ့တော့။

"အား . . . မွန်းကျပ်လိုက်တာ။ မွန်းကျပ်လိုက်တာ"

သူမ ပတ်ပြေးနေဆဲ။

"သားကိုကို . . .၊ အဲ့ဒီကောင်မလေး ဆက်ပြေးနေရင် အမောဖောက် ပြီး သေသွားလိမ့်မယ်။ မင်းသွားပြောလိုက်၊ မပြေးနဲ့တော့လို့ သွား ပြောချည်။ သွား . . ."

သူ့အနားသို့ ဦးလွင်ရောက်လာပြီး သူ့ကိုပြောလေသည်။ သူ ချက် ချင်းပင် ဖောင်းထဲမှလွတ်လိုက်သည့်မြင်းပမာ သူမအနားသို့ ပြေးသွားမိပါ တော့သည်။

"နှိုင်းရမေမေ၊ မင်း သေချင်လို့လား? ရပ်လိုက်တော့လေ၊ ရပ်လိုက် တော့"

သူပြောရင်း ပတ်ပြေးနေသည့်သူမကို ဆွဲဆောင့်ကာ ရပ်နိုင်းလိုက် မိပါတော့သည်။

"မင်း နားသင့်ပြီ။ ချွေးတွေလည်း ရွှဲနေပြီ"

"ကျွန်မဘာသာ ဘာဖြစ်ဖြစ်။ ရှင်နဲ့မဆိုင်ဘူး"

"အေးပါ . . . မဆိုင်မှန်းသိပါတယ်။ ဒါပေမဲ့ . . ."

သူ ဆက်ပြောရန် စကားမရှိတော့။ သူမကိုစိုးရိမ်သောကြောင့် အပြေးရပ်နိုင်းရသည်ဟုတော့ သူ ဝန်မခံချင်ပါ။

"ဒါပေမဲ့ ဘာဖြစ်လဲ?"



www.burmeseclassic.com

www.burmeseclassic.com

"မင်း . . . မင်း . . . "

သူ တကယ်ပင်ပြောရခက်နေသည့်စကားကို သူမက အလူးအလဲ တောင့်တနေမိပါတော့သည်။

"မင်းကို ငါ့မေမေခေါ်နေပြီ။ မနက်စာစားဖို့တဲ့။ အဲ့ဒါသွားဖို့ လာခေါ်တာ။ လိုက်ခဲ့"

သူပြောလိုက်တာက . . .

သူမကြားချင်သည့် စကားမဟုတ်။

"ရှင်သွားနှင့်"

"မရဘူး။ မင်းပါလိုက်ခဲ့"

သူ့မာမာထန်ထန်ခေါ်သံကြောင့် သူမ ဘာမှဆက်မပြောတော့ဘဲ အနောက်မှလိုက်ခဲ့မိပါတော့သည်။ ဘန်ဂလိုကိုရောက်တော့ သူမ အခန်းထဲဝင်ကာ ရေချိုးခန်းဝင်ရပါသည်။ သူကတော့ အပြင်တွင် သူမကိုစောင့်နေ၏။ ထိုစဉ် သူ့အနားသို့ ဦးလွင်ရောက်လာ၏။

"မင်းက သူ့ Assistant အပြင် သူ့ Body -guard ပါ လုပ်နေပြီလား?"

အသံလာရာသို့ လှမ်းကြည့်ကာ ဦးလွင်ကိုတွေ့တော့ သူ ခပ်တည်တည်နှင့်ပင် ဦးလွင်အနားသို့ လျှောက်သွားမိပါ၏။

"ဦး ကျွန်တော်သိချင်တာတစ်ခုကို အမှန်အတိုင်းဖြေပေးဗျာ"

"အေး . . . ဖြေပေးမယ်။ မေး . . . "

"မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် . . . "

"အင်း . . . ဘာဖြစ်လဲ"

"သူတို့လက်ထပ်မယ်။ ပြီးရင် ကွာရှင်းမယ်။ ဘယ်သူနစ်နာသလဲ"

"ဟာ . . . မိန်းကလေး နစ်နာတာပေါ့"

"အင်းပေါ့။ ကျွန်တော်လည်း အဲ့ဒါကိုစိုးရိမ်နေတာ။ နောက်ပြီး အဲ့ဒီ မိန်းကလေးက ခဏတာလက်ထပ်ဖို့ကိုတောင် တော်တော်စိတ်ပျက်ပြီး ဟိုပြေးဒီပြေးလုပ်နေတာ။ နောက်ပြီး သူက ပြန်ကွာရမှာသေချာတယ်ဗျ။ ကျွန်တော် သူနစ်နာမှာစိုးရိမ်တယ် ဦးရ"



www.burmeseclassic.com

www.burmeseclassic.com

သူ တကယ်ပင် လေးလေးပင်ပင် ပြောချလိုက်မိပါတော့သည်။

"အင်း . . . ကောင်လေးကိုကြည့်ရတာ အပူတွေတစ်ပိုက်ကြီးနဲ့ ပါလား"

"ကျွန်တော်ကတော့ လက်ထပ်ပြီး ပြန်မကွာပေးချင်ဘူး"

"ဒါဆိုလည်း အပိုင်သိမ်းလိုက်ကွာ"

"အဲ့ဒါကျတော့လည်း . . ."

သူ တွေးရခက်နေ၏။ တစ်ချိန်လုံး သူမရဲ့အနိုင်ကျင့်မှုကို ခံခဲ့ရသည်မဟုတ်ပါလား? ချက်ချင်းကြီး ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း လုပ်လိုက်ရမည်ကိုတော့ သူ လက်မရဲနိုင်သေးချေ။

"အေးပါကွာ . . . အကောင်းဆုံးဖြစ်အောင် လုပ်ကြပေါ့။ ဟုတ်ပြီလား"

"အင်းပေါ့ . . . အကောင်းဆုံးဖြစ်အောင် လုပ်ရတော့မှာပေါ့လေ"

သူ သက်ပြင်းချရင်း ဘန်ဂလိုအရှေ့သို့ ပြန်လာခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ အဝတ်အစားလဲပြီး အပြင်သို့ထွက်လာတော့ သူနှင့်အတူ ယုယုကို တွေ့လိုက်ရပါသည်။ ယုယုနှင့် စကားပြောနေသောသူသည် အားရပါးရရယ်နေ၏။

"ငါနဲ့စကားပြောတော့ တစ်ခါမှ အဲ့လိုမရယ်ဖူးဘူး"

သူမကြည့်ရင်းနှင့် စိတ်ထဲဘဝင်မကျသလိုကြီး ခံစားမိပါ၏။ သို့သော် သူတို့ပြောနေသည့်စကားကတော့ . . .

"ဟား . . . ဟား . . . တကယ်ပတ်ပြေးနေတာလား သားကိုကို"

"ဟား . . . ဟား . . . ဟား . . . အင်းပေါ့။ ကလေးလေးကျနေတာပဲ။ ကလေးတွေပတ်ပြေးသလိုကို ပတ်ပြေးနေတာဟ"

"အဲ့တော့ နင် တော်တော်စိုးရိမ်သွားမှာပေါ့"

"အင်း . . . စိုးရိမ်သွားပြီး သူ့အနားကိုပြေး၊ ပြီးတော့ သူ့ကိုအော်ငေါက်ပြီး ခေါ်ခဲ့ရတယ်"

"အခု သူရော . . ."

"အထဲမှာ အဝတ်လဲနေတယ်"

"နင်ငေါက်လိုက်လို့ ငိုနေပြီလားမသိဘူးနော်"

"ဟား . . . ဟား . . . ဟား . . . သူလား ငိုမှာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ဟိုတစ်ရက်က ငါတို့သူ့ကို ခရုပုတီးကုံးတွေဝိုင်းဆွဲပေး တုန်းက လက်ခံနေတယ်တော်ရေ့"

"ဟား . . . ဟား . . . ဟုတ်လား။ အေးဟာ . . . သူက တစ်ခါ တစ်ခါ ရင့်ကျက်သလိုနဲ့ တစ်ခါတစ်ခါတော့ တကယ့်ကလေး"

သူတို့ပြောနေစဉ် သူမ တံခါးကိုဖွင့်လိုက်သံ ကြားလိုက်ရသော ကြောင့် . . .

"ဟဲ့ . . . နေ့ပြောနောက်ကြည့်၊ ညပြော အောက်ကြည့်တဲ့။ ဟိုမှာ နင့်ကလေးလေး လာနေပြီ။ ရပ်လိုက်တော့"

ဟုပြောလိုက်သော ယုယုစကားကြောင့် သူတို့ရယ်နေသည်ကို အရှိန်သတ်လိုက်ရတော့သည်။ သူမ မသိသလိုလေးနှင့် သူတို့အနားသို့ လျှောက်ပြီး . . .

"ဆက်ပြောလေ။ ကျွန်မလည်း နားထောင်ပြီးရယ်ချင်လို့"

ဟု ခပ်တည်တည်နှင့် ပြောလိုက်သောစကားကြောင့် သူနှင့်ယုယု တို့ တစ်ဖန် ပြိုင်တူရယ်ရင်း ပွဲကျသွားပါတော့သည်။

"ဟား . . . ဟား . . . ဟား . . ."

"ကဲ . . . ကဲ . . . နင် နောက်မှလိုက်ခဲ့တော့ . . . သားကိုရေး ဒီမှာဆက်နေရင် ငါ အူလိုမ့်ပြီး သေနိုင်တယ်"

ယုယု ရယ်ပြောပြောပြီး ထွက်သွားလေတော့သည်။

"အခုန ရှင်တို့ ဘာရယ်နေကြတာလဲ?"

သူမ နှုတ်ခမ်းလေးစူစူနှင့်မေးသော် သူက . . .

"ကလေးက ကလေးလိုနေ"

ဟုပြောကာ Dining Room ရှိရာသို့ ဦးဆောင်ထွက်သွားလေတော့ သည်။ သူမ သူ့နောက်ကျောကိုကြည့်ရင်း ပဟေဠိများစွာနှင့် ကျန်ရစ် ခဲ့ပါတော့သည်။

ဝန်တိုသည်ဟူသော ခံစားချက်က သူမရင်ထဲသို့ တိုးဝင်နေရာယူ လိုက်ပြီလေ။ ထို့အပြင် ကိုယ်နဲ့ကျတော့ အမြဲလိုလို အပေါ်ယံဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

တတ်သော သားကိုကိုက ယုယုနဲ့ကျတော့ ဒီလို အရူးလိုက်သည်းလိုက် ရယ်တတ်သည်တဲ့လား?။

ယုယုနဲ့ ရင်းနှီးလွန်းနေတဲ့ သားကိုကိုက ဘာကြောင့် သူမနဲ့ကျတော့ ဝေးကွာနေရပါသနည်း။ တစ်ခဏတွင်းမှာပင် သူမ ယုယုကို မနာလိုသည့်ခံစားချက်နှင့်အတူ သူနှင့်လည်း ယုယုကဲ့သို့ပင် ရင်းနှီးချင်သော အားကျသည့်ခံစားချက်တို့ကို သူမ ခံစားတတ်ခဲ့ပါပြီ။

✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

"သမီးရေ . . . လာပါဦးကွယ်။ အခန်းထဲကို ခဏလိုက်ခဲ့ပါဦး"

သူမတစ်ယောက်တည်း ကမ်းခြေကိုထိုင်ငေးနေခိုက် ဒေါ်ဆွေလှိုင်း ရောက်လာပြီး သူမကို အခန်းထဲသို့ လာခေါ်သွားလေသည်။ သူမလည်း စိတ်တွေဝေဝါးနေသောကြောင့် ဘာမှမပြောတော့ဘဲ ဒေါ်ဆွေလှိုင်းနှင့် အတူ လိုက်ခဲ့လိုက်ပါတော့သည်။

ဒေါ်ဆွေလှိုင်းတို့အခန်းထဲရောက်သော် ဒေါ်လှိုင်းမေခင်က သူမကို အပြုံးနှင့်ဆီးကြိုလိုက်ပါတော့သည်။

"အိုး . . . ကြည့်စမ်းပါဦး။ ငါတို့ရဲ့ မျိုးဆက်သစ်လေး"

ဒေါ်လှိုင်းမေခင်သည် သူမ၏လက်ဖဝါးလေးတစ်ဖက်ကို ယုယု ယယလှမ်းကိုင်ယူရင်း ကုတင်ပေါ်တွင် ထိုင်ခိုင်းလိုက်ပါသည်။ ထို့နောက် အလွန်အေးချမ်းသည့်အပြုံးတစ်ခုနှင့်အတူ သူမထံသို့ ဘူးလေးတစ်ဘူး ကမ်းပေးပါ၏။

"ဖွင့်ကြည့်လိုက်လေ သမီး"

သူမ တအံ့တဩဖြစ်ကာ ဒေါ်လှိုင်းမေခင်ကို ငေးကြည့်နေခိုက် ဒေါ်ဆွေလှိုင်း၏တိုက်တွန်းမှုကြောင့် ဘူးလေးကို လှမ်းယူလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သူမ တစ်သက်တွင် ထိုကဲ့သို့သော မိခင်၊ ဘွားအေတို့၏ မေတ္တာကို ဝေ်မွတ်နေသည်မှာ ကြာမြင့်နေပြီပင်။ သူမ ဘူးလေးကို ဖွင့်ကြည့်လိုက်ပါတော့သည်။

"ဟယ် . . ."

အထဲတွင် လက်စွပ်လေးတစ်ကွင်းနှင့် ဘယက်လေးတစ်ကုံး။

"လှလားသမီး"

ဒေါ်လှိုင်းမေခင်က နူးညံ့စွာမေးသည်ကို သူမ ခေါင်းဆတ်ရင်းပြန်ဖြေမိပါသည်။

"လှလိုက်တာ ဘွားဘွားရယ်"

"အေး . . . အဲ့ဒါ ဘွားဘွားတို့ မျိုးရိုးစဉ်ဆက်ထိန်းသိမ်းခဲ့တဲ့ လက်ဝတ်ရတနာပဲ။ ရလာတဲ့ချွေးမလောင်းလေးကို လက်ဆင့်ကမ်းနေကျ။ သမီးအလှည့်ကျရင်လည်း သမီးရဲ့သားဦးလေးရဲ့ ချွေးမလေးကို ဘွားဘွားတို့၊ မေမေတို့အစား လက်ဆင့်ကမ်းပေးရမယ်နော်"

ချုပ်ကိုင်လိုက်သည့် ကတိတစ်ခုကြောင့် သူမစိတ်ထဲ အတော်ပင်မွန်းကျပ်သွားရပါ၏။ သူမက ဟန်ဆောင်ပြီးလက်ထပ်ခြင်းသက်သက်သာ။ ထို့ကြောင့် ဖြူစင်လှစွာသော ဒေါ်လှိုင်းမေခင်နှင့် ဒေါ်ဆွေလှိုင်းတို့၏ ပေးဆပ်မှုကြီးကို သူမ လက်ခံရန်ကြောက်ရွံ့လာ၏။ သူတို့၏မေတ္တာကို စော်ကားသလိုကြီးဖြစ်နေမည်ကိုလည်း သူမ အသေအလဲ ကြောက်နေမိပြီပင်။

"သမီးလေး . . . ဘွားဘွားကိုဖြေလိုက်လေ။ လက်ဆင့်ကမ်းပေးမှာပါလို့"

သူမ တကယ်ပင် ဖြေရခက်နေရင်း မျက်ရည်များပင် ဝေ့လာရပါတော့သည်။ သူတစ်ပါး၏ လေးနက်မှုကြီးကို သူမအတ္တတစ်ခုတည်းအတွက် မျက်စိမှိတ်လိမ်လည်ဖို့တော့ သူမတွင် သတ္တိမရှိပါ။ ဆို့နင့်လာသောခံစားချက်က သူမမျက်ဝန်းဆီသို့ မျက်ရည်ပူများကို တွန်းပို့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟို . . . ဟို . . . သမီး . . ."

"ပြောလေ သမီး"

"သမီးရင်ထဲမှာ တစ်မျိုးကြီးပဲ။ ငိုချင်နေတယ်"

ပြောရင်း သူမ ငိုသံပါကြီးနှင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းလာရပါတော့သည်။

"ဒီလိုပါပဲ သမီးရယ်။ ဘွားဘွားတုန်းကရော၊ မေမေတုန်းကပါ ဒီလို မျိုးကြီးခံစားပြီး ငိုခဲ့ရပါတယ်"

ပြောရင်း ဒေါ်ဆွေလှိုင်းက သူမကိုဖက်ရင်းနှစ်သိမ့်၏။ သူမ ဒေါ်ဆွေလှိုင်းကိုဖက်ပြီး အားရပါးရငိုကျွေးလိုက်ပါတော့သည်။

"မေမေ့သားက သမီးကို တကယ်မချစ်ဘူး မေမေ"

"အော် သမီးလေးရယ်၊ သူချစ်လို့ပဲ သမီးကိုလက်ထပ်တာပေါ့"

"ဒါပေမဲ့ သူက သမီးနဲ့နေရင်မရယ်ဘူး။ ယုယုနဲ့ကျတော့ရယ်တယ်"

ငိုရင်း ကလေးလေးလို တိုင်တန်းနေမိပြန်သေး၏။

"ဒါကလည်း သမီးလေးရဲ့ ချစ်စဖွယ်ဟန်မူတွေကိုပြောပြီး အသည်း ယားလို့ရယ်တာဖြစ်မှာပါကွယ်"

"ကဲပါ မြေးလေးရယ်၊ တိတ်တိတ်။ နောက်တစ်ခါ မြေးလေးနဲ့အ တူတူပဲ သားကိုကိုရယ်ရမယ်လို့ ဘွားဘွားပြောလိုက်မယ်နော်။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့"

အမေရော၊ သမီးပါ သူမကိုဝိုင်းချော့နေ၏။

"ဒီဘယက်ရော၊ လက်စွပ်လေးကိုပါ သားကသမီးကို မင်္ဂလာဆောင် စဉ်မှာ ဝတ်ပေးမှာလေ။ သမီးလေးကတော့ တစ်သက်လုံးသိမ်းထား ရမှာပေါ့ကွယ်။ သမီးလေးရဲ့ချွေးမလေးရောက်လာမှ လက်ဆင့်ကမ်း ပေးပေါ့။ ဟုတ်ပြီလား?"

သူမတို့ကိုကြည့်ပြီး နှိုင်းရမေမေတစ်ယောက် ကိုယ့်ကိုယ်ကိုယ် မလုံ



www.burmeseclassic.com

www.burmeseclassic.com

သလိုခံစားလာရပါသည်။ တကယ်တမ်းကြီးတော့ ရိုးသားလှသည့် လူကြီးနှစ်ယောက်ကို သူမ မလှည့်စားချင်တော့ချေ။

"တကယ်တော့ . . . တကယ်တော့ . . . သမီးက"

"အင်း . . . ပြောလေသမီး၊ ပြောလေ . . ."

"သမီးက . . ."

အမှန်တရားကြီးက သူမကို ခြောက်လှန့်လို့နေပေပြီ။

"အင်း . . ."

"ဟို . . ."

"ပြောလေ မြေးလေး"

"ဒီပစ္စည်းတွေကို . . ."

"အင်း . . ."

သူမ အမှန်အတိုင်းပြောချင်နေသော်လည်း တကယ်တမ်းကျတော့ ပြောမထွက်ပြန်။ အတ္တနှင့် ခံစားချက်က သူမလုပ်ရပ်များ ဝေဝါးသွားအောင် လွှမ်းဆွဲနေပါတော့သည်။

"လက်ထပ်ပြီးရင် သိမ်းထားပေးပါ့မယ်လို့ . . ."

သူမပြောနေမှုကြောင့် တဖြည်းဖြည်း စိုးရိမ်စပြုလာသော ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့ ကျေနပ်စွာရယ်ပြုံးလိုက်ကြတော့သည်။

"အင်းပေါ့။ သိမ်းထားပေးရမှာပေါ့။ ဟင်း . . . ဟင်း . . . ဟင်း"

"အင်း . . . မြေးလေးက လိမ္မာလိုက်တာကွယ်။ ဟင်း . . . ဟင်း"

အဘွားကြီးနှစ်ယောက်၏ ရယ်သံက သူမကို အရိပ်မည်းကြီးတစ်ခုနှယ် ခြောက်လှန့်နေလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

သူမ မွန်းကျပ်လွန်းမက မွန်းကျပ်နေပါတော့သည်။ ထို့ကြောင့် သူမ အားလုံးကိုအမှန်အတိုင်းဖွင့်ပြောဖို့ သူနှင့်တိုင်ပင်ရန် သူ့ကိုလိုက်ရှာရင်းနှင့် ကမ်းခြေသို့ရောက်ခဲ့ပြန်တော့၏။ ကမ်းခြေတွင်တိုက်ခတ်နေသော လေအေးများက သူမ၏အပူမီးကို မငြိမ်းသတ်နိုင်ချေ။

သူ့ကို ကမ်းခြေရှိသဲသောင်ပြင်ပေါ်တွင် လှဲအိပ်နေသည်ကို တွေ့လိုက်ရပါတော့သည်။

"ကိုကို . . . ကိုကို . . ."

သူမ သူ့ကို ဆောင့်အောင့်ကာခေါ်လိုက်မိပါတော့သည်။

"အော် . . . မင်း . . ."

သူမအသံကြား၍ သူ လူးလိမ့်ကာထ,ထိုင်လိုက်ပါသည်။

"ငါ မင်းအကြောင်း အခုပဲတွေးနေတာ။ မင်းကို စကားပြောချင်လို့"

"ဟုတ်တယ်။ ကျွန်မလည်း ရှင့်ကိုစကားပြောမလို့"

သူမ ပြောရန်ပြင်တုန်းရှိသေး ဖိုးထွေးနှင့်မင်းမင်းတို့ သူမတို့ရှိရာသို့ လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရပါတော့သည်။ ဘယ်သွားသွား အမြဲလိုလို သူနဲ့ပတ်သက်လူများကို တွေ့နေရခြင်းကလည်း သူမအတွက် မွန်းကျပ်စရာတစ်ခုလိုပင် ဖြစ်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူမ တွေဝေမနေတော့ဘဲ ရေထဲရှိရာသို့ ပြေးဆင်းသွားမိပါတော့သည်။ သူ ကြောင်တောင်တောင်နှင့် သူမအနောက်မှ ပြေးလိုက်ခဲ့မိပါသည်။

"မင်း ဘာဖြစ်လို့ပြေးနေတာလဲ?"

"ကျွန်မ ဒီနေရာနဲ့ဝေးဝေးကို ရောက်ချင်လို့"

ပြေးရင်း သူမ ပြန်ဖြေလိုက်ပါသည်။

"ပြောပါဦးကွာ။ မင်း ဘာဖြစ်ခဲ့တာလဲ?"

ဘာမပြော၊ ညာမပြောနဲ့ ရေထဲသို့ပြေးဆင်းနေသည့် သူမကို သူ လွန်စွာ စိတ်ပူနေမိပါ၏။

"ကျွန်မစိတ်တွေ အရမ်းကျဉ်းကျပ်နေပြီနော်။ အရမ်းအရမ်းကို ကျဉ်းကျပ်နေပြီ"

"ဟုတ်ပါပြီ။ မင်းပြောဦးလေ။ ဘာဖြစ်လာတာလဲ?"

သူနှင့်သူမ ခြေမျက်စိနစ်သည်အထိ ရေထဲရောက်နှင့်သွားကာမှ သူမလက်ဖဝါးလေးတစ်ဖက်ကို ဆွဲကိုင်လိုက်ရင်း သူမေးလိုက်သော် သူမ ခြေလှမ်းများကို ရပ်တန့်သွား၏။

ဖိုးထွေးနှင့်မင်းမင်းက သဲသောင်ပေါ်မှနေ၍ သူနှင့်သူမကို နားမလည်နိုင်စွာ ငေးကြည့်နေကြပါတော့၏။

"တွေ့လား . . . ဘာမှပြောလို့မရဘူး။ နေရာတိုင်း သူတို့ရှိနေကြတယ်"

သူမ စိတ်ပျက်ပျက်နှင့် ဖိုးထွေးနှင့်မင်းမင်းကို အပြစ်တင်လိုက်မိပါတော့သည်။

"ကဲပါ . . . မင်းဘာဖြစ်လာတာလဲ? ငါ့ကိုပြော"

"ကျွန်မ အားလုံးမေ့နေပြီ။ ရှင်းလား? အားလုံးမေ့နေပြီ"

"မင်းက ဘာကိုမေ့နေတာလဲ?"

သူမ လှိုင်းသံများကြောင့် အော်ကာအော်ကာပြောရင်း မျက်ရည်ပေါက်များပင် ပါးပြင်ပေါ်သို့ ကျဆင်းလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မိခင်မေတ္တာဆိုတာကို ကျွန်မ မေ့လုလုဖြစ်နေပြီ သားကိုကို။ ဒါပေမဲ့ အခု အဲ့ဒါကြီးကို ကျွန်မ ဗြုန်းခနဲ ပြန်မြင်တွေ့နေရပြီ"

"အေးလေ . . . အဲ့ဒါဘာဖြစ်လဲ?"

"နောက်ပြီး ရှင့်အတွက် လေးလေးနက်နက်ရှိတဲ့ ရှင့်မေမေနဲ့ ရှင့်ဘွားဘွားရဲ့မေတ္တာတွေက ကျွန်မတို့အစီအစဉ်လို ပေါ့ပျက်ပျက်မဟုတ်ဘူး"

"အေးလေ . . . ဒီတော့ မင်းဘာဖြစ်ချင်တာလဲ?"

သူမ မျက်ရည်များကို လက်ဖမိုးနှင့် သုတ်ချလိုက်မိပြန်၏။ သူကတော့ သူမကို စိုးရိမ်စပြုနေပေပြီ။

"နောက်ပြီး ကျွန်မကို ဘိုးဘွားအဆက်ဆက်သိမ်းဆည်းခဲ့တဲ့ လက်ဝတ်ရတနာတွေ သိမ်းခိုင်းနေတယ်"

"အေးလေ . . . သိမ်းလိုက်ပေါ့"

"မဟုတ်ဘူး။ အဲ့ဒါ ရှင်ပြောသလောက် မလွယ်ဘူး သားကိုကို။ ရှင်ပြောသလောက် မလွယ်ဘူး"

"အဲဒါတွေက မင်းကို ဖိအားပေးနေလို့လား?"

"မဟုတ်ဘူး။ ကျွန်မကို အကျပ်ကိုင်နေပြီ။ သူတို့မေတ္တာတွေကို ကျွန်မ ဘယ်လိုမှဟန်ဆောင်ပြီး မတုံ့ပြန်နိုင်တော့ဘူး။ လူက အရမ်းပင်ပန်းနေပြီ သားကိုကို"

ပြောရင်း သူမ ရေထဲသို့ဆက်ပြေးပြန်၏။ သူ အနောက်မှလိုက်လာ သူမလက်ကို ဆွဲထားပြန်တော့၏။

"ဒါပေမဲ့ ဒီဇာတ်ကို မင်းစခဲ့တာလေ"

"ကျွန်မ ဆက်ပြီးဟန်မဆောင်နိုင်တော့ဘူး သားကိုကို။ ဟန်ဆောင်လက်ထပ်ပွဲကြီးကို ကျွန်မ သည်းမခံနိုင်တော့ဘူး"

သူမနှင့် လက်မထပ်ရမည်ကို သူ လွန်စွာစိုးရိမ်သွားမိပါသည်။

"ဒါဆို မင်းက လက်မထပ်တော့ဘူးပေါ့။ ဟုတ်လား?"

"ဟုတ်တယ်။ ကျွန်မ ဆက်ပြီးဟန်မဆောင်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ပြေးပြန်၏။ သူ အနောက်မှလိုက်ခေါ်ရင်း သူမ၏ပခုံးကို လှည့်လိုက်မိပါ၏။

"နှင်းရမေမေ။ မင်း အဲ့လိုလုပ်လို့ မရဘူး။ ဒီဇာတ်လမ်းကို မင်း စ,ခဲ့တာ။ အခု ဆုံးတဲ့အထိ မင်း ဆက်က,ရမယ်။ မင်းကို ငါ လက်ထပ်မယ်"

"မဖြစ်နိုင်ဘူး။ ကျွန်မ အရမ်းမွန်းကျပ်လာပြီ"

"ဘာလဲ မင်းက ဟန်ဆောင်လက်ထပ်ရတာကိုပဲ မွန်းကျပ်နေပြီလား?"

"ဟုတ်တယ်။ မွန်းကျပ်နေပြီ"

သူ ဒေါသထွက်မိသွားပါ၏။ သူ့ခံစားချက်များကို သူမ မမြင်ဘူးလား?။ သူ့ကို သူမ ဟန်ဆောင်ပြီးတော့တောင် လက်မထပ်နိုင်တော့ဘူးတဲ့လား?။

"ဘာ . . . မွန်းကျပ်တယ်။ ဟုတ်လား။ မရဘူး၊ မင်းစတဲ့ဇာတ်။ ငါကတော့ မင်းကိုပဲ ရအောင်လက်ထပ်မှာ"

"ဟင့်အင်း . . . ဟင့်အင်း . . . "

သူ့လက်ထဲမှ သူမ ရုန်းထွက်လိုက်ပါသည်။

"မရတော့ဘူး။ ဆက်ပြီးဟန်မဆောင်နိုင်တော့ဘူး"

"အေး . . . မရတော့ဘူးဆိုပြီး ရပ်လို့မဖြစ်တော့ဘူး။ ဟန်ဆောင်တာလေးကိုတောင် မင်းဖက်က ဘာခက်ခဲနေတာလဲ?"

"အဲ့ဒီဟန်ဆောင်တာကိုက ခက်ခဲနေတာ သားကိုကို"

"ဒါဆိုလည်း မင်းလဲသေလိုက်တော့။ လဲသာသေလိုက်တော့။ မင်းပဲ စ မင်းပဲဆုံး။ ဒီမှာ ငါကလည်းလူနော်။ ငါက အရုပ်မဟုတ်ဘူး နှင်းရမေမေ"

သူ အတော်ပင် လက်ပန်းကျသွားပါ၏။ သူမထံမှ သူ့အခါမှ မမျှော်လင့်ထားသောစကားများကို ကြားလိုက်ရခြင်းပင်။

"ရှင်က ကျွန်မကို သေခိုင်းနေတယ် ဟုတ်လား?"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ မင်းလို အတ္တကြီးတဲ့မိန်းမ သွားသေလိုက်တော့။ သေသင့်နေပြီ"

"အင်း . . . ကျွန်မလည်း အရမ်းမွန်းကျပ်နေတာထက်စာရင် သေတာမှ တော်ရုံကျဦးမယ်။ သေမယ်။ သေလိုက်တော့မယ်"

"အေး . . . သေလိုက်။ ဘယ့်နှယ် ငါ့ကိုလက်ထပ်တာပဲ မင်းက သေချင်တယ်တဲ့။ ငါ့ဖက်ကိုတော့ မစဉ်းစားဘူး။ သွားသေ"

သူ မကျေမနပ်နှင့်ပြောပြီး သူမကို ရေထဲတွင်တစ်ယောက်တည်းထားခဲ့ကာ ကမ်းဖက်သို့ပြန်လျှောက်ခဲ့ပါတော့သည်။ သူ့ဘောင်းဘီတစ်ဝက်ခန့်လည်း ရေစိုသွားပေပြီ။

"သေချင်တဲ့နေရာ သွားသေ။ အရေးမပါတာ။ ငါ့ကို ကြိုက်သလိုကစားနေတဲ့မိန်းမ။ အသည်းနှလုံးမရှိတဲ့ မိန်းမ။ ငါ့ဖက်ကိုတော့ထည့်မတွေးဘူး။ ငါ ရှုးလောက်အောင်ခံစားနေရတာကိုတော့ ထည့်မတွေးတဲ့မိန်းမ"

ပြောရင်း မျက်ရည်များပင် စီးကျလာပါတော့သည်။

သူ မကျေမနပ်နှင့် သူမကိုပင် လှည့်မကြည့်တော့။ ထိုစဉ် သဲသောင်ပြင်စပ်က ဖိုးထွေးနှင့်မင်းမင်းက သူ့ကို လက်ဟန်ခြေဟန်အမျိုးမျိုးကိုအသည်းအသန်ပြနေကြလေတော့သည်။

"ဟိုကောင်တွေ ဘာဖြစ်နေတာလဲမသိဘူး"

သူပြောရင်း မျက်ရည်ကို လက်မောင်းနှင့်ဖိသုတ်လိုက်ပါတော့သည်။

"သားကို မင်းကောင်မလေး . . . မင်းကောင်မလေး"

သူ အသံသဲ့သဲ့ကို ကြားလိုက်ပါရပါသည်။

"ဘာဖြစ်လဲ ငါ့ကောင်မလေး။ သေချင်သလို သေပေ့စေ"

"အေး . . . ဟိုမှာ ရေနစ်နေပြီ။ မင်းလှည့်ကြည့်လိုက်"

"နစ်ပေ့စေ။ သင်းသေမှအေးမှာ။ လူကို အမျိုးမျိုး ဒီဇော်ဒုက္ခပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com

သူ ပြောရင်းလှည့်ကြည့်လိုက်သော် တကယ်ပင် သူမ ရေနစ်နေ၏။ ဒေါသနှင့်ပြောလိုက်သည့် သူ့စကားကို အတည်ယူပြီး သူမ ရေနက်ပိုင်းသို့ ဆက်လျှောက်သွားရင်းသွားရင်းနှင့် ရေနစ်မှန်းမသိ နစ်နေတော့၏။

ထို့အပြင် လှိုင်းတို့၏သဘောတရားအတိုင်း အပေါ်ဖက်က ကမ်းခြေသို့ပုတ်ခတ်တင်လိုက်သော်လည်း အောက်ဖက်မှ ဆွဲချသွားသောကြောင့် သူမ တကယ်ပင် ရေနစ်နေပေတော့သည်။

သူမကို သူ သတိလက်လွတ်ငေးကြည့်နေမိပါသေး၏။

"တကယ်နစ်နေတာပဲ"

သူ ကြည့်နေရင်း စိုးရိမ်လာပါတော့သည်။

"ဟာ . . . မေမေက ရေမှမကူးတတ်ဘဲ"

သူ အသိဝင်သည်နှင့်တစ်ပြိုင်နက် သူမရှိရာသို့ ခြေကုန်သုတ်ပြေးသွားကာ သူမကို ရေထဲမှကြိုးစားပြီး ဆယ်ယူရပါတော့သည်။

"မေမေ . . . သတိထား။ မေမေ"

သူမကိုဆယ်ယူပြီး ကမ်းခြေရှိရာသို့ သူ အလျင်အမြန် ပွေ့ခေါ်ခဲ့လိုက်ပါသည်။ သူမက သူ့လက်ထဲတွင် ငြိမ်သက်နေပေပြီ။

"မေမေ . . . မေမေ . . ."

သူ စိုးရိမ်လွန်းမက စိုးရိမ်နေမိပါတော့သည်။

"မေမေရေ . . . မေမေ . . ."

ကမ်းခြေမြေပြင်တွင် သူမကိုချလိုက်ပြီး သူမသတိရလာရေးအတွက် ရှေးဦးသူနာပြုစုနည်းအတိုင်း ရင်ဘတ်ကိုဖိကာဖိကာနှင့် လုပ်ပေးနေစဉ် သူ စိုးရိမ်လွန်ပြီး အားရှိပါးရှိ ငိုနေမိပါတော့သည်။

"လုပ်ပါဦး။ မေမေရေ . . . မေမေ . . . မင်း တစ်ခုခုဖြစ်သွားလို့ မဖြစ်ဘူးနော်"

သူ ရင်ဘတ်ကိုဖိနေစဉ်မှာပင် သူမချောင်းထဆိုးရင်း ရေများပါးစပ်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှထွက်ကျလာ၏။ ထိုစဉ် ဖိုးထွေးနှင့်မင်းမင်းလည်း သူတို့အနားသို့ ရောက်ရှိလာပါတော့သည်။

"အား . . . ငနိုလိုက်တာ"

"တော်ပါသေးရဲ့။ အင်း . . . ငနိုတာပေါ့။ ဆားငန်ရေတွေလေ အရှူးမလေးရဲ့"

သူမလွတ်ထွက်သွားမည်ကို စိုးရိမ်ရင်း သူ ဘာကိုမှမစဉ်းစားတော့ဘဲ သူမကို ဖက်ထားလိုက်မိပါတော့သည်။

"ဟူး . . . မင်းကတော့လေ။ ငါ့ကိုသတ်မှာပါ။ မင်းကြောင့် ငါ ရူးတော့မယ်"

ဖက်ထားရင်း သူစိတ်ထဲရှိရာများကို ပြောချလိုက်ပါတော့သည်။

"ကိုကို . . . ကိုကို . . . ကျွန်မလေ . . . "

သူမ မောပန်းနေသည့်ကြားထဲမှ စကားပြောရန်ကြိုးစားသောအခါ...

"တိတ်တိတ်နေ။ အားလုံးအဆင်ပြေသွားလိမ့်မယ် ဟုတ်ပြီလား။ နည်းနည်းစိတ်လျှော့ထားပေါ့မေမေရယ် နော် . . ."

ဟု ချော့မော့လိုက်ရပါတော့သည်။ ထို့အပြင် သူဖက်ထားသည်ကိုလည်း မလွှတ်နိုင်သေး။

"အားလုံးအဆင်ပြေသွားမှာပါ မေမေရယ် နော် . . .။ ကိုယ့်ကိုယုံစမ်းပါ"

သူမလည်း သူ့ရင်ခွင်ထဲမှရုန်းမထွက်မိ။

ထိုစဉ် မင်းမင်းက . . .

"သားကို"

သူမကိုဖက်ထားရင်းက မင်းမင်းကို သူမော့ကြည့်လိုက်၏။

"ပြော . . . မင်းမင်း၊ ဘာလဲ?"

"ဟို . . . မန္တလေးရအဖေ ရောက်နေတယ်။ အဲ့ဒါ လာခေါ်ခိုင်းလို့"

သူ သက်ပြင်းမောတစ်ခု ချလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ကောင်းပြီ။ ငါတို့ လာခဲ့လိုက်မယ်လေ နော် . . . ။ မင်းတို့ သွားပြောနှင့်။ ငါတို့ လိုက်လာပြီလို့"

"အေး . . . အေး . . . "

မင်းမင်းနှင့်ဖိုးထွေး လှည့်အထွက် . . .

"ဟို . . . ကျုန်မရေနစ်တာ ဖေဖေ့ကို မပြောနဲ့နော်"

ဟု သူမ အသံသဲ့သဲ့နှင့်ပြော၏။ ထို့ကြောင့် သူကပါ အသံမာမာနှင့် မင်းမင်းထံသို့လှမ်းအော်ပြီး ပြောပေးလိုက်မိပါသည်။

"ဟေ့ကောင် . . . မင်းမင်း၊ ကြားလား။ မပြောနဲ့တဲ့"

"အင်းပါကွာ . . . အင်းပါ"

မင်းမင်း လှည့်ပြန်ပြောကာ ထွက်သွားတော့သည်။ ထို့နောက် သူမကိုသူတွဲခေါ်ရင်း ဦးမိုးမြင့်ရှိရာသို့ ထွက်ခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်သူမ ဟော်တယ်ထဲသို့ဝင်လာသော် ဦးမိုးမြင့်က မျက်နှာတည်တည်ကြီးနှင့် ထိုင်နေ၏သည်ကို တွေ့လိုက်ရပါ၏။ ထိုစားပွဲတွင်ပင် ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့လည်း ထိုင်နေကြလေသည်။ သူမ တစ်ကိုယ်လုံးတော့ စိုရွှဲနေ၏။

"မိနှိုင်းရ . . . တစ်ကိုယ်လုံး စိုရွှဲနေပါလား?"

"သမီး ရေဆင်းကူးထားတာ"

"အော် . . . မင်းတို့ အတူကူးတာလား?"

"သူတို့က သိပ်ချစ်ကြတဲ့အတွဲလေ ဦးမိုးမြင့်ရဲ့"

ဘွားဘွားဒေါ်လှိုင်းမေခင်က သူနှင့်သူမကိုကြည့်ရင်း ပီတိဖြင့်ပြန်ဖြေလိုက်ပါ၏။

"ကဲ . . . ပြောစမ်းပါဦး။ မနက်ဖြန် တကယ်ပဲလက်ထပ်တော့မှာနော်။ တစ်ယောက်ယောက်က ငြင်းချင်သေးလား?"

"မငြင်းချင်ပါဘူး MD"

သူ သွက်လက်စွာဖြေလိုက်မိသောကြောင့် သူမ အံ့သြတကြီး သူ့ကိုငေးကြည့်လိုက်မိ၏။

"သေချာလား မောင်သားကိုကို။ မဟုတ်ခဲ့ရင် ထောင်ဝင်ရမှာနော်။ ငါက မညှာဘူး"



www.burmeseclassic.com

www.burmeseclassic.com

"သေချာပါတယ် MD၊ ကျွန်တော် နိုင်းရမေမေကို လက်ထပ်မှာ ပါ။ တကယ်လို့ လက်ထပ်မှုကြောင့် ထောင်ကျမယ်ဆိုရင်လည်း ကျွန်တော် အကျခံနိုင်ပါတယ်"

သူ့စကားဆုံးသော် ဘွားဘွား၏ လက်ခုပ်သံဖျော့ဖျော့ကို ကြားလိုက်ရပါသည်။

"တော်လိုက်တဲ့ ငါ့မြေး။ နောက်မတွန့်တဲ့အချစ်ဆိုတာ ဒါကိုပြောတာ"

"ကောင်းပြီလေ။ မင်းတို့အချစ်က တကယ်စစ်တော့လည်း ငါကျေနပ်ပါတယ်။ မနက်ဖြန် မင်္ဂလာဆောင်မှာ ပျော်ရွှင်နိုင်ပါစေကွယ်"

"ကဲ . . . ကလေးတို့ သွား . . . အဝတ်ဟွေသွားလဲချည်။ စိုးရွှဲနေကြတယ်။ ပြီးရင် ညနေစာစားကြတာပေါ့။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့ ဘွားဘွား"

သူကပြန်ဖြေသော်လည်း သူမ ခေါင်းညိတ်ရုံပင်ညိတ်၏။ ထို့နောက် သူနှင့်သူမ အခန်းထဲသို့ ပြန်လာခဲ့ကြပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာကြီးက သတ်မှတ်ပေးထားသည့်
ကြင်ဖော်နှလုံးသားတစ်စုံကို
အသင့်လက်နှင့်ခွဲလျှင်
ခွဲနိုင်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

အခန်းထဲသို့ရောက်သည်နှင့် သူနှင့်သူမ ကိုယ်စီကိုယ်စီ တိတ်ဆိတ်နေကြပါတော့သည်။

"မင်း . . ."

"ရှင် . . ."

ပြောတော့လည်း ကိုယ်စီကိုယ်င အသံတူနေပြန်၏။

"မင်းအရင်ပြောပါ"

"ရှင်အရင်ပြောပါ"

"ပြောပါကွာ မင်းအရင်။ Lady first လေ"

သူမခေါင်းညိတ်ပြီး . . .

"ရှင် ဟန်ဆောင်ကောင်းတယ်"

"ဘာကိုလဲ?"

သူ နားမလည်နိုင်စွာ မေးလိုက်ပါသည်။

"အခုန ဖေဖေ့အရှေ့မှာလေ"

"ဘယ်လို?"



www.burmeseclassic.com

www.burmeseclassic.com

"အခုန ဖေဖေ့အရှေ့မှာ နောက်မတွန့်ဘဲနဲ့ ပြောခဲ့တဲ့စကားတွေက တကယ့်အတိုင်းပဲ။ ဟန်ဆောင်ကောင်းတယ်လို့။ တော်တယ်၊ ရှင့်ကို ချီးကျူးနေတာ"

သူ အတည်ကြီးပြောခဲ့သောစကားကို သူမ သက်သက်ချေးလှော့ပစ်လိုက်၏။

"ဟုတ်တယ်။ ငါလည်း အားတင်းပြီးတော့ကို ဟန်ဆောင်ခဲ့ရတာ။ မင်း ကျေနပ်တယ်မဟုတ်လား?"

ပြန်ဖြေလိုက်သော သူ့စကားကြောင့် သူမရင်ထဲအောင့်သွား၏။ မျက်ရည်ပင် ဝေ့တက်လာပါသည်။

"ကျေနပ်တာပေါ့။ ကျေနပ်ပါတယ်"

အောင့်သီးအောင့်သက်ဖြင့် ငေးငေးပြန်ဖြေရင်း ဝေ့တက်လာသော မျက်ရည်စတို့ကို သူ မမြင်အောင် ဆတ်ခနဲ သုတ်လိုက်ရပါ၏။

"စိတ်မပူပါနဲ့။ လက်ထပ်ပြီးရင် မင်းကို ငါအပိုင်မယူပါဘူး။ ပြန်ကွာပေးမှာပါ"

"အင်း . . . ကောင်းတာပေါ့။ ကောင်းတယ်"

ကိုယ်စီကိုယ်စီ ဟန်ဆောင်ပြုံးရင်း ပြောနေမိသောစကားများကြောင့် နှစ်ယောက်စလုံး နာကျင်ကြေကွဲနေရပါပြီ။

ထိုစဉ် အခန်းထဲသို့ အဘွားဒေါ်လှိုင်းမေခင် ဝင်လာလေသည်။

"ကဲ . . . သတို့သမီးနဲ့ သတို့သားလေး၊ အဝတ်အစားလဲကြတော့လေ"

"ဟုတ်ကဲ့ . . . ၊ သားတို့ အခု လဲတော့မလို့ပါ"

"ဩော် . . . ဒါနဲ့ပြောရဦးမယ်။ သားကိုကို . . . မင်းဒီနေ့ ဘွား ဘွားတို့အခန်းမှာ အိပ်ရမယ်နော်။ သမီးလေးရဲ့ဖေဖေလည်း ရောက်နေတယ်။ နောက်ပြီး မနက်ဖြန် မင်္ဂလာဆောင်ဆိုတော့ ပိုပြီးရှင် ခုန်ရအောင် ဒီနေ့ မင်းတို့ အိပ်ရာခွဲအိပ်ရမယ်။ ဒါပဲ"

"ဟုတ်ကဲ့ . . . ၊ အိပ်ရမှာပေါ့။ ဟုတ်တယ်မှတ်လား နှိုင်းရ"



www.burmeseclassic.com

www.burmeseclassic.com

သူ ကြေကွဲစွာမေးသော် သူမ ဟန်ဆောင်ပြုံးနှင့် ပခုံးတွန့်ပြန်ရင်း ပြန်ဖြေ၏။

"အင်း . . . ဟုတ်တာပေါ့"

"ကဲ . . . ဒါဆိုလည်း ထွက်ခဲ့ကြတော့။ မင်းကတော့ အခုကတည်း ကလိုက်ခဲ့တော့ သားကိုကို။ အဝတ်အစားတွေပါယူခဲ့"

"ဟုတ်ကဲ့"

သူ တကယ်တမ်း အခန်းထဲကထွက်သွားရမှာကို လွန်စွာဝန်လေး နေရပါတော့သည်။

"ဘွားဘွားခေါ်နေပြီလေ"

သူမဆော်သြမှုကြောင့် သူ ဆတ်ခနဲခေါင်းညိတ်ပြီး အဝတ်အစား တစ်စုံယူကာ ဘွားဘွားနှင့်အတူ ထွက်ခဲ့လိုက်ပါတော့သည်။ သေချာ သည်ကတော့ ထိုနေ့ညတွင် သူရောသူမပါ လုံးဝမအိပ်ပျော်ခဲ့ကြချေ။

"ဘုရား . . . ဘုရား . . . ငါ နှိုင်းရကိုတမ်းတနေတာပါလား"

သူ့ဘေးရှိ နေရာလွတ်လေးကိုကြည့်ကာ သူ တမ်းတမ်းတတညည်း ညူလိုက်ရင်း နံနက်မိုးသောက်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်ရန်ပြင်နေသောလူကို ဦးလွင်က သူမြင်ဖူးပါသည်ဟူ၍ စေ့စေ့ကြည့်နေခိုက် ထိုလူသည် ဦးမိုးမြင့်ဖြစ်နေကြောင်း ကောင်းစွာမှတ်မိသွားပါ၏။

"ကိုမိုးမြင့် . . . "

ဦးလွင်သည် ဖော်ရွေသူပီပီ လှမ်းခေါ်လိုက်မိပါတော့သည်။

"ဟာ . . . အစ်ကိုလွင် . . . အစ်ကိုလွင်မဟုတ်လား?"

"အင်း . . . ဟုတ်တာပေါ့။ ဒါနဲ့ ကိုမိုးမြင့် ဒီချောင်းသာကို ဘာလာလုပ်တာလဲ?"

"လာတုန်းကတော့ သူခိုးဖမ်းမလို့ဗျိုး။ အခုတော့ သူခိုးကို ကောင်းချီးပေးရတော့မယ်"

ဦးမိုးမြင့်စကားကို ဦးလွင် နားရှုပ်သွား၏။

"ဘာကိုဆိုလိုတာလဲ ကိုမိုးမြင့်ရဲ့"

"ဩော် . . . သမီးတော်လေ၊ အခု ချောင်းသာမှာ မင်္ဂလာဆောင်မလို့တဲ့။ ကလေးတွေဆိုတော့လည်း ထွင်တာပေါ့ဗျာ။ အဲ့ဒါကြောင့် ကျွန်တော် လက်ထပ်ပေးဖို့ ရှေ့နေတစ်ယောက်ကို ဖုန်းဆက်ခေါ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟ . . . ကိုယ့်သမီးမင်္ဂလာဆောင်မှာကို အရင်ကတည်းက မစီစဉ်ထားဘူးလား ကိုမိုးမြင့်ရဲ့"

"ဘယ့်နှယ့်ပြောလိုက်တာလဲ အစ်ကိုလွင်ရယ်။ စီစဉ်ထားတာပေါ့။ ဒါပေမဲ့ ခေါ်ထားတဲ့ရှေ့နေက အခုထက်ထိ ရောက်မလာသေးတော့ စိတ်ပူပြီးဖုန်းဆက်ကြည့်နေတာ။ သူ့ဖုန်းကလည်း မဝင်ဘူး"

စိတ်ညစ်စွာညည်းညူလိုက်တော့ ဦးမိုးမြင့်ကို ဦးလွင်ကိုယ်ချင်းစာမိသွား၏။

"ဒါဆိုလည်း ကျွန်တော်ကူညီမယ်လေဗျာ"

"ဟား . . . ဟုတ်သားပဲ။ အစ်ကိုလွင်တစ်ယောက်လုံးရှိနေပြီပဲ။ ဘယ်ရှေ့နေကို ခေါ်စရာလိုတော့မှာလဲနော် . . ."

"အေးလေ . . . ဒါနဲ့ မင်္ဂလာဆောင်က ဘယ်မှာကျင်းပမှာလဲ?"

"ဒီကမ်းခြေမှာပဲလေ"

"ဟ . . . တယ်ကဗျာဆန်ပါလား?။ ဒါနဲ့ ဘယ်အချိန်လဲ?"

"မနက်ဖြန် မနက်ပိုင်း"

"OK လေ ကိုယ်လာခဲ့ပေးမယ်"

ဦးမိုးမြင့် အတော်ပင်ကျေနပ်သွားပါသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုလွင်ရယ်။ တကယ်ပါဗျာ"

သို့နှင့် သူမတို့စေ့စပ်ပွဲလေးသည် အသွင်ပြောင်းကာ မင်္ဂလာပွဲဖြစ်လို့သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေတွင် ခုံတန်းရှည်လေးများကို စီတန်း၍ချထား၏။ အရှေ့ဆုံးတွင် စားပွဲခုံနှင့် ကုလားထိုင်တစ်လုံး။ မျက်နှာချင်းဆိုင်တွင် ကုလားထိုင်နှစ်လုံး။

ခုံတန်းရှည်လေးများဘေးတွင် စားစရာများကိုတင်ထားသည့် ဘူဖေးစားပွဲရှည်ကြီး။ တကယ်ပင် ကဗျာဆန်အောင် ဒေါ်လှိုင်းမေခင်က ကိုယ်တိုင်ကိုယ်ကျ ပုံဖော်ပေးထားပါသည်။

ခုံတန်းရှည်လေးများ၏ အရှေ့ဆုံးတွင်ရှိသော စားပွဲဝိုင်းရှိထိုင်ခုံတစ်လုံးတွင် ဦးလွင်က နေရာယူပြီးသားဖြစ်လို့နေ၏။ ခုံတန်းရှည်လေးများတွင်လည်း ဧည့်သည်များ အတော်ပင်စုံလို့နေပေပြီ။

ရှေ့ဆုံးခုံတန်းတွင်တော့ ဦးမိုးမြင့်၊ ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်။ ဒုတိယခုံတန်းတွင် ဖိုးထွေး၊ ဖြိုးကို၊ မင်းမင်း။ တတိယခုံတန်းတွင် ခိုင်ငယ်နှင့် ယုယု။ ထို့အပြင် တခြားဧည့်သည်အချို့။

သူ အောက်မှ စတိုင်ဘောင်းဘီအနက်နှင့် အပေါ်မှ ကာကီရောင်ရှပ်လွင့်လွင့်ကိုဝတ်ဆင်ပြီး ခုံတန်းရှည်များကိုဖြတ်ကျော်ကာ အရှေ့ဆုံးရှိဦးလွင်နှင့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။ ဦးလွင်က သူ့ကိုတွေ့တော့ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"လက်ထပ်မယ့်သတို့သားက မင်းလား?"

"အင်း . . . ဟုတ်တယ် ဦး"

"ဟ . . ."

ဦးလွင် အံ့ဩနေ၏။

"သိပ်လည်း မအံ့ဩနဲ့ဦး။ သတို့သမီးကိုကြည့်ပြီးမှ ဆက်အံ့ဩ"

သူ တီးတိုးပြောလိုက်သောစကားကြောင့် ဦးလွင် မျက်ခုံးများမြင့်တက်သွား၏။ သူ ခေါင်းညိတ်ပြလိုက်ပါသည်။

"ဟုတ်တယ်၊ တကယ်ပြောတာ။ အံ့ဩဖို့ နည်းနည်းချန်ထားဦး"

သူပြောနေစဉ် Wedding Dress အဖြူရောင် ပေါ့ပေါ့ပါးပါးလေးကို ဝတ်ဆင်ကာ ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သော နှင်းရမေမေကို သူရောဦးလွင်ပါ တအံ့တဩ ငေးကြည့်နေမိကြတော့သည်။

သူကတော့ သူမလှလွန်းလို့၊ ချစ်ဖို့ကောင်းလွန်းလို့။

ဦးလွင်ကတော့ မဖြစ်နိုင်လွန်း လို့၊ ယုတ္တိမဆန်လွန်းလို့။

"လှလိုက်တာ မေမေရယ်"

သူ ငေးမောစွာပြောလိုက်သော် သူမ ယှဲ့ယှဲ့ပြုံးရှာ၏။

"နှင်းရလို့ပဲခေါ်လေ"

သူလည်း သူမစကားကြောင့် ယှဲ့ယှဲ့ပြုံးမိပြန်၏။

"မဖြစ်နိုင်လိုက်တာ စုန်းကဝေပေါက်စရယ်"

ဦးလွင်စကားကြောင့် သူမ မျက်ခုံးလေးတွန့်သွားရ၏။

"သူ ဘာကိုပြောတာလဲ ကိုကို"

သူမ နားမလည်နိုင်စွာ သူ့ထံတွင် ဦးလွင်ပြောသည်ကိုမေးလိုက်သော် သူက အပေါ်ယံပြုံးပြရင်း . . .

"အလကားစ,တာ နေမှာပါ"

ဟု ပြောလိုက်ပါသည်။

"မင်းတို့က တကယ်ကြီးကို လက်ထပ်မှာလား?"



www.burmeseclassic.com

www.burmeseclassic.com

ဦးလွင် အံ့သြစွာမေးပြန်၏။ ထိုမေးခွန်းကြောင့် သူမကိုယ်လေး တွန့်ခနဲဖြစ်အောင်လန့်သွား၏။ သို့သော် သူကတော့ ပြုံးသားစွာ ဆတ်ခနဲခေါင်းညိတ်ရင်း အဆင်သင့်ချထားသော ဘောပင်နှစ်ချောင်းကို ကောက်ယူကာ သူမထံသို့တစ်ချောင်းပေးလိုက်၏။ သူကပင် လက်ထပ် စာချုပ်ကို စတင်လှန်လိုက်ပါသည်။

"နှိုင်းရ လက်မှတ်ထိုးတော့နော်"

သူပြောသော်လည်း သူမ Sign ထိုးရန်တွန့်နေ၏။ လက်က လေး လံလွန်းနေ၏။ သူကတော့ ဘာပဲဖြစ်ဖြစ် သူမနှင့် လက်ထပ်ရတော့မည် ကိုပဲ တွေးပြီး ကျေနပ်နေမိပါသည်။ သို့သော် သူမ တစ်ခုခုလုပ်လိုက် မည်ကို တွေးမိရင်တော့ သူ ရင်လေးရပါ၏။ လက်ထပ်ခြင်းက ဟန် ဆောင်ခြင်းသက်သက်ဖြစ်ကြောင်းကို သူသိနေသော်လည်း သိသိလျက် ကျေနပ်နေမိတာ အံ့သြစရာ။ ထိုစဉ် ဒေါ်လှိုင်းမေခင်က ထိုင်ရာမှထရပ် ကာ . . .

"ခဏနေဦးနော်။ လက်မှတ်မထိုးခင် မြေးလေးသတို့သမီးလေးကို ဒီဘယက်နဲ့လက်စွပ်လေး စွပ်ပေးလိုက်ဦး"

ဟုပြောပြီး သူ့ထံသို့ ဘူးပြားအနက်ရောင်လေးတစ်ခုကို လှမ်းပေး လေသည်။ ထိုဘူးလေးက ဘာမှမဟုတ်သော်လည်း သူမကို အတော်ပင် ဖိအားပေးနိုင်ပါ၏။ သူမ အတော်ပင် စိတ်ကျဉ်းကျပ်နေပေပြီ။ သူမ ဟန်ဆောင်ပြီး လက်မထပ်နိုင်တော့သည်မှာ သေချာလွန်းမက သေချာ နေပေပြီ။

"ကျွန်မ စကားနည်းနည်းပြောမယ်နော်"

ဘွားဘွားဒေါ်လှိုင်းမေခင်၏ စကားသံ။ သူမ လှည့်ကြည့်လိုက်၏။

"ကျွန်မရဲ့ မြေးချွေးမလေးကို ကျွန်မရဲ့အသက်ထက် တန်ဖိုးထားပါ့ မယ်။ နောက်ပြီး သမီးလေးရဲ့မျက်ရည်ကို အလဟဿ အဆုံးရှုံး မခံရပါဘူးလို့ ကျွန်မလှိုင်းမေခင်က ဦးမိုးမြင့်ဆီမှာ ကတိပေးပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှိုင်းမေခင်ရဲ့ကတိက သူမကို မျက်ရည်များဝေ့လည်လာစေ၏။ ထို့နောက် ဒေါ်လှိုင်းမေခင် ပြန်ထိုင်လိုက်အပြီး ဒေါ်ဆွေလှိုင်း ထရပ်လိုက်ပြန်၏။

"ဟုတ်ပါတယ်။ ကျွန်မဆွေလှိုင်းကလည်း သမီးလေးကို ကျွန်မရဲ့ သမီးအရင်းလေးလိုချစ်ပါ့မယ်။ ကျွန်မရဲ့အမေလို တန်ဖိုးထားပါ့ မယ်။ ကျွန်မရဲ့ လက်ဝတ်ရတနာပစ္စည်းလို နုနုရွရွဆက်ဆံပါ့မယ် လို့ ကတိပေးပါတယ်ရှင်"

အရင်ကတည်းကပြိုချင်နေသည့် သူမမျက်ရည်များ မထိန်းနိုင်အောင်ကျဆင်းလာ၏။ အေးချမ်းသည့် အဖြူရောင်မေတ္တာကို သူမ၏ ဖြစ်ချင်သည့်အတ္တများက မဖုံးလွှမ်းနိုင်တော့။

"နှိုင်းရ . . . လက်မှတ်ထိုးရအောင်လေ"

သူကတော့ သူမကို အဆုံးရှုံးမခံချင်သူပီပီ ပြောလိုက်သော်လည်း သူမ ခေါင်းကို တဖြည်းဖြည်း ခါယမ်းစပြုလာပါသည်။

"ဘာဖြစ်လို့လဲ ကလေးမ"

သူနှင့်သူမသည် မည်သို့မျှမတည့်သည့် လူနှစ်ဦးဖြစ်ကြောင်း သိသည့်ဦးလွင်က ရိပ်မိစွာ သူမကိုမေး၏။

"သမီးမှာ ပြောစရာရှိပါသေးတယ်"

မျက်ရည်များကို ဆတ်ခနဲသုတ်ပြီး သူမ ထိုင်ရာမှထရပ်ရင်း ပြောချလိုက်သော် သူ့မျက်နှာ ဖီးရှက်မှုသာရှိတော့၏။

"မပြောပါနဲ့လား နှိုင်းရရယ်။ မေမေလို့ တစ်သက်လုံးခေါ်ဆိုလည်း ခေါ်ပါ့မယ်"

တီးတိုးပြောရင်း မျက်နှာငယ်နှင့် သူ့တောင်းပန်မှုကို သူမ မည်သို့မျှ မလိုက်လျောနိုင်။

"ကျွန်မ ပြောစရာရှိပါတယ်။ တကယ်တော့ ဝန်ခံချက်သက်သက် ပါ"

"မပြောပါနဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဝန်ခံချက်ဆိုတာကတော့ အင်း . . . ကျွန်မ အမှန်အတိုင်းပြောပြပါ့မယ်"

တားနေရင်းမှ ဆက်ပြောနေသော သူမကိုကြည့်ကာ သူ စိတ်ခတ်ကျပြီး စိုးထိတ်နေမိပါပြီ။

ထိုစဉ် သူမစကားကို လူများအားလုံး စိတ်ဝင်စားနေကြပါ၏။

"တကယ်တော့ ကျွန်မမှာ လက်ထပ်ရမယ့်လူရှိပါတယ်။ အဲ့ဒါကတော့ . . ."

သူမစကားကို ပြုံးရင်းနားထောင်နေသည့် ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့၏ မျက်နှာများတွင် စိုးရိမ်မှုများ တဖြည်းဖြည်းကြီးစိုးလာလေတော့သည်။

"ဒီက ကိုသားကိုကို မဟုတ်ပါဘူး"

သူမစကားဆုံးသော် လူတိုင်း 'ဟာ'ခနဲ၊ 'ဟင်' ခနဲဖြစ်ကုန်ကြလေ၏။

"သူ့နာမည်က ဟန်ကြီးမောင်ပါ။ ရန်ကုန်မှာနေပါတယ်။ ကျွန်မ ဒီကပြန်တာနဲ့ ရန်ကုန်မှာ သူနဲ့လက်ထပ်ရတော့မှာပါ"

ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့ သိသိသာသာ မျက်နှာများ ပျက်ယွင်းကုန်လေပြီ။ ဦးမိုးမြင့်ကတော့ နင့်အကြောင်း ငါအကုန်သိတယ်ဆိုသည့်အကြည့်နှင့် ကြည့်လို့နေ၏။

"ကျွန်မ သူနဲ့လက်မထပ်ချင်လို့ ကိုသားကိုကိုကို အကျပ်ကိုင်ပြီး လက်ထပ်ဖို့ပြောခဲ့ပါတယ်။ ကိုသားကိုကို အရမ်းရိုးသားပြီး ဖြူစင်တဲ့လူတစ်ယောက်ပါ။ Company က ဝန်ထမ်းတွေအားလုံးထက်ပိုပြီး အလုပ်ကြိုးစားပါတယ်"

သူမ ရှိုက်သံကိုကြိုးစားပြီး မျိုချလိုက်မိပြန်သည်။

"သူ့ရဲ့ရည်မှန်းချက် . . . အဲ့ဒါက မန်နေဂျာဖြစ်ချင်တယ်။ အဲ့ဒီ ရည်မှန်းချက်နဲ့အကျပ်ကိုင်ပြီး သူ့ကိုပါ ကျွန်မက ဟန်ဆောင်ခိုင်းခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com

သူ သူမမျက်နှာကိုပင် မကြည့်တော့။ ရှက်လွန်းလို့ ခေါင်းကြီးကို ငိုက်စိုက်ချထား၏။ ထို့အပြင် သူ မျက်ရည်များ ဝေ့နေသေး၏။

"အရင်ကတော့ ကျွန်မ ပီပီပြင်ပြင်ဟန်ဆောင်နိုင်လိမ့်မယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ အန်တီတို့၊ ဘွားဘွားတို့ . . ."

သူမလည်း ပြောရင်းနှင့် မငိုပါဘဲနှင့် ဝမ်းနည်းမျက်ရည်များ ကျဆင်းနေ၏။

"နောက်ပြီး သူငယ်ချင်းတွေရဲ့မေတ္တာများကို တော်လှန်ပြီး ကျွန်မ ဆက်ပြီးဟန်မဆောင်နိုင်တော့ပါဘူး။ သူတို့ရဲ့မေတ္တာတွေက ဖြူစင်လွန်းပါတယ်။ ကျွန်မနဲ့ မထိုက်တန်ပါဘူး။ ဒီတော့ ဒီလက်ထပ်ပွဲလေးကို ကျွန်မကပဲ ရှက်ရှက်နဲ့ ဖျက်သိမ်းလိုက်ပါတော့မယ်"

သူမမျက်ရည်ကျနေသော်လည်း စကားကို ဆုံးအောင်ပြောချလိုက်ပါတော့သည်။

"ကဲ . . . သားကိုကို ကျွန်မ အပေးအယူကိုဖျက်ပါတယ်။ ကျွန်မတို့ဟန်ဆောင်မှု အခုရပ်လိုက်ပါပြီ။ ရှင် လွတ်လပ်စွာ စိတ်ကြိုက်နေပါတော့"

သူမ စိတ်လွတ်ကိုယ်လွတ်ပြောခဲ့ပြီး မင်္ဂလာပွဲလေးကျင်းပထားသည့်နေရာလေးမှထွက်ရန် ခြေလှမ်းပြင်လိုက်စဉ် ဦးမိုးမြင့်က . . .

"ထွက်တာတော့ ထွက်သွားပါ။ ဒါပေမဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ရန်ကုန်ကိုပြန်ခဲ့။ ငါ့ကားနဲ့လိုက်ဖို့ မစဉ်းစားနဲ့"

ဟုပြောလိုက်သော်လည်း သူမ ခြေလှမ်းများ ရပ်တန့်သွားခြင်းမရှိဘဲ ဆက်ကာထွက်ခဲ့လိုက်ပါတော့သည်။ သူ တွေတွေကြီးရပ်လျက် ကျန်ရစ်ခဲ့ပါသည်။ ဦးလွင်လည်း ဘာမှထပ်မပြောတော့။ ဧည့်သည်များ ဟိုဟိုဒီဒီ ကြည့်ကုန်ကြ၏။ ဒေါ်ဆွေလှိုင်းနှင့် ဒေါ်လှိုင်းမေခင်တို့ကတော့ သူ့ကိုပင် မကျေနပ်စွာ စိုက်ကြည့်နေကြပါတော့သည်။

"ပြောစမ်းပါဦး . . . သားကိုကို။ မင်း ငါတို့ကို ဘာများထပ်ပြီး လှည့်စားဦးမလဲလို့?"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဆွေလှိုင်း မကျေမနပ်နှင့် သူ့ကိုပင် အပြစ်တင်လိုက်ပါသည်။ သူ တကယ်လိုက်မမီတော့။

"ကျွန်တော်လည်း ဘာမှနားမလည်တော့ပါဘူး မေမေရယ်"

"ဒါဆို ဘာဖြစ်လို့ မင်းက လိမ်မယ့်ကိစ္စကြီးကို အားပေးအားမြှောက် လုပ်ခဲ့တာပဲ သားကိုကို"

ဘွားဘွားကလည်း မကျေနပ်စွာ သူ့ကိုမေးပြန်၏။ သူ အတော်ပင် ခေါင်းရှုပ်နေပေပြီ။ ပြဿနာအားလုံးအတွက် သူ့မှာတွင်ပဲ အပြစ်ရှိနေ သလိုလို . . .

"သားကို ခဏလောက်ဖြစ်ဖြစ် အေးအေးဆေးဆေး နေခွင့်ပေးပါ တော့နော်။ ခဏလောက်ဖြစ်ဖြစ်ပါ။ ပြီးရင်တော့ အားလုံးကိုရှင်း ပြမှာပါ။ ဟုတ်ပြီလား?"

အနားတွင် ဝိုင်းကာနားပူနေကြသော မေမေနှင့်ဘွားဘွားအနီးမှ သူ ခပ်သွက်သွက်ခြေလှမ်းများနှင့် လှမ်းထွက်လိုက်ပြီး သူမတည်းခိုသည့် ဘန်ဂလိုလေးဆီကို ဦးတည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ နောက်ကျသွားပေပြီ။ ဘန်ဂလိုလေးထဲတွင် သူမရှိမနေတော့။ သူမ အဝတ်အစားများလည်း ရှိမနေတော့။ တိတ်ဆိတ်နေ၏။ သို့သော် သူ့အတွက် စာလေးတစ်စောင်ကိုတော့ ခေါင်းအုံးပေါ်တွင် တင်ထားခဲ့လေသည်။ သူ မက်မောစွာကောက်ယူဖတ်လိုက်တော့ . . .

"သားကိုကို . . .

*ကျွန်မ တကယ်တောင်းပန်ပါတယ်။ မင်္ဂလာပွဲလေးပျက်သွားတဲ့အတွက် ကျွန်မ ဝမ်းနည်းရသလို၊ ဝမ်းလည်းသာပါတယ်။ ဝမ်းနည်းရတာကတော့ မင်္ဂလာပွဲလေးပျက်သွားလို့ပါ။ ဝမ်းသာရတာကတော့ ပျက်သွားတဲ့မင်္ဂလာပွဲလေးက အတုဖြစ်နေလို့ပါ။ ကျွန်မ အတုတွေကို စိတ်ကုန်သွားပါပြီ။ အခုတော့ ကျွန်မဆီမှာ စစ်မှန်တဲ့ မေတ္တာတရားတွေ ပြည့်နှက်နေပါပြီ။*

နှိုင်းရမေမေ

သူ စာတိုလေးကိုဖတ်ပြီး အသက်ရှူဖို့ပင်မေ့လို့နေ၏။ ထိုစဉ် အခန်းထဲသို့ မင်းမင်းဝင်လာလေသည်။

"ဘယ်လိုလဲ သားကို၊ မင်း တော်တော်ခံစားနေရပြီလား?"



www.burmeseclassic.com

www.burmeseclassic.com

စာရွက်လေးကိုကိုင်ကာ ငူငူကြီးရပ်ရင်း မျက်ရည်ဝေ့နေသောသူ့ကို မင်းမင်း နားလည်စွာမေးလိုက်သော်လည်း သူ ဆတ်ခနဲ မျက်ရည်သုတ်လိုက်ပြီး . . .

"ဟင့်အင်း . . . လုံးဝမခံစားရဘူး"

"ဘယ်လို?"

မင်းမင်းပင် နားမလည်နိုင်ဖြစ်သွား၏။

"မဟုတ်ဘူး။ လိမ်တာ၊ ငါလိမ်တာ မင်းမင်း။ အခု ငါအရမ်းခံစားနေရတယ်။ ဘာဖြစ်လို့လဲဆိုတာ မင်းသိချင်လား?"

သူ့ မကျေမနပ်နှင့် ပေါက်ကွဲသံစဉ်ကြီး စတင်အသံမြည်လာ၏။

"ဒီမိန်းမ၊ နှိုင်းရမေမေ။ အရင်ဦးဆုံး ငါမလာချင်တဲ့ ဒီချောင်းသာကို ငါ့ကိုခေါ်လာတယ်။ ဒီလည်းရောက်ရော ငါ့ကိုအကျပ်ကိုင်ပြီး လက်ထပ်ခိုင်းတယ်။ နောက်ပြီး ငါ့ကို မန်နေဂျာရာထူးတိုးပေးမယ်လို့ မက်လုံးပေးတယ်။ အခု ငါ့ကိုထားပြီး ထွက်သွားတယ်။ နောက်ပြီး ဒီစာအစုတ်တစ်စောင်ပဲ ချန်ခဲ့တယ်"

သူ မကျေမနပ်နှင့်ပြောရင်း မျက်ရည်များလည်း ဝေ့ဝေ့လာ၏။

"ဟာ . . . သေစမ်း၊ ဒီမျက်ရည်တွေ"

သူ့မျက်ရည်ကို သူဒေါကန်ပြီး ဆောင့်အောင့်သုတ်လိုက်ပြန်၏။

"နောက်ပြီး ငါ့ကို သူ ဘယ်လိုချစ်ရမလဲဆိုတာကိုပါ အပေါ်ဆီးက သင်ပေးသွားသေးတယ်။ တောက် . . . ဒီမိန်းမ ငါ့ကိုအမျိုးမျိုးပုံသွင်းပြီး ပြဿနာရှာသွားတယ်"

သူ အတော်ပင် ဒေါသထွက်နေ၏။

"ငါ့ကို သင်းတော်တော် မျက်မုန်းကျိုးနေတယ်နဲ့ တူတယ်ကွာ၊ ဟင်? မင်းမင်း . . . မင်းဘယ်လိုထင်လဲ? အဲ့ဒါ ငါ့ကို သက်သက်စော်ကားတာမဟုတ်ဘူးလား?"

သူ့အသံက တဖြည်းဖြည်းကျယ်လို့လာပါသည်။ မင်းမင်းတစ်ယောက် သူ့ကို ကြောင်အမ်းအမ်းနှင့် ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"သူ့ဆီမှာကွာ . . . ငါ သုံးနှစ် . . . သုံးနှစ် . . ."

လက်သုံးချောင်းထောင်ရင်းနှင့် . . .

"သုံးနှစ်တောင် အလုပ်လုပ်လာတာ။ တစ်ခါမှ ငါ့ကို ကောင်းတယ် မပြောဘူး။ ခိုင်းတာမှ ထန်ကုန်နော်။ ဒါပေမဲ့ ငါ သူ့ကိုမှချစ်မိသွားတယ်ကွာ။ နောက်ဆုံးတော့ ဒီစာ . . . ဒီစာအစုတ်တစ်စောင်ပဲ ထားခဲ့တယ်"

သူပြောရင်းနှင့် စာရွက်ကိုလုံးခြေပြီး လွှင့်ပစ်လိုက်ပြန်၏။

"တောက် . . . တော်တော် ကျက်သရေတုံးတဲ့ စုန်းကဝေပေါက်စမ"

"အေးလေ . . . မင်း ဒီလောက်ခံစားနေရမှတော့ သူ့ကို မေ့ပစ်လိုက်တော့ပေါ့။ ဟုတ်လား"

မင်းမင်းက သူ့ကို ပြေရာပြေကြောင်းပြော၏။ သို့သော် သေချာသည်ကတော့ သူမကို သူ လုံးဝ(လုံးဝ) မမေ့နိုင်တော့။

"ဟုတ်လား။ မင်း သူ့ကိုမေ့လိုက်ပေါ့"

"သေချာတာကတော့ မဟုတ်ဘူး မင်းမင်း"

"ဘယ်လို"

မင်းမင်း နားမလည်နိုင်စွာ သူ့ကိုကြည့်နေ၏။

"ဟုတ်တယ်။ ငါ သူ့ကို ဘယ်လိုမှ မမေ့နိုင်တော့ဘူး။ ဒီတော့ သေချာတာက သူ့ကို အခု ငါပြန်သွားခေါ်မယ်။ ဒါပဲ"

သူ ပြောပြောဆိုဆိုနှင့် အခန်းထဲမှထွက်လိုက်စဉ်ဝယ် အခန်းအပြင်တွင် သူ့မေမေနှင့်ဘွားဘွားတို့ ရောက်နှင့်နေတော့၏။

"ဘယ်သွားမလို့လဲ မြေးလေး"

"သား . . . သူ့ကို ပြန်သွားခေါ်ခဲ့မလို့ မေမေ။ သား . . . သူ့ကို မဆုံးရှုံးချင်ဘူး"

"ဒါပေမဲ့ မင်းကို သူကထားသွားပြီလေ"

"သေချာတာက သူ့ကို သားပြန်ခေါ်ခဲ့မယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com

သူ ပြတ်သားစွာပြောပြီး ဘန်ဂလိုလေးပေါ်မှဆင်းတော့ ဒေါ်လှိုင်းမေခင်က ခါးခါးသီးသီးတားမြစ်၏။

"သားကိုကို . . . မင်း မသွားရဘူးနော်။ မင်း မသွားရဘူး"

သူ ဘွားအေ၏စကားကို နားမထောင်တော့ဘဲ ခြေလှမ်းကိုဆက်လှမ်းနေသောကြောင့် ဒေါ်လှိုင်းမေခင် မူးလဲကျသွားပါတော့သည်။ ထို့ကြောင့် ဘန်ဂလိုအနားသို့ ဦးလွင်နှင့် သူ့သူငယ်ချင်းများ၏ အပြေးလေးရောက်ရှိလာတော့သည်။

"မေမေ . . . မေမေလဲကျသွားပြီ"

ဒေါ်ဆွေလှိုင်း၏စကားကြောင့် သူ့ခြေလှမ်းများမရပ်ချင်သော်လည်း ရပ်တန့်သွားရပါ၏။ ထို့နောက် ဘွားအေရှိရာသို့ အလျင်အမြန် ပြန်ပြေးရပြန်၏။ ယခုလောက်ဆိုလျှင် သူမ ရန်ကုန်ကိုသွားမည့် Express ကားကြီးပေါ်တွင် လိုက်ပါလို့သွားတော့ပေမည်ဟု သူတွေးရင်း သက်ပြင်းမောတစ်ခု ချလိုက်မိပါတော့သည်။

"မေမေ့ကို ဆေးရုံတင်မှဖြစ်မယ်"

"နှလုံးသွေးကြောပေါက်သွားပြီနဲ့တူတယ်"

"ကားခေါ်ပါ၊ ကားခေါ်ပါ"

ဒေါ်ဆွေလှိုင်း၏ လောလိုက်သည့်စကားကြောင့် အနီးတွင်ရှိနေသော ဦးမိုးမြင့် ကပ်မနေတော့ဘဲ သူ့ကားကို ယူသုံးခွင့်ပြုရလေတော့သည်။

"လာပါ . . . ဦးလွင်။ ဦးလွင်ပါ လိုက်ခဲ့ပေးပါနော်"

အမောဖောက်နေသော ဒေါ်လှိုင်းမေခင်၏ဖိတ်ခေါ်မှုကို ဦးလွင် မငြင်းနိုင်။ ထို့ကြောင့် ဦးမိုးမြင့်ကားနှင့် လိုက်ပါခဲ့ရပါတော့သည်။ ကားပေါ်တွင်လူစုံသည်နှင့် ဦးမိုးမြင့်သည် ကားကိုဆေးခန်းတစ်ခုကို ဦးတည်လိုက်လေသည်။

"နေပါဦး၊ ဆေးရုံကိုမသွားဘဲနဲ့ အရင်ဦးဆုံး အဝေးပြေးဂိတ်ကို မောင်းပေးပါ ဦးမိုးမြင့်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှိုင်းမေခင် အမောဖောက်နေရင်းတောင်းဆိုသော် ဦးမိုးမြင့် နားလည်နိုင်ဖြစ်ရ၏။

"အခု ဒေါ်လှိုင်းမေခင်က အမောဖောက်နေတာလေ။ ဆေးရုံကို မောင်းသင့်တာပေါ့"

"လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကိုဖြည်းဆည်းပေးဖို့ တွန့်နေတာလား ဦးမိုးမြင့်"

နောက်ဆုံးတော့ ဒေါ်လှိုင်းမေခင်ဆန္ဒအတိုင်း အဝေးပြေးဂိတ်ကိုသာ မောင်းပို့ပေးရပါတော့သည်။ သူအပါအဝင် တခြားမည်သူမျှ ဒေါ်လှိုင်းမေခင်ကို နားမလည်နိုင်တော့။ ထို့အပြင် အဝေးပြေးဂိတ်ဝန်းထဲသို့ရောက်သော် ဒေါ်လှိုင်းမေခင်တစ်ယောက် ငေါက်ခနဲထ,ထိုင်လေတော့သည်။ ကြောင်အမ်းပြီးကြည့်နေသောသူ့ကို ဒေါ်လှိုင်းမေခင်က . . .

"ဘာကြည့်နေတာလဲ?။ ငါ ဒီလိုမှဓာတ်မကဘူးဆိုရင် မင်း မြေးမလေးကို ဘယ်မီပါ့မလဲ တော့်ရဲ့။ သွား . . . မြေးမလေးကို အမြန်သွားရှာချည်"

ဟု ပြောလေ၏။ ထိုအခါမှ သူပျော်သွားမိပြီး ကားပေါ်မှအမြန်ဆင်းကာ လိုင်းကားများကို လိုက်မေးရန်ပြင်စဉ် အဝေးပြေးဂိတ်ထဲမှ Express ကားကြီးတစ်စင်း မောင်းထွက်လာလေသည်။ သူ ချက်ချင်းပင် ကားအရှေ့သို့ပြေးဝင်ကာ မျက်လုံးစုံမှိတ်လိုက်၏။ ထို့ကြောင့် ကားကြီး၏ဘရိတ် ဆွဲသံကြီးနှင့်အတူ ကားကြီးသည် တုံ့ခနဲ ရပ်သွားပါတော့သည်။

"ဟော့ကောင် . . . အရူး၊ မင်းရူးနေပြီလား"

စပယ်ယာက ကားပေါ်မှဆင်းကာ သူ့ကို မကျေနပ်စွာဆူဆဲသော်လည်း သူမမှု။ ကားပေါ်သို့ အပြေးကလေးတက်သွားပြီး သူမကို ရှာ မိပါသည်။ သူ တွေ့လိုက်ပါပြီ။ ကားပေါ်တွင် မျက်ရည်အရွဲသားနှင့် သူမ။ သူ့ကို အံ့အားသင့်ကြီးစွာ ငေးကြည့်နေ၏။ သူ သူမထိုင်ရာနေရာသို့ တိုးဝှေ့ပြီး သွားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကိုကြည့်ရတာ မောနေသလိုပဲနော်"

"ဟုတ်တယ်။ ကိုယ်ပြေးလာခဲ့တာ"

"ဟိုတယ်ကနေလား?"

"မဟုတ်ဘူး။ ငရဲပြည်ကနေ"

သူ့စကားကြောင့် သူမ ယဲ့ယဲ့ပြုံး၏။

"ငါ မင်းကိုပြောစရာရှိသေးတယ်။ နှိုင်းရမေမေ"

"ဒါပေမဲ့ ကားပေါ်ကခရီးသည်တွေ ရှင့်ကို အချိန်ပေးမှာမဟုတ်ဘူး"

"ဒါဆိုလည်း မင်း ကားပေါ်ကဆင်းခဲ့လေ"

"မရဘူး။ ကျွန်မ ရန်ကုန်ပြန်ရတော့မယ်"

"နှိုင်းရမေမေ . . . "

"ရန်ကုန်ပြန်မှဖြစ်မှာ"

သူခေါ်သည်ကို သူမ ဂရုမစိုက်။ အကျင့်အတိုင်း ပြောချင်ရာကို ခွတ်ပြောနေ၏။ ထို့ကြောင့် သူ ပေါက်ပေါက်နှင့် ထ,အော်လိုက်ပါတော့သည်။

"နှိုင်းရမေမေ . . . "

သူ့အော်သံကြောင့် သူမ အသံတိတ်သွားကာ သူ့ကို အကြောင်းသား ငေးကြည့်လိုက်ရ၏။

"နင် ငါ့ကိုအော်လိုက်တာလား?"

"ဟုတ်တယ် . . . ၊ အော်လိုက်တာ။ နောက်ပြီး မင်းပါးစပ်ပိတ်ပြီး ငါပြောတာကိုနားထောင်"

သူ ခပ်တည်တည်နှင့်ပင်ပြောလိုက်သော် သူမ ကြောင်အမ်းအမ်းနှင့် ခေါင်းညိတ်ရှာ၏။

"လွန်ခဲ့တဲ့သုံးရက်အကြာတုန်းက . . . သုံးရက် . . . "

"အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com

"အဲတုန်းက မင်းကို အရမ်းမုန်းခဲ့တယ် နှိုင်းရမေမေ။ အရမ်းအရမ်းကို မုန်းခဲ့တယ်။ အိပ်မက်ထဲမှာတောင် မင်းကိုငါ ကားနဲ့တိုက်သတ်ခဲ့တယ်။ အဲလောက်မုန်းတာ"

သူမ တအံ့တသြနှင့် သူ့ကိုငေးကြည့်မိနေ၏။ သူပြောရင်း မျက်ရည်များဝေ့နေသော်လည်း မျက်နှာကိုတော့ တည်ထား၏။

"နောက်ပြီး မင်းကိုငါပေးထားတဲ့နာမည်က စုန်းကဝေပေါက်စ"

သူမ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

"နောက်ပြီး တောဖီးကွက်မျောက်ကိုက်မ။ အဲ့ဒါလည်း ငါမှည့်ပေးထားတာ"

သူပြောရင်း ဝေ့လာသောမျက်ရည်ကို သုတ်ချလိုက်ပြန်၏။

"အဲ့ဒါတွေက လွန်ခဲ့တဲ့သုံးရက်အကြာက အဖြစ်အပျက်တွေ"

"ဒါပေမဲ့ . . ."

"မင်းကို တိတ်ထားလို့ပြောတယ်နော်။ ပိတ်နေ"

"အော် . . . အင်း . . ."

သူမ ကြောင်အမ်းအမ်းနှင့် ပါးစပ်ပိတ်လိုက်မိတော့၏။

"ဒါပေမဲ့ ဒီချောင်းသာရောက်တော့ အဲ့ဒါတွေအားလုံး ပြောင်းပြန်ဖြစ်ကုန်တယ်။ မင်းပြေးနေတဲ့မြင်ကွင်း၊ နောက်ပြီး ငါတို့ ရေချိုးခန်းထဲမှာ ပိတ်မိတုန်းက၊ နောက်ပြီး မင်းရေနစ်တုန်းက . . ."

သူပြောရင်း မျက်ရည်ဝေ့လာပြန်၏။

"သေချာတာကတော့ မင်းကို ငါအဆုံးရှုံးမခံချင်ဘူး။ မင်းကို လုံးဝသွားခွင့်မပြုနိုင်ဘူး"

"ဒါပေမဲ့ . . ."

"မင်းပါးစပ်ပိတ်ထားပါ နှိုင်းရမေမေရယ်။ နော် . . ."

"ဟုတ် . . ."

"ဒီတော့ ငါ့ကိုလက်ထပ်ပါ နှိုင်းရမေမေ။ အခုန လက်ထပ်ပွဲလေးကို အသစ်ပြန်လုပ်ပြီး ငါတို့ အစစ်လက်ထပ်ကြမယ်။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ငါ့အချစ်စစ်စစ်တွေကို သက်သေပြပြီး တစ်သက်လုံးနေထိုင်သွားကြမယ်လေ နော် . . .”

သူ မျက်ရည်ဝေ့ရင်း တောင်းခံလိုက်သောတောင်းဆိုမှုကြောင့် ကားထဲရှိလူများပါ သူ့ကို သနားမိကြတော့သည်။ သူမကတော့ အကျင့်အတိုင်း အကွန့်တက်ချင်နေသေး၏။

“ဒါပေမဲ့ မဖြစ်ပါဘူး။ အခုနပဲ ရှင်ဒီလောက်မုန်းနေတဲ့မိန်းမကို ရှင် ဘယ်လိုလုပ် တစ်သက်လုံးပေါင်းသင်းမှာလဲ? ကျွန်မတို့ မဖြစ်နိုင်ဘူး သားကိုကို”

“သေချာလား နှိုင်းရမေမေ”

“သေချာတယ်”

“ဒါဆို အခု ဒီကားကြီးနဲ့မင်းပါသွားရင် ငါတို့နောက်တစ်ခါ ဒီလိုမျိုးအခွင့်အရေး ထပ်မရတော့ဘူးနော်”

“အင်းပါ . . . သိတယ်”

“ငါ့ရဲ့အချစ်စစ်တွေကို သက်သေပြပြီး . . .”

“မဖြစ်နိုင်ပါဘူး သားကိုကို။ ဒီတော့ ရှင် လက်လျှော့လိုက်ပါတော့”

သူမ လက်သာလျှော့ခိုင်းနေ၏။ သို့သော် သူမမျက်ဝန်းတွင် မျက်ရည်များပြည့်လို့၊ နက်လို့။

“နောက်တစ်ခါ ဒီအခွင့်အရေးမရတော့မှာကို မင်းမကြောက်ဘူးလား”

“ဟင့်အင်း . . . မကြောက်ဘူး”

ဖြေလိုက်သည့် သူမနှုတ်ခမ်းများ တုန်ယင်နေ၏။ သို့သော် သူမည်သို့ပင်ပြောပြော သူမ မျက်ရည်ကျနေတာကလွဲပြီး မည်သို့မျှမတုံ့ပြန်။ သူ လက်လျှော့ရတော့မည်ပင်။

“နှုတ်ဆက်ခဲ့ပါတယ် သားကိုကို။ ရှင် ကားပေါ်ကဆင်းပါတော့”

သူ မျက်လုံးများပြူတ်ထွက်မတတ် မျက်ရည်များကျရင်း ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com

ကာ ကားပေါ်မှဆင်းခဲ့ရပါတော့သည်။ သူဆင်းသွားသည်နှင့် Express ကားကြီးသည် သူ့ဘေးမှ 'ဝေါ'ခနဲ မောင်းထွက်သွားပါသည်။

ကားအောက်မှ သူ့ပရိတ်သတ်ကလည်း သူနှင့်သူမပြန်ဆင်းလာမည်ကို မျှော်လင့်နေသော်လည်း တကယ်တမ်းကျတော့ သူတစ်ယောက်တည်းသာ ပြန်ဆင်းလာခဲ့သောကြောင့် အားလုံး မျက်နှာလေးတွေငယ်လို့၊ မျက်ရည်ဝေ့လို့၊ မျက်ရည်ကျလို့။ သူလည်း ခေါင်းကြီးငိုက်စိုက်ကျလို့။

"သားရယ် . . . မင်းကလည်း ညံ့လိုက်တာ"

ဒေါ်ဆွေလှိုင်းက အားမလိုအားမရနှင့် သူ့ကိုပြော၏။ သူလည်း လက်ပမ်းကျနေပြီပင်။ ဘာမှမပြောနိုင်တော့။ ထိုစဉ် Express ကားကြီးသည် သိမ့်ခနဲဖြစ်ရင်း ရပ်တန့်သွားလေတော့သည်။ သူ မျှော်လင့်ကြီးစွာ ကားကြီးကိုလှမ်းကြည့်နေမိ၏။ ရုပ်ရှင်ကားတွေထဲကလို မင်းသမီးက နောင်တရပြီး ကားပေါ်မှဆင်းလာမလားလို့ပေါ့။ သို့သော် ကားပေါ်မှဆင်းလာသူက ကားစပယ်ယာ။

"ကားဘီးပေါက်သွားပြီ ဆရာ"

တဲ့။ သူ သက်ပြင်းမောချလိုက်ရပါ၏။ သူမ မည်သို့မျှ လာတော့မည်မဟုတ်။ သူ စိတ်ဓာတ်ကျပြီး ဦးမိုးမြင့်ကားရှိရာသို့ လှမ်းနေခိုက်...

"သားရေ . . . ဘယ်လိုလုပ်မလဲ ?။ ဒီနေ့ ရန်ကုန်ကို အရောက်ပြန်မှဖြစ်မှာ။ လောလောဆယ် မေမေအရမ်းဝမ်းနည်းနေလို့ သားချော့ပေးစမ်းပါကွယ်"

ဟူသော အသံသေးသေးလေးကြောင့် သူ့ခေါင်း ဆတ်ခနဲပြန်ထောင်သွားပြီး လှည့်ကြည့်လိုက်သော် မျက်ရည်များနှင့်ပြုံးနေသော သူမကို တွေ့လိုက်ရ၏။

"လူညံ့ . . . တစ်ခါတည်းငြင်းတာနဲ့ လက်လျှော့စရာလား?"

ဟုပြောပြီး သူမ သူ့ထံသို့ ပြေးလာခဲ့ပါတော့သည်။ သူ့အနားသို့ ရောက်သော် . . .



www.burmeseclassic.com

www.burmeseclassic.com

"ကြောက်လို့။ တစ်သက်လုံး တစ်ယောက်တည်းနေသွားရမှာ ကြောက်လို့။ နောက်ပြီး မေမေက Assistant သားကိုကိုမရှိဘဲနဲ့ မနေတတ်တော့ဘူး"

ဟုပြောကာ သူ့ကိုဖက်လိုက်ပါ၏။ သူ ပျော်ရွှင်လွန်းစွာဖြင့် သူမကိုယ်လေးကိုဖက်ကာ ဆွဲမြှောက်လိုက်စဉ် ကားဂိတ်ထဲကရော၊ ကားပေါ်ကလူများကပါ 'ဟေး'ခနဲ အသံကြီးနှင့်အတူ လက်ခုပ်သြဘာများကိုပါ ချီးမြှင့်လိုက်ကြပါတော့သည်။

"သားရဲ့အချစ်စစ်တွေကို မေမေ လျစ်လျူမရှုရက်ပါဘူးကွယ်"

သို့နှင့် သူတို့၏ ပျက်လုဆဲဆဲမင်္ဂလာပွဲလေးကို ကျန်ရစ်သည့်ဧည့်သည်အချို့နှင့်ပင် ပြီးဆုံးအောင်ကျင်းပလိုက်ကြပါသည်။ ထိုစဉ် ကမ်းခြေမှတိုက်ခတ်နေသော လေနုအေးအေးလေးများကလည်း လူတိုင်းရင်ထဲတွင် ကြည်နူးသွားစေနိုင်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အချစ်စစ်ကိုသာ သက်သေပြုပါ၏

ခေတ်သစ်လူသားတွေက
အာဒံမှာသာ ဧဝနဲ့အတူ နောက်တစ်ယောက်ရှိနေရင်
ဧဝကို ချစ်နိုင်ပါ့မလားတဲ့။
အာဒံ ဘယ်လိုပြန်ဖြေလိမ့်မယ်လို့ အသင်ထင်ပါသလဲ?
အာဒံက ဧဝနှင့်အတူ မိုနာလီဆာပင် ရှိနေပါစေတဲ့
ဧဝကိုသာ ချစ်မိမှာပါတဲ့။
ကံကြမ္မာကြီးကိုက အာဒံနှင့်ဧဝရဲ့ဖူးစာကြိုးကို
ခိုင်မာစွာ ချည်နှောင်ပေးပြီးသားဖြစ်နေပါ၏။
သို့တည်းမဟုတ်
တခြားဘယ်သူမှ မရှိခြင်းသည်က
အာဒံနှင့်ဧဝကို နီးစပ်အောင်
ဖန်တီးထားခြင်းပင် ဖြစ်နိုင်သေး၏။
သို့သော် ဧဝကတော့
အာဒံဆိုသော ကောင်လေးကြောင့်ပင်
ရင်ခုန်တတ်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အာဒံသည်လည်း ဧဝကြောင့်ပင်
အချစ်ကို သိရှိခဲ့ရပြန်၏။
ကံကြမ္မာကြီးက သတ်မှတ်ပေးထားသည့်
ကြင်ဖော်နှလုံးသားတစ်စုံကို
အသင့်လက်နှင့်ခွဲလျှင်
ခွဲနိုင်မည်မဟုတ်။
ထို့ကြောင့် ထိုကြင်ဖော်နှစ်ဦးသည်
သက်ထက်ဆုံး
ပေါင်းသင်းနေထိုင်ပြီး
မြေးမြစ်များနှင့်
ဘဝကို ဝေဝေဆာဆာ
ဖြတ်သန်းသွားပါလေတော့သတည်း။ ။

သင့်ရင်ထဲမှ "တစ်နေရာစာလေး" အတွက်
**ချူးချူး**

www.burmeseclassic.com